www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင် စာပေ



၈၉၅.၈၃

တြိစတ္တ
ကိုးသချိုင်းသဲသေသား/တြိစတ္တ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၅၆ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိစတ္တ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင်စာပေ၊

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
(ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး


- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com



www.burmeseclassic.com

# စာရေးသူ၏အမှာစာ

(၂၀၁၂)ခုနှစ် ဩဂုတ်လတွင် ကျွန်တော်ရဲ့ပထမဆုံးလုံးချင်း ဝတ္ထု "စက္ကူပါလာသံသေမား" ဝတ္ထုထွက်ခဲ့ပါတယ်။ ယခု (၁၀)နှစ်ခန့် ကြာတော့ (၂၀၁၂)ခုနှစ်မှာ "ကိုးသချိုင်းသံသေမား" ကို ရေးဖြစ်ခဲ့သောကြောင့် ကျေနပ်မိပါတယ်။ ဆယ်နှစ်ဆယ်မိုး ကျွန်တော်ရေးသားခဲ့သော ဝတ္ထုများကို အစဉ်တစိုက် လက်ခံအားပေးနေကြသော ကျွန်တော့် စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီဝတ္ထုဟာ အထူးထုတ်မဟုတ်သော်လည်း အထူးထုတ်ကဲ့သို့ပင် ကြိုးစားရေးသားခဲ့ပါတယ်။

ယခင်က ဆရာကြီးမှုဝံရေးသားသည့် "ကိုးသချိုင်းမား" ဝတ္ထု ရှိပါတယ်၊ နာမည်ဆင်သော်လည်း ဇာတ်လမ်း ဇာတ်ကွက်မှာ ကျွန်တော့်ကိုယ်ပိုင်ဇာတ်လမ်းဖြစ်ပါတယ်။

ဒီဝတ္ထုကိုရေးသားရာ မြန်မာမားနှင့်ပတ်သက်သည့် အချက် အလက်များကို (၁၉၈၀) ပြည့်နှစ် စာပေဗိမာန်မှဆုရခဲ့သော "ဆရာကြီး မင်းယက္ခ" ၏ "မြန်မာ့မား" မှ အချက်အလက်များကို ကိုးကား ရေးသားခဲ့ရပါကြောင်း ဝန်ခံပါတယ်။

ယခင်က ကျွန်တော့်ထံသို့ စာရေးဆက်သွယ်ကြသူများမှာ (၂၂၆) ဘုရင့်နောင်လမ်း၊ မရမ်းကုန်းမြို့နယ် လိပ်စာနှင့် ဆက်သွယ်ကြရာမှ..ယခု အောက်ပါလိပ်စာအတိုင်း စာရေးဆက်သွယ်နိုင်ကြပါကြောင်း အသိပေးပါတယ်။

ဆရာတြိစက္က
အမှတ် (၂၂၁/၂၂၃) (ပထမထပ်)၊
(၃၁)လမ်း အထက်လမ်း၊ စင်ထရယ်ဟိုတယ်အနီး၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊
စာဖတ်သူများ မေတ္တာရိပ်အောက်မှ....

(တြိစက္က)

www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနံ့လက်ဆောင်

❖ စွမ်းရည်ဆိုတာ လူတစ်ယောက်၏
ဆောင်ရွက်နိုင်မှုဖြစ်သည်၊
သူ့ဘယ်လောက်စွမ်းဆောင်နိုင်တယ်ဆိုတာ
စေတနာနဲ့ လုပ်ဆောင်မှုက
သက်သေခံပေးရတယ်။

❖ အချစ်ကြောင့်ကျတဲ့မျက်ရည်နဲ့တော့
မျက်လုံးကို မဆေးကြောပါနဲ့၊
ခွဲခွာခြင်းနဲ့ကြုံလာခဲ့ရင်
မျက်ရည်ခန်းခြောက်နေတတ်ပါတယ်၊

❖ လူတစ်ယောက်ရဲ့တန်ဖိုးကို
ဝင်သက်များနဲ့မတိုင်းတာပါနဲ့
ထွက်သက်များဖြင့်သာ တိုင်းတာကြရပါမယ်၊
နောက်ဆုံးအချိန်အထိ
သူ ဘာတွေကောင်းအောင်
လုပ်ပေးခဲ့တယ်ဆိုတာ
သူ့တန်ဖိုးဖြစ်ပါတယ်။

BURMESE CLASSIC .com

# ဒဿယနံ့လက်ဆောင်

❖ အခြားသူတစ်ဦးတစ်ယောက်ထံမှ
အကောင်းဆုံးကိုလိုချင်တယ်ဆိုရင်တော့
အရင်ဆုံး သင့်ဆီကအကောင်းဆုံးတွေကို
အရင်းအနှီးပြုပေးရပါမယ်၊
အကောင်းဆုံးမပေးဘဲနှင့်
အကောင်းဆုံးရနိုင်မည်မဟုတ်ပါချေ။

❖ ပန်းပင်စိုက်ထားပြီး ရေမလောင်းဘဲထားလျှင်
ခြောက်သွေ့ကာသေဆုံးသွားနိုင်သလို
အချစ်ကိုပျိုးထောင်ရုံနှင့်မပြီးပေ..၊
ရှင်းရှင်သန်မှုအတွက် လိုအပ်သောပံ့ပိုးမှုများ
ဂရုတစိုက်ပြုလုပ်ပေးကြရသည်၊

❖ မော်အတတ်ပညာဆိုတာ
ထင်ယောင်ထင်မှားဖြစ်စေတတ်ပါတယ်၊
အချစ်ဆိုတာလည်း
နားမလည်သူတွေအတွက်တော့
ကြောက်စရာကောင်းတဲ့
လှည့်ဖြားမှုတစ်ခုပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

❖ ခွဲခွာခြင်းကြောင့်မျက်ရည်ကျရတာကို
အချစ်လို့မသတ်မှတ်သင့်ပါချေ။
ငယ်စဉ်ကဖြစ်ချင်တာမဖြစ်ခဲ့လို့
မျက်ရည်ကျရတာတွေကို ပြန်တွေးကြည့်ပါ။

❖ လူတစ်ယောက်ဆီက
အချစ်တွေဘယ်လောက်များများရမယ်လို့
မမျှော်လင့်ပါနဲ့
သင့်ဆီကပေးနိုင်သလောက်ပေးလိုက်ပါ
တုံ့ပြန်မှုတစ်ခုတော့ ရရှိလာနိုင်ပါတယ်...။

❖ တန်ဖိုးဆိုသည်မှာ
မူလအနေအထားအတိုင်းပင်ရှိနေပါသည်။
အသုံးချတတ်သူအတွက်တော့
တန်ဖိုးမြင့်နေပြီး
အသုံးမချတတ်သူမှာတော့
တန်ဖိုးနိမ့်ကျစေပါသည်။

BURMESE CLASSIC .com

# ဒဿနလင်္ကာဆောင်

❖ တန်ဖိုးရှိသော သစ်သားတစ်တုံးကို
ရသူချင်းအတူတူ..
အတုံးလိုက်ရောင်းချသူနှင့်
ပန်းပုထုလုပ်ပြီးမှရောင်းချသူနှစ်ဦးတို့မှာ
အကျိုးအမြတ်ရရှိသည့်ချင်းလည်း
မတူနိုင်ပါချေ။

❖ အချိန်သည် အရာအားလုံးကို
ဖြစ်စေနိုင်ပါသည်။
အချိန်ကို လူတိုင်းပိုင်ဆိုင်ခွင့်ရနိုင်သည်။
သို့သော်..ခွဲဝေသုံးစွဲမှုချင်းမတူသလို
ရရှိသောအကျိုးအမြတ်ချင်းကလည်း
ကွာခြားနေပေလိမ့်မည်။

❖ အိမ်ထောင်ရေးတစ်ခု၏အနာဂတ်မှာ
ပျော်ရွှင်မှုများရလိုပါလျှင်
ချစ်ခြင်းမေတ္တာနှင့် အသိဉာဏ်ပညာ..
မျှတအောင်ပေါင်းစပ်နေထိုင်ပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ

အခန်း(၁) – သွေးဆာနေသောမိစ္ဆာဝိညာဉ်ဓား
အခန်း(၂) – ရာဇဝင်တွင်ခဲ့သောဓားများ
အခန်း(၃) – အမှောင်ထဲမှသွေးကြွေးဆပ်သူများ
အခန်း(၄) – ကဝေမှော်ရှာမှပဟေဠိပုစ္ဆာ
အခန်း(၅) – ထမန်းမျိုးနွယ်တို့၏ရန်ငြိုး
အခန်း(၆) – ဒေါက်တာမင်းထင်ကျော်နှင့်
ပွဲဦးထွက်အတွေ့အကြုံ
အခန်း(၇) – နီမောင်နှင့်ဒေါက်တာမင်းထင်ကျော်
အခန်း(၈) – အချစ်ကြီးသူ၏ရန်ငြိုး
အခန်း(၉) – အမှောင်ရိပ်တွင်းမှလှူသတ်ကောင်
အခန်း(၁၀) – ထမန်းကျားလား သမန်းကျားပေလား
အခန်း(၁၁) – ကိုယ့်အတတ်နှင့်ကိုယ်စူးသောပရော်ဖက်ဆာ
အခန်း(၁၂) – ဒေါ်မင်းဇာနှင့်ထမန်းမျိုးနွယ်တို့အကြောင်း
အခန်း(၁၃) – ကမ္ဘာပေါ်မှာထင်ရှားသောဓား(၁၀)လက်
အခန်း(၁၄) – ကိုးသချိုင်းမှသံသေရရှိခြင်း
အခန်း(၁၅) – ချစ်သူတို့အတွက်မေတ္တာလမ်း
အခန်း(၁၆) – အန္တရာယ်စက်ကွင်းမှလွတ်မြောက်ကြခြင်း



# အခန်း(၁)

## သွေးဆာနေသောမိစ္ဆာဝိညာဉ်ဓား

ကျွန်ုပ်အနေဖြင့် ဂမ္ဘီရဆန်းကြယ်ဟူသော အကြောင်းအရာများအောက်၌ လုံးချင်းဝတ္ထုများ ရေးသားခဲ့ရာ အုပ်ရေအတော်အသင့် များခဲ့ပေပြီ။

ထိုသို့ရေးသားရာမှာ အကြောင်းအရာအမျိုးမျိုးတို့ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးသားခဲ့ရပါသည်။

မိမိရေးသားသော အကြောင်းအရာများနှင့် ပတ်သက်၍လည်း ခိုင်မာမှုရှိစေရန် အမြဲတစေ ကြိုးစားရပေသည်။ နိုင်ငံရပ်ခြားမှ ရေးသားထုတ်ဝေသော အကြောင်းအရာများ အ



www.burmeseclassic.com

www.burmeseclassic.com



ပြင် မြန်မာနိုင်ငံအတွင်းမှ ရှေးခေတ်အဆက်ဆက်မှ ဆရာကြီး၊ ဆရာမကြီးတို့ ရေးသားခဲ့သော စာအုပ်များကိုလည်း လေ့လာဖတ်ရှုရသည်။

အင်တာနက်မှရရှိနိုင်သော ကမ္ဘာအရပ်ရပ်မှ ထူးခြားဆန်းကြယ်သော အကြောင်းအရာများကိုလည်း ရှာဖွေစုဆောင်းရသည်။

သို့ပြင် အချိန်ရသည်နှင့် ဝတ္ထုနှင့်သက်ဆိုင်သော နေရာများ၊ အကြောင်းအရာများကို သွားရောက်လေ့လာကြည့်ရှုရသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ဝန်းကျင်အချိန်ခန့်က နယ်လှည့်အယ်ဒီတာဘဝဖြင့် နေရာအနှံ့သို့ရောက်အောင် သွားလာခဲ့ဖူးသော်လည်း ယခု အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ပြောင်းလဲမှုများ ရှိနေတတ်သည်။

အချို့နေရာများတွင် မိမိရောက်ခဲ့စဉ်က အကြောင်းအရာများ၊ အရာဝတ္ထုများ မရှိတော့ဘဲ အခြားအကြောင်းအရာများ၊ အရာဝတ္ထုအသစ်များ ပေါ်ပေါက်နေတတ်ပါသည်။

သို့ကြောင့် မိမိရေးသားသော အကြောင်းအရာများကို သေချာစွာသိချင်လျှင် သက်ဆိုင်ရာနေရာများသို့ သွားရောက်လေ့လာခြင်းကတော့ အကောင်းဆုံးပင်ဖြစ်ပေသည်။

သို့သော်လည်း ရှေးကအကြောင်းအရာများကိုတော့ ယခုအခါ ဘယ်လိုမှ ပြန်မရနိုင်တော့ပေ။

မြန်မာနိုင်ငံ ဗြိတိသျှနယ်ချဲ့များလက်အောက်သို့





ရောက်နေစဉ်အချိန်က မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် သစ်တောကြီးများ လူတိုးမပေါက်အောင် ရှိခဲ့ကြပေသည်။

ထိုသစ်တောကြီးများထဲမှာ သားရဲတိရစ္ဆာန်မျိုးစုံတို့လည်း ပေါများလှသည်။

အထက်ပိုင်း ကချင်၊ ချင်း၊ ရှမ်း စသောမြောက်ပိုင်းဒေသမှ သစ်တောကြီးများမှာ ညို့နေခဲ့သည်။ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမဟုခေါ်သော မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းထားသော ရိုးမတောင်တန်းကြီးများနှင့် သစ်တောကြီးတို့မှာ မြန်မာနိုင်ငံ၏ လှပတင့်တယ်မှုကို ပေးခဲ့ကြသည်။

ရေငန်ပိုင်းဒေသမှ ပြင်ဒရယ်သစ်တော၊ မိန်းမလှကျွန်းသစ်တော၊ ပြင်စလူသစ်တောကြီးများမှာလည်း ဒီရေတက်ရာဒေသများ၏ အလှအပများဖြစ်ခဲ့ကြသည်။

ယခုအချိန်ကျမှ ထိုသစ်တောကြီးများအကြောင်း ရေးသားချင်၍ ထိုနေရာသွားလျှင်တော့ သစ်တောကြီးများ မတွေ့ရတော့ဘဲ လယ်ကွင်းများသာ တွေ့ရပေတော့မည်။

ယခင်ကနာမည်ကျော်ခဲ့သော မိန်းမလှကျွန်းပေါ်မှာ စီမံကိန်းဖြင့် ကန့်သတ်ထားသောကြောင့် သစ်ပင်အနည်းငယ်မျှသာ ကျန်တော့ပြီး အခြားနေရာများမှာတော့ လယ်ကွင်းများနှင့် ရွာများက နေရာယူထားခဲ့ကြပေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်ဝန်းကျင်အချိန် ပြင်ဒရယ် သစ်တောများအတွင်း၌ ထင်းပွဲစခန်းများ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်စဉ်က ထိုနေရာများမှာ နေထိုင်ခဲ့ရသော ပုံရိပ်တို့မှာ ယခုတော့ အိပ်မက်တစ်ခုကဲ့သို့ ဖြစ်နေတော့သည်။

ရှေးအခါက မည်သည့်နေရာကိုသွားသွား၊ ထူးခြားဆန်းကြယ်သောအကြောင်းအရာများက နေရာအနှံ့မှာ တွေ့ရနိုင်ပါသည်။

ကျွန်ုပ်ဘဝတစ်လျှောက်လုံးတွင် တွေ့ခဲ့ရသော၊ ကြုံခဲ့ရသော အကြောင်းအရာအဖြစ်အပျက်တို့ကို ယခုအခါ ဝတ္ထုများပြန်လည်ရေးသားသောအခါတွင် မသိ၊ မမီလိုက်ကြသည့် စာဖတ်ပရိသတ် လူငယ်လူရွယ်တို့ ဗဟုသုတအဖြစ် သိမှတ်ကြရလေသည်။

ကျွန်ုပ်စာရေးသားရာတွင် အဓိကထားသော အကြောင်းအရာများမှာ ဆန်းသစ်သောဗဟုသုတများကို စာဖတ်သူများရရှိစေရန်ပင်ဖြစ်ပါသည်။

တစ်ခါတစ်ရံ ပြန်လည်အသုံးချ၍ရသော အကြောင်းအရာများပါသလို တစ်ခါတလေမှာလည်း မှတ်သားထားရမည့် အကြောင်းအရာမျိုးစုံတို့ ပါဝင်ခဲ့ပေသည်။

အများအားဖြင့်တော့ စာဖတ်ပရိသတ်အတွက် အကျိုးရှိစေနိုင်သော အကြောင်းအရာများပင် ဖြစ်ပေသည်။

ကျွန်ုပ်ရေးသားခဲ့သော အကြောင်းအရာအတော်များများထဲတွင် 'မြား' နှင့်ပတ်သက်သော အကြောင်းအရာအချို့လည်း ပါဝင်ခဲ့ပေသည်။

မြားနှင့်ပတ်သက်သည့် အကြောင်းအရာများမှာ ကျွန်ုပ်





နှင့် အကျိုးပေးခဲ့သည်ဟုလည်း ဆိုနိုင်ပေသည်။

ကျွန်ုပ်လုံးချင်းအနေဖြင့် စတင်ရေးသားခဲ့သည့် ဝတ္ထုမှာ 'စက္ကောပါလသံသေမြား' ဟူသောမြားနှင့်ပတ်သက်သည့် ဝတ္ထုဇာတ်လမ်းပင်ဖြစ်သည်။

ထိုဝတ္ထုမှာ (၂၀၀၂)ခုနှစ်က မြိတ်စာပေမှထုတ်ဝေပေးခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်းတော့"မရဏမှော်ဝင်မြား"ဟု ရေးခဲ့ရာ အောင်မြင်စာပေမှ ထုတ်ဝေခဲ့သည်။ ကျွန်ုပ်၏ ဂမ္ဘီရဆန်းကြယ်စာပေလမ်းကို 'မြား'ဇာတ်လမ်းဖြင့် အစပြုခဲ့ရသည်ကတော့ အမှတ်တရ ရှိစေပါသည်။

နောက်ပိုင်းတော့ မြားနှင့်ပတ်သက်သော လုံးချင်းစာအုပ်မျိုးတော့ မရေးဖြစ်တော့ပေ။

တစ်နေ့မှာတော့ 'မြား'နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ပုဒ်ကို ဖတ်ရှုရလေသည်။ မကြာသေးခင် အချိန်ကမှ ဖြစ်ပွားခဲ့သော အမှုအခင်းတစ်ခုလည်း ဖြစ်သည်။

ထိုသတင်းကို အပြည့်အစုံရေးသားဖော်ပြထားရာ မြားနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာအချက်အလက်များ ပါဝင်သဖြင့် မူရင်းရေးသားထားသော သတင်းအတိုင်း ပြန်လည်ဖော်ပြပေးလိုက် ပါသည်။

(၂၇. ၆. ၂၀၁၂) နေ့ထုတ် Weekly Eleven ဂျာနယ် စာမျက်နှာ(၁၃)တွင် ဖော်ပြထားသည့်သတင်းကို ကောက်နုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါမည်။

ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်တစ်ခု၌ တည်းခိုနေသူ တောင်ကိုရီးယားနိုင်ငံသူတစ်ဦး ထိုးသွင်း၊ လှီးဖြတ် ဒဏ်ရာများဖြင့် သေဆုံးမှုကြောင့် ကျူးလွန်သူ ၎င်း၏အမျိုးသားကို အရေးယူထားကြောင်း သိရှိရပါသည်။

(၂၀၁၂)ခုနှစ် ဖွန်လ(၂၀)ရက်နေ့ နံနက်ပိုင်းအချိန်တွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် နတ်မောက် ရွှေဂုံတိုင်လမ်း အမှတ်(၁၃၀)ရှိ ယုဇနဟိုတယ် အခန်း(. . .)တွင် တည်းခိုနေထိုင်သူ တောင်ကိုရီးယားနိုင်ငံသား Mr. Kjmhyeong-Toek (၅၇)နှစ်၊ ကရိန်းယာဉ် မောင်းသူသည် ၎င်းနှင့်အတူ တည်းခိုနေထိုင်သော ဇနီးဖြစ်သူ Mrs. Kimpun-Nan (၅၅)နှစ်အား. . . ရုတ်တရက် စိတ်မူမမှန်ဖြစ်ကာ အရိုးအသွား (၁၂)လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးခြင်း၊ လှီးဖြတ်ခြင်းများ ပြုလုပ်ခဲ့၍ ဇနီးဖြစ်သူ သေဆုံးခဲ့သည်။

ယင်းကဲ့သို့ပြစ်မှုကျူးလွန်သူ ကိုရီးယားနိုင်ငံသားကို ဗဟန်းရဲစခန်းမှ (ပ)၁၉၇/၂၀၁၂ ပုဒ်မ(၃၀၂)ဖြင့် အမှုဖွင့်ပြီး အမှုစစ်ကာ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သေဆုံးသူ၏ခန္ဓာကိုယ်အား စစ်ဆေးရာတွင် ယာမျက်လုံးနှင့် နှာခေါင်းရိုးကြား ထိုးသွင်းဒဏ်ရာတစ်ချက်၊ အပေါ်နှုတ်ခမ်းဘေး ပြတ်ရှဒဏ်ရာ တစ်ချက်၊ လည်ပင်းတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာညှပ်ရိုးအပေါ်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ လည်ပင်းအောက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ရင်ညွန့်





၌ ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲဘက်ရင်အုံဘေး၌ ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝမ်းဗိုက်တွင်ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝမ်းဗိုက်တွင် ခြောက်လက်မခန့် ကန့်လန့်လှီးဖြတ်ဒဏ်ရာ တစ်ချက်၊ ဆီးခုံတစ်လျှောက် ချက်မှ အမျိုးသမီးအင်္ဂါအထိ (T)ပုံသဏ္ဍာန် ထိုးခွဲဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့မှ စကားပြန်များ၏အကူအညီဖြင့် စစ်ဆေးခဲ့ရာ (၂၀၁၂)ခုနှစ် ဖွန်လ (၁၆)ရက်နေ့တွင် ဗီယက်နမ်လေကြောင်းလိုင်းဖြင့် ရန်ကုန်သို့ ရောက်ရှိလာပြီး ယုဇနဟိုတယ်တွင်တည်းခိုကာ (၁၇)ရက်နေ့တွင် ပုဂံသို့သွားခဲ့ကြောင်း၊ (၁၈)ရက်နေ့တွင် အင်းလေးသို့ သွားရောက်ခဲ့ရာ ခေါင်တိုင်ရွာဈေးတွင် အရိုးအသွား (၂၅)စင်တီမီတာခန့်ရှည်သော ကနုတ်ပန်းအရိုးနှင့်ဓားအိမ်ပါ ဓားဦးချွန်တစ်ချောင်းအား အမေရိကန်ဒေါ်လာ(၂၀)ဖြင့် ဝယ်ခဲ့ကြောင်း၊

ယင်းဓားဝယ်ရခြင်းမှာ ကွယ်လွန်သွားသော အစ်ကိုဖြစ်သူက အမှတ်တရဝယ်ရန် မှာသည်ဟု စိတ်၌ခံစားရ၍ ဝယ်ခြင်းဖြစ်ကြောင်း၊

ကားပေါ်ရောက်မှ ဓားဝယ်လာသည်ကို ဇနီးတွေ့၍ မလိုလားကြောင်းပြောသော်လည်း အိတ်အတွင်းဝှက်ကာ သယ်ယူလာခဲ့ပြီး (၁၉)ရက်နေ့တွင် ရန်ကုန်သို့ပြန်ရောက်၍ ယုဇနဟိုတယ်အခန်း(. . .)၌ တည်းခိုခဲ့ကြောင်း စစ်ဆေးချက်အရ သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ယင်းနေ့တွင် ဇနီးသည်မှာ ည(၁၀)နာရီခန့်မှာ စ၍အိပ်နေသည်ကို ထိုင်ကြည့်နေပြီး ဇနီးဖြစ်သူ အိပ်ပျော်ပြီး တစ်နာရီခန့်အကြာတွင် ၎င်းလည်းအိပ်ပျော်ခဲ့ကြောင်း၊ မအိပ်မီ အရက်၊ ဆေးဝါး သောက်သုံးထားခြင်း မရှိကြောင်း။

(၂၀)ရက်နေ့ နံနက်(၂)နာရီခန့်တွင် အပေါ့သွားလိုသဖြင့် သွားပြီး ပြန်အိပ်မရသဖြင့်ထိုင်နေစဉ် (၃)နာရီခန့်တွင် ၎င်းမှ အသံနက်ကြီးဖြင့်အော်ရာ ဇနီးဖြစ်သူလန့်နိုးလာပြီး 'ဘာဖြစ်တာလဲ' ဟုမေးရာ ၎င်း၏အမူအရာအားကြည့်၍ ကြောက်လန့်ပြီး တံခါးဝဘက်သို့ ထွက်ပြေးသဖြင့် ၎င်းမှလိုက်ဖမ်းလေရာ ပြေးသွားရင်းနှင့် တံခါးပေါက်နှင့် (၅)ပေခန့်အကွာ၌ ဖမ်းမိသွား၍ အနီးဝန်းကျင်သို့ကြည့်ရာ ၎င်း၏ ခရီးဆောင်အိတ်မှာပွင့်နေပြီး ဓားတွေ့သဖြင့် ဓားယူပြီးဇနီးသည် ဝမ်းဗိုက်ကို ဓားဖြင့်ထိုးရာ ဇနီးဖြစ်သူ 'Mrs. Kimpun-Nan' မှာ ယင်းနေရာမှာပင် လဲကျသွားရာ ဓားဖြင့်အချက်ပေါင်းများစွာ ထိုးသွင်းခြင်း ပြုလုပ်ခဲ့ကြောင်း၊

ဓားအား မည်သို့ထားလိုက်သည်ကိုလည်း မသိတော့ကြောင်း၊ ထိုသို့ပြုလုပ်ပြီး အခန်းပြင်ထွက်၍ အခန်း(. . .)တွင် တည်းခိုနေသည့် 'Mr Lee Jong Kwon'နှင့်ဇနီးအား ၎င်းမှ ၎င်း၏ဇနီးကို ဓားဖြင့်သတ်ခဲ့မိ၍ မည်သို့ဆက်လုပ်ရမည်ကို မေးမြန်းခဲ့ကြောင်း"

အစရှိသောမှုခင်းနှင့်သက်ဆိုင်သော အကြောင်းအရာ အချက်အလက်များကို အကျယ်တဝင့်ရေးသားဖော်ပြထားလေ





သည်။

ထိုအကြောင်းကိုဖတ်ပြီးသောအခါ ကျွန်ုပ်စိတ်ဝင်စားသောအချက်မှာ ဓားနှင့်ပတ်သက်သော အကြောင်းအရာများပင် ဖြစ်ပေသည်။

ထိုအကြောင်းနှင့်ပတ်သက်သော အကြောင်းအရာတို့ကို မည်သို့မှမှတ်ချက်ပေးရန် အကြောင်းမရှိသော်လည်း မြန်မာနိုင်ငံသည်လည်း ရှေးအခါက ဓားကိုအမြတ်တနိုးထားပြီး သုံးစွဲခဲ့ကြပေရာ ဓားနှင့်ပတ်သက်သည့် ထူးခြားဆန်းကြယ်သော အကြောင်းအရာများစွာတို့ ရှိခဲ့လေသည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားသောအချိန်က ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သော အကြောင်းအရာတစ်ခုပင် ဖြစ်သည်။ ထိုအချိန်က ရှမ်းပြည်နယ်မြောက်ပိုင်းဘက်တွင် မေဂျာဘရော့တန်ဆိုသူက မြောက်ပိုင်းတာဝန်ခံအဖြစ်နှင့် စီမံအုပ်ချုပ်နေလေသည်။

တစ်နေ့တွင် ၎င်းထံသို့ ရှမ်းစော်ဘွားတစ်ဦး ရောက်လာပြီး လက်ဆောင်ပစ္စည်းများ လာရောက်ပေးလေသည်။

ထိုအထဲတွင် ဓားတစ်လက်လည်း အပါအဝင်ဖြစ်သည်။ မေဂျာဘရော့တန်က လက်ဆောင်ပစ္စည်းများကို တစ်နေရာမှာပင် အမှတ်တမဲ့ တင်ထားလေသည်။

ညအချိန်အခန်းထဲမှာ အရက်သောက်နေစဉ် အခြားအခန်းတစ်ခန်းအတွင်းမှ ခြေသံလိုလို ကြားရလေသည်။ ဘာနှတန်လည်း အမှတ်တမဲ့သာ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ခြေသံပါမကတော့ဘဲ အခြားအသံများပါ ကြားလာရသည်။

ထိုအထဲတွင် အမျိုးသမီးတစ်ယောက်၏ စူးစူးဝါးဝါး အော်သံကိုပါ ကြားရလေသည်။

သို့ကြောင့် ဘရော့တန်လည်း အသံများကြားနေရသော ထိုအခန်းရှိရာဘက်သို့ ထသွားပြီးကြည့်လေသည်။

အသံများကြားနေရသောအခန်းမှာ ရှမ်းစော်ဘွားက ပို့သော လက်ဆောင်ပစ္စည်းများ တင်ထားသောအခန်းလည်းဖြစ်သည်။

အခန်းတံခါးဖွင့်လိုက်တော့ အမှောင်ရိပ်ထဲမှာဖြတ်သွားသော မည်းမည်းသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ အလင်းရောင် သိပ်မရှိသဖြင့် သဲသဲကွဲကွဲတော့ မမြင်လိုက်ရပေ။ အခန်းထဲသို့ ဝင်ကြည့်တော့လည်း ဘာမှထူးထူးခြားခြား မတွေ့ရပေ။

သို့ကြောင့် မိမိအခန်းရှိရာသို့ ပြန်လာပြီး အရက်သောက်မြဲ သောက်နေပြန်သည်။

ထိုသို့အရက်သောက်နေစဉ်မှာ နောက်ထပ်အသံများကို ကြားရပြန်လေသည်။

သို့ကြောင့် နေရာမှထသွားပြီး ကြည့်ပြန်လေသည်။

ဒီတစ်ကြိမ်မှာတော့ မည်းမည်းသဏ္ဌာန်ကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရပြီး လက်ဆောင်ပစ္စည်းများ တင်ထားသည့်နေရာဘက်သို့ ဝင်သွားသည်ကိုပါ တွေ့မြင်လိုက်ရလေသည်။





ထို့ကြောင့် ထိုနေရာဘက်သို့လျှောက်သွားပြီး ငုံ့ကြည့်လိုက်သည်။ လက်ဆောင်ပစ္စည်းများကတော့ ထွေထွေထူးထူး မရှိပေ။ ထိုအထဲမှဓားတစ်လက်ကတော့ ထူးထူးခြားခြားရှိနေလေသည်။

ဘရော့တန်က ထိုဓားကိုကောက်ယူပြီး ကြည့်လိုက်သည်။ ဓားအိမ်မှာ နက်မှောင်လျှက်ရှိပြီး အပေါ်မှာ ကနုတ်ပန်းများနှင့် ဘီလူးခေါင်းများပါသည်။

အလျားမှာ နှစ်ပေကျော်ကျော်ခန့်ရှိသော်လည်း အလေးချိန်က အတော်စီးသည်။

ဘရော့တန်က ဓားကိုဓားအိမ်မှထုတ်လိုက်သည်။ ဓားအပြင်သို့ရောက်လာသည်နှင့် တစ်ကိုယ်လုံး စိမ့်ခနဲ ဖြစ်သွားသဖြင့် အနည်းငယ်လန့်သွားသည်။

တစ်စုံတစ်ယောက်က နောက်ဘက်မှ ရေခဲတုံးနှင့် ထိကပ်လိုက်သကဲ့သို့ အေးစိမ့်သွားခြင်းဖြစ်လေသည်။ သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ဓားကိုငုံ့ကြည့်လိုက်လေသည်။

ဓား၏ပုံသဏ္ဌာန်မှာ ငှက်ကြီးတောင် ငါးရှဉ့်ခေါင်းဓားပုံသဏ္ဌာန်ဖြစ်ပြီး သွေးရောင်လွှမ်းကာညို့နေလေသည်။

လက်ထဲမှာကိုင်ထားစဉ်မှာ တစ်စုံတစ်ခု ထူးခြားနေသကဲ့သို့ ခံစားရသည်။

မိမိအား တစ်စုံတစ်ယောက်ယောက်က ချုပ်ကိုင်ထားသကဲ့သို့ ထင်နေမိသည်။

စိတ်ထဲမှာ မသက်သာသဖြင့် လှည့်ကြည့်လိုက်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြင် ဘယ်သူမှမရှိပေ။

အခန်းတစ်ခုလုံးတိတ်ဆိတ်နေလေသည်။

ထို့ကြောင့် စားကို စားအိမ်အတွင်းသို့ ပြန်သွင်းလိုက်သည်။ မရတော့ပေ။

အတွင်းမှတစ်စုံတစ်ခုနှင့် ခံနေသကဲ့သို့ ဘယ်လိုမှ ပြန်သွင်း၍ မရတော့ပေ။

"ဘယ်လိုဖြစ်တာလဲ၊ ထုတ်လိုက်တုန်းက လွယ်လွယ်လေး၊ ထွက်လာပြီး ပြန်သွင်းတော့မရတော့ပါလား. ."

ထိုကဲ့သို့စဉ်းစားနေတုန်း သူ့နောက်ဘက်မှ အသံတစ်သံ ကြားရလေသည်။

"ဒီဓားက ထုတ်ပြီးရင် သွေးသောက်ပြီးမှ အထဲကို ပြန်သွင်းလို့ရတယ်. ."

"ဟင်. ."

အသံကြားရာသို့ ကြည့်လိုက်သောအခါ မည်းမည်းသဏ္ဌာန် လူတစ်ယောက်ကိုတွေ့ရသည်။ ၎င်းက အမှောင်ရိပ်ထဲမှာလက်ပိုက်ပြီး ရပ်နေသော်လည်း သူ့မျက်လုံးများက ဝင်းလက်နေလေသည်။

"မင်းဘယ်သူလဲ"

"ငါက ဒီဓားနဲ့ပတ်သက်တဲ့လူပဲ. ."

ထိုသို့ပြောပြီး ဖျပ်ခနဲပျောက်သွားလေသည်။

ဘရော့တန်လည်း လန့်ဖျပ်သွားပြီး ဓားနှင့်ဓားအိမ်ကို စားပွဲပေါ်ပြန်တင်ပြီး အခန်းထဲမှာလိုက်ရှာသော်လည်း တစ်ယောက်မှ မတွေ့ရပေ. .၊

သူသည် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်သောကြောင့် သေနတ်နှင့်ပတ်သက်သော အကြောင်းများကို ကောင်းစွာသိရှိနားလည်သော်လည်း ဓားနှင့်ပတ်သက်သော အကြောင်းများကို ကောင်းစွာမသိပေ။

နောက်တော့ စိတ်ပျက်လက်ပျက်နှင့် သူနေသော အခန်းရှိရာသို့ ပြန်သွားလေသည်။

သို့စေကာမူ တစ်ဖက်အခန်းမှ ထူးထူးခြားခြားအသံများ ကြားနေရသောကြောင့် ကောင်းစွာအိပ်မရပေ။ အရက်မူးအောင်သောက်ပြီး အိပ်ပြန်တော့လည်း အိပ်မက်မက်နေသလိုလိုနှင့် လူမည်းကြီးကိုတွေ့မြင်ရသဖြင့် ပြန်လန့်နိုးလာလေသည်။

နောက်တစ်နေ့မှာတော့ ထိုဓားကို သံသေတ္တာတစ်လုံးထဲသို့ထည့်ကာ သော့ခတ်ထားလိုက်လေသည်။ ထိုသို့ပြုလုပ်တော့လည်း ဇာတ်လမ်းကမပြီးပေ။ ညအချိန်ရောက်လာသောအခါ လူမည်းကြီးရောက်လာပြီးနောက်. .

"ငါ့ကိုသွေးပေးပါ၊ ငါ့ကိုသွေးပေးပါ. ."

ဟု အသံနက်ကြီးဖြင့် လာတောင်းနေသဖြင့် လန့်နိုးလာလေတော့သည်။

သူနိုးလာသောအချိန်မှာ လူမည်းကြီးက သူ့ခုတင်နံဘေးသို့ ရောက်နေလေပြီ။

"မင်း. . ငါခိုင်းတာလုပ်ရမယ်"

ဟု ပြောပြီး သူ့ကိုယ်ထဲသို့ဝင်လာရာ အတင်းရုန်းဖယ်







www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မရတော့ပေ။

"ငါ့ကိုကယ်ကြပါ . . ငါ့ကိုကယ်ကြပါ"

ဟု အသံနက်ကြီးဖြင့် ဟစ်အော်လိုက်ရာ တစ်ဖက်ခန်းမှာ အိပ်နေသော သူ့မိန်းမရောက်လာသည်။

"ရှင်ဘာဖြစ်နေတာလဲ . ."

ထိုသို့မေးသော်လည်း ဘာမှပြန်မပြောဘဲ မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်နေသဖြင့် မိန်းမလည်း လန့်ပြီး နောက်သို့ ဆုတ်သွားလေသည်။

ထိုအချိန်မှာ တံခါးချပ်က သူ့အလိုလိုပြန်ပိတ်သွားပြီး နောက် သော့ချက်ပါ ကျသွားလေလည်။

မိန်းမက ကြောက်လန့်တကြား တံခါးပြန်ဖွင့်ရန်ကြိုးစားသော်လည်း မရတော့ပေ။

ထိုအခိုက်မှာပင် ဘရော့တန်က ဓားထည့်ထားသော နေရာသို့လျှောက်သွားရာ လူအနီးရောက်သွားသောအချိန်မှာ သေတ္တာအဖုံးက ပွင့်လျက်သားဖြစ်နေသည်။

ထို့ကြောင့် အထဲမှ ဓားအိမ်ချွတ်ထည့်ထားသောဓားကို ကောက်ယူလိုက်လေသည်။

သူ့လက်ထဲမှာ ဓားတစ်လက်ပါလာသည်ကို မြင်သော အခါ အမျိုးသမီးက ကြောက်လန့်တကြားဖြင့် အော်ဟစ် အကူအညီ တောင်းသောကြောင့် အောက်ထပ်တွင် ရှိနေကြသော အစောင့်များ ပြေးတက်လာကြသည်။

ထိုအချိန်မှာပင် ဘရော့တန်က အနီးသို့လျှောက်သွားပြီး





အော်ဟစ်အကူအညီတောင်းနေသော အမျိုးသမီးဦးခေါင်းကို ဓားဖြင့်ပိုင်းချလိုက်ရာ တိကနဲပြတ်ကျသွားလေတော့သည်။

ပြတ်ကျသွားသောဦးခေါင်းမှာ မျက်လုံးအပွင့်သားဖြင့် သူ့ကို တအံ့တဩ မော့ကြည့်နေလေသည်။

ထိုအခိုက်မှ အစောင့်များက အခန်းပေါက်ဝရောက်လာကြရာ အခန်းပေါက်ဝမှာ ဓားတစ်လက်ကိုင်ကာရပ်နေသော ဘရော့တန်ကိုတွေ့ကြရသဖြင့် တအံ့တဩဖြစ်သွားကြသည်။

ထို့နောက်မှာတော့ ဘရော့တန်က လက်ထဲမှဓားဖြင့် လိုက်ခုတ်သောကြောင့် ပြေးကြရသည်။

အချို့ အံ့အားသင့်ပြီး ကြည့်နေမိသော တစ်ယောက် နှစ်ယောက်ပင် သူ့ဓားချက်မိပြီး သေဆုံးခဲ့ရလေသည်။

နောက်မှ အခြားအရာရှိများက သေနတ်ဖြင့်ပစ်ကာ ဖမ်းဆီးရာမှ သေဆုံးသွားလေတော့သည်။ ရှမ်းစော်ဘွားလာပေးသောဓားမှာ မိစ္ဆာဝိညာဉ် ပူးကပ်နေသော ဓားတစ်လက်ဖြစ်ပြီး ဘယ်လိုရည်ရွယ်ချက်မျိုးဖြင့် ပေးသွားခဲ့သည်တော့ ကာယကံရှင်မှသာ သိနိုင်ပေတော့သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

## ရာဇဝင်တွင်ခဲ့သော ဓားများ

ရှေးနှစ်ပေါင်း များစွာကတည်းက မြန်မာတို့သည် ဓားကို အမြတ်တနိုး သုံးစွဲခဲ့ကြလေသည်။

ဓားကို စနစ်တကျပြုလုပ်ပြီး အဆောင်အယောင်အဖြစ် ကိုင်စွဲ အသုံးပြုခဲ့ကြသည်။

ဓားနှင့်ပတ်သက်ပြီးလည်း ဂုဏ်ယူခဲ့ကြသည်။

သမိုင်းဝင်ဓားများကို အမြတ်တနိုး သိမ်းဆည်းထားခဲ့ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မားကို မြတ်နိုးတန်ဖိုးထားသော နေရာအချို့လည်း ရှိပေသည်။ ထိုအထဲတွင် ဂျပန်နိုင်ငံသည် ထင်ရှားကျော်ကြားလှသည်။

ရှေးအခါက ဂျပန်ပြည်တွင် မားလုပ်နည်း၊ ပန်းဘဲလုပ်နည်း အတတ်ပညာများကို ရှင်ဘုရင်(ဧကရာဇ်)များပါ သင်ကြားတတ်မြောက်ထားကြရသည်။

မင်းညီမင်းသား‌များလည်း မားနှင့်ပတ်သက်သည့် ပညာများကို မသင်မနေရ သင်ကြားကြရသော ပညာရပ်တစ်ခု ဖြစ်ခဲ့သည်။

ထိုကဲ့သို့သင်ကြားရသောပညာကို မသင်မနေရ ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ဖူးပေသည်။

ဂျပန်တို့သည် ရန်သူနှင့် ရင်ဆိုင်တွေ့ကြပြီး ရှုံးနိမ့်သောအခါ မားကိုမအပ် (လက်နက်ကိုမစွန့်)အသက်ကို စွန့်လွှတ်ကြလေသည်။

ဒုတိယကမ္ဘာစစ်က ဂျပန်များ စစ်ရှုံးသဖြင့် လက်နက်ချကြရသည်။

ဂျပန်စစ်ဗိုလ်ချုပ်များ၊ သေနာပတိ၊ တပ်မှူးကြီးများ၊ တပ်ဗိုလ်များတို့သည် မဟာမိတ်တို့ထံတွင် မားကိုမအပ်ဘဲ ၎င်းမားဖြင့် ဝမ်းဗိုက်ကိုထိုးကာ အဆုံးစီရင်သွားခဲ့ကြသည်။ ဟာရာကီရီ လုပ်ခဲ့ကြသည်။

အသက်သေမှ မားကို စွန့်ခဲ့သည့် သဘောပင် ဖြစ်သည်။ ထိုကဲ့သို့ အသက်စွန့်ခဲ့ကြသူများကို ဘူရှိဒိုစိတ်ဓါတ်





သို့မဟုတ် သူရဲကောင်းစိတ်ဓါတ် ရှိသူများဟု သတ်မှတ်ခဲ့ကြလေသည်။

မြန်မာနိုင်ငံ သမိုင်းများကို လေ့လာကြည့်သောအခါ ရှေးအခါက တိုက်ပွဲဝင် သူရဲကောင်းတို့သည် မားကိုကိုင်စွဲကာ တိုက်ပွဲဝင်ခဲ့ကြသည်။

မားကို ကိုင်စွဲပြီး တိုက်ပွဲဝင်ကာ တိုင်းပြည်နိုင်ငံ ထူထောင်ခဲ့ကြသည် ဆိုပါကလည်း မမှားပါချေ။

ရှေးအခါက ဘုရင်များ သူရဲကောင်းများ ကိုင်စွဲသူတို့က ၎င်းတို့မားများကို အမည်များ ပေးထားခဲ့ကြလေသည်။

သီလဝံသမား၊ သံရှင်မား၊ ရောင်ညိုမား၊ နန်းစဉ်မား၊ စကြာမား၊ ပတ္တမြားမား၊ ယိမ်းနွဲ့ပါးမား၊ နန်းသူ့ဆံမြိတ်မား၊ ဇေယျကြီးမား၊ ဇေယျကလေးမား၊ (အလောင်းဘုရား၏ မားအမည်)ကိုးသင်္ချိုင်းမား . . .

အစရှိသဖြင့် အမည်ပေးကာ အမြတ်တနိုး သုံးစွဲခဲ့ကြလေသည်။

ထို့ပြင် မားကို စီရင်ပုံကိုလိုက်ပြီး အခေါ်အဝေါ်အမျိုးမျိုးတို့လည်း ရှိကြလေသည်။

ရွှေမား၊ ငွေမား၊ ပတ္တမြားမား၊ ဆေးမား၊ အင်းမား၊ ကိုးသင်္ချိုင်းမား ဟူ၍ ပြုလုပ်ပုံကို အကြောင်းပြုပြီး ခေါ်သော အမည်များလည်း ရှိခဲ့ကြသည်။

➤ ဆေးမားဆိုသည်မှာ ဆေးဖြင့်စီရင်ထားသော မားကို ခေါ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဟုဆိုရာတွင် အထက်လမ်းဆေးနှင့် အောက်လမ်းဆေး ဟူ၍ နှစ်မျိုးရှိသည်။

ဆေးမားကို စီရင်ရာတွင် အထက်ဆရာများက အထက်ဆေးဖြင့် စီရင်သကဲ့သို့ အောက်လမ်းဆရာများ အောက်လမ်းဆေးဖြင့် စီရင်တတ်ကြပါသည်။

ဆေးမားစီရင်ရာတွင် အချို့ကသံမားစစ်စစ်ကို စီရင်ကြသလို အချို့ကလည်း မိုးကြိုးပစ်ထားသော သစ်သားဖြင့် စီရင်ကြသည်။ သစ်သားကို မားပုံသဏ္ဌာန်ပြုလုပ်၍ စီရင်ခြင်းကို ဆိုလိုသည်။

ဆေးစီရင်ထားသော သံမားဖြင့် မားပြီးသူ (ကာယသိဒ္ဓိပြီးစီးသူ)ကိုခုတ်လျှင် ပြတ်သည်ဟု အယူရှိကြသည်။

ဆေးဆရာများသည် သစ်သားဖြင့် စီရင်ထားသော ဆေးမားကို ဆေးကုသရာတွင် သုံးလေ့ရှိသည်။

ဥပမာ။ ။သက်တန့်ပေါက်သည့်အခါ၊ အကျိတ်လုံးဖြစ်သည့်အခါ၊ သွေးလုံးလေလုံးဖြစ်သည့်အခါ ဆေးမားဖြင့် ခုတ်လျှင် (အနာကို ထိရုံသို့မဟုတ် ဟန်ရေးပြသာခုတ်ရသည်) အနာပျောက်သည်ဟု ယုံကြည်ကြသည်။

အထက်ဂိုဏ်းဆရာများကလည်း ပယောဂကုသည့်အခါတွင် စက်များ၊ အပင်းများကို ဖျက်သည့်အခါမျိုးတွင် ဆေးမားကို အသုံးပြုလေ့ရှိကြောင်း မှတ်သားရဖူးပါသည်။

➤ အင်းမားဆိုသည်မှာ ဆေးမားကဲ့သို့ပင် အစီအရင်ဖြင့် ပြုလုပ်ထားသောမားဖြစ်သည်။





အင်းမား၏ ထူးခြားချက်မှာ မားရွက်ပေါ်တွင်လည်းကောင်း၊ မားအိမ်ပေါ်တွင်လည်းကောင်း အင်းများချထား၍ မားရိုးထဲ၌ အင်းထည့်သွင်းထားခြင်းပင်ဖြစ်သည်။

မိုင်းကိုင်စက္ကူပေါ်တွင် အလိုရှိရာအင်းကိုချပြီး ၎င်းအင်းကို ဓမင်းတွင်ပတ်ကာ မားရိုးထဲတွင်မြှုပ်ထားခြင်းဖြစ်သည်။

ကာယသိဒ္ဓိပြီးစီး သူများကို ခုတ်လျှင်ပြတ်သည်ဟု အဆိုရှိသည်။ ရန်သူနှင့်တွေ့ပါက ရန်ကိုနိုင်သည်ဟု ယုံကြည်ကြသည်။ ကာယသိဒ္ဓိဆေးဆရာများ ဆောင်လေ့ရှိသည်။

မားကိုအမည်ပေးရာတွင် မားပြုလုပ်သောသံကို အစွဲပြု၍ "ရွှေမား" "မြမား" "ကိုးသချိုင်းသံမား" ဟုခေါ်ပေသေးသည်။

ရွှေသံ၊ မြသံ ဟုခေါ်သော သံအမျိုးအစားဖြင့် ပြုလုပ်သောမားကိုတင်စား၍ "ရွှေမား" "မြမား" ဟုခေါ်ပါသည်။

သချိုင်းကိုးခုမှရသော သံများဖြင့် ပြုလုပ်သောမားကိုလည်း "ကိုးသချိုင်းသံမား" ဟုခေါ်ပါသည်။

ကိုးသချိုင်းသံမားမှာ နာမည်ကြီးလှပေသည်။

သို့ဖြစ်၍ ကိုးသချိုင်းသံမား ပြုလုပ်ပုံကို တင်ပြလိုပါသည်။

➤ **ကိုးသချိုင်းသံမားပြုလုပ်ပုံ**

ကိုးသချိုင်းသံမားပြုလုပ်ပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

တကယ်ရှိခဲ့ဖူးသည့် မြန်မာ့ဆေးစီရင်နည်းအစ်ရပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတအဖြစ် ဖော်ပြခြင်းဖြစ်ပေသည်။

ပထမဦးစွာ ဓားပြုလုပ်ရန် သချိုင်းကိုးခုမှ ခေါင်းရိုက်သံများကို စုရသည်။

စု၍ရသမျှသံကို မီးပေး၍ ဓားပုံရိုက်ရပါသည်။

ပန်းပဲဆရာသည် စနေသားဖြစ်ရပါသည်။ စနေသား မဟုတ်ပါက ကိုယ်တိုင်ပြုလုပ်လိုလျှင် စနေနေ့တွင် ပြုလုပ်ရပါသည်။

ယင်းဓားကို ပန်းပဲမှာ ပုံချောရသည့်တိုင်အောင် ထုလုပ်ပြီးသောအခါတွင် ဓားကိုသချိုင်းကုန်းတွင် ဆေးရပါသည်။

မဆေးမီ (ဆေးသားမတင်မီ) ခုနှစ်ရက်တိုင်တိုင် ဂါထာမန်းမှုတ်ရပါသည်။

ဓားဆေးသောအခါတွင်လည်း အစိမ်းသေသွေးဖြင့် ဆေးရသည်။ (သွေးများများစားစားမရပါက အခြားသတ္တဝါသွေးထဲတွင် အစိမ်းသေသွေးကို စတိထည့်ဆေးရသည်။)

ဆေးသားတင်ပြီးသောအခါတွင် မီးနေသည် စနေသမီး၏ ခေါင်းအုံးအောက်တွင် ခုနှစ်ရက်ပြည့်အောင်ထားရသည်

ထို့နောက် ဘုန်းကြီးကျောင်း၌ ကမ္မဝါဖတ်နေချိန်တွင် ဆရာတော်ဘုရားများ မသိအောင် ကမ္မဝါသံကြားရသော နေရာအနီးအနားတွင် ဓားကိုထားရသည်။

ပြီးပါကဓားကို ကိုးမြို့ရှင်နတ်ကွန်းတွင် ကိုးရက်တင်ထားရသည်။

ဓားအိမ်ကို တလားဖျဉ်း (ခေါင်းဖျဉ်)ဖြင့် ပြုလုပ်ရသည်။





ဓားရိုးကို(လူသေထိုးသော)တံခူးဝါးဖြင့် ပြုလုပ်ရသည်။

ဓားကိုသပ်ပင်းသည့်အခါတွင် အစိမ်းသေသူ၏ ဆံပင်ကိုချောင်းကို မင်းတွင်ရစ်ပတ်၍ ထည့်ရသည်။

ဓားတစ်ချောင်းလုံး အလုံးစုံပြီးသောအခါတွင် ဆိုင်ရာဂါထာကို ကိုးရက်မန်းမှုတ်၍ သိဒ္ဓိတင်ရသည်။

မြင်းကွန်းအရေးတော်ပုံတွင် အိမ်ရှေ့ကနောင်မင်းကို ခုတ်သောဓားသည် ကိုးသချိုင်း သံဓားဖြစ်သည်ဟု လူကြီးသူမများ၏ တစ်ဆင့်စကားမှ တစ်ဆင့်ကြားသိခဲ့ရဖူးပေသည်။

ဓားကိုလက်နက်ပုန်းအဖြစ် သုံးစွဲတတ်ကြပေသည်။

ဓားကို အမည်ခေါ်တွင်ရာတွင် စီမံဖန်တီးထားသည့် အပေါ်တွင် မူတည်၍ "ခါးပတ်ဓား"၊ "တုတ်ဓား"၊ ထီးဓား"၊ စသည်ဖြင့် ပုံစံအမျိုးမျိုးရှိလေသည်။

တီထွင် ပြုလုပ်သူ၏ စိတ်ကူးစိတ်သန်းပေါ်တွင် မူတည်၍ ပုံစံအမျိုးမျိုး ဖြစ်နိုင်သေးသည်။

➤ "ခါးပတ်ဓား"သည် ပြုလုပ်စီမံထားသော ဓားပုံကျာန်ကိုစွဲ၍ ခေါ်သောဓားများအနက် (လက်နက်ပုန်းအဖြစ်) နာမည်ကြီးသော ဓားဖြစ်သည်။

ဓားဝါသနာပါသူများမှာ ခါးပတ်ဓားကို လွန်စွာနှစ်သက်ကြလေသည်။

ဓားကို ခါးတွင် ခါးပတ်ကဲ့သို့ ပတ်၍ရသောကြောင့် "ခါးပတ်ဓား" ဟုခေါ်ဟန်တူသည်။

ခါးပတ်ဓားအကြောင်းကို သက်ကြီးစကား သ[illegible]ယ်



www.burmeseclassic.com

www.burmeseclassic.com

ကြားရုံမျှလောက်ပင် ကြားဖူးခဲ့သည်။

မင်းတုန်မင်းတရားကြီး၏ သားတော် သုံးဆယ်မင်းသာ ကြီးသည် ခါးပတ်ဓားကို စွဲကိုင်ဖူးကြောင်း (အရပ်စကားအဖြစ် လူကြီးသူမတို့ ပြောဆိုခဲ့ကြသည်။

မြင်းကွန်းအရေးတော်ပုံတွင် မြင်းကွန်းမြင်းခုံတိုင် ညီ နောင်တို့ ခါးပတ်ဓားစွဲကိုင်သည်ဟူ၍ ရှေးလူကြီးများ၏ တစ်ဆင့် စကား တစ်ဆင့်နားဖြင့် ပြောသည်ကို ကြားရမှတ်ရဖူးသည်။

ခါးပတ်ဓားသည် ရှာပါးလှသော ဓားအမျိုးအစားတစ်ခု ဖြစ်၍ ပိုင်ဆိုင်အသုံးပြုနိုင်ရန် မဆိုထားနှင့် မြင်ဖူးတွေ့ဖူးရန်ပင် မလွယ်ပေ။

ယခုခေတ်တွင် စီမံပြုလုပ်တတ်ကြသည့် ခါးပတ်ဓားမှာ ပတ္တူအိတ်တွင် ထည့်၍ ခါးပတ်ကဲ့သို့ ပတ်ထားနိုင်သည်။ ခါး ပတ်ခေါင်း တပ်ထားသည်။

ခုတ်ရသည်မှာ ခပ်နွဲ့နွဲ့ဖြစ်သည်။

စတိန်းလက်စတီး( Stainless Steel)ပြားကို ဆေးသား မတင်ပဲ အသွားဖော်၍ပြုလုပ်ထားသည်။ ထိုဓားသည် ကွေး၍ရ သည်။ မကျိုးနိုင်ပေ။

ခါးပတ်ခေါင်းကို ဖြုတ်လိုက်သည်နှင့် တွန်းကန်အားဖြင့် ဖြောင့်သွားသည်။

ထိုဓားဖြင့် ခုတ်ရသည် မှာ ရိုးရိုးဓားလောက် အားမရ မြက်ခုတ်ဓားအထူကို ခုတ်နေရသကဲ့သို့ဖြစ်သည်။ လက်ဆအား ထိန်း၍ခုတ်ရသည်။





အဆိုပါဓားသည် တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ ကို ခံဆောင်တားဆီး၍ အားချင်းမမျှပေ။ ခုတ်ရုံသက်သက်သာ အသုံးကျသည်။

ခါးပတ်ဓားသည် သွားရာလာရာတွင် ဆောင်၍ကောင်း သည်။

➤ ထပ်မံ ဖော်ပြလိုသည့် ဓားမှာ ဆောင်ဓားဖြစ်သည့် "ဓား လွယ်" အကြောင်းဖြစ်သည်။

သေနတ်မပေါ်မီခေတ်က လူတို့သည် ရန်သူကို တိုက် ခိုက်ရာ၌ ဓားလွယ်စသော ဓားလက်နက်ကို အသုံးပြုကြသည်။

"ဓားလွယ်" ပေါ်လာပုံဇစ်မြစ်မှာ ကျောက်ခေတ်နှောင်း အခါက စတင်ခဲ့သည်။

ထိုစဉ်က လူတို့သည် သမင်တစ်မျိုး၏ ဦးချိုပုံသဏ္ဌာန် ကိုအတုယူကာ ကျောက်ဖြင့်ဓားမြောင်ကဲ့သို့သော ဓားလက်နက် ကိုသုံးစွဲခဲ့ကြသည်ဟု ယူဆဖွယ်ရာ အထောက်အထားများ ရှိခဲ့ သည်။

ကျောက်ခေတ်မှ ကြေးနီ၊ ကြေးဝါခေတ်များသို့ ပြောင်း လာသည့်အခါ ယင်းဓားလက်နက်တို့ကို ထိုသတ္တုများဖြင့် ပြု လုပ်လာကြသည်။

ခရစ်မပေါ်မီနှစ် (၁၀၀၀)မှ (၇၀၀)အတွင်း ယင်းတို့အ စား သံကို အသုံးပြုလာကြသော ဓားလက်နက်များကို သံဖြင့်ပြု လုပ်သုံးစွဲလာကြောင်း တွေ့ရှိရလေသည်။

ထိုစဉ်အခါက ဓားလက်နက်များကို သစ်ရွက်ပုံအသွား



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်သော ရိုးရိုးပုံတို့ဖြင့် ပြုလုပ်ကြ၏။

အဆိုပါသစ်ရွက်ပုံ ဓားလက်နက်မှ ဓားမြှောင်အမျိုးအ စားဆင်းသက်လာသည်ဟု ယူဆနိုင်လေသည်။

ဓားလွယ်ကဲ့သို့သော လက်နက်မျိုးကို ဓားအရင်းမှ ဆုပ် ကိုင်၍ တိုက်ခိုက်အသုံးပြုရခြင်းကြောင့် ဓားရင်းတွင်ရှိသော ဓားရိုးကို မြဲမြံစွာနှင့် ကြာရှည်စွာ ဆုပ်ကိုင်နိုင်လေအောင် စီမံ ထားကြရ၏။

သမိုင်းစတင်သည့်ခေတ်၌ အသွားဖြောင့်နှင့် အသွား ကောက်ဓားလွယ်မျိုး သုံးစွဲသည်ကို တွေ့ရှိရသည်။ ထိုဓားမျိုးမှာ အနှောင့်ရှိသည်။

(၁၇)ရာစုနှစ်များတွင် ဥရောပတိုက်၌ အသုံးများသော ဓားလွယ်ကား အသွားနှစ်ဖက်ရှိသော ဓားမျိုးဖြစ်သည်။

အာရှတိုက်တွင် ဖြောင့်တန်းသောဓားမျိုးကို မသုံးကြ ပေ။ ဓားကော့၊ ဓားကောက်စသည်ဖြင့် ငှက်တောင်သဏ္ဍာန်နှင့် တူသောဓားမျိုးကို သုံးစွဲကြသည်။

ဓားပုံသဏ္ဍာန်အမျိုးမျိုးတွင် အရှေ့တိုင်းဓားပုံသဏ္ဍာန် များမှာ ထူးခြားသည်။

မာရတ္တာပြည်နယ်မှဓား၊ ဂေါ်ရခါးလူမျိုးများကိုင်ဆောင် သော ဓားကောက်၊ ပသျှူးလူမျိုးများကိုင်သော အသွားတွန့် သောဓား. . . တို့မှာ ထူးခြားပေသည်။

မြန်မာတို့တွင် ငှက်ကြီးတောင်ဟုခေါ်သော ဓားလွယ် ပုံသဏ္ဍာန်မှာ ထင်ရှားကျော်ကြားခဲ့လေသည်။





ဓားသွားများ ပုံသဏ္ဍာန်အမျိုးမျိုးအဖုံဖုံ ပြောင်းလဲသည့် နည်းတူ ဓားရိုးများ ပြုလုပ်ပုံလည်း ပြောင်းလဲလာလေသည်။

နောင်အခါတွင် ဓားများကို လှပစေရန် အမျိုးမျိုးခြယ် လှယ်လာကြသည်။

မူလက ဓားပုံသဏ္ဍာန်မှာ သစ်ဝါးများ ခုတ်ဖြတ်ရန်ဖြစ် ၍ တုံးဝိုင်းသောပုံသဏ္ဍာန် ဖြစ်၏။

ဓားကို စစ်တိုက်ရာ၌ အသုံးပြုရန်အလို့ငှာ တဖြည်း ဖြည်းတိုးတက်ကောင်းမွန်လာအောင် ပြုပြင်လာကြရာ နှောင်း ခေတ်များတွင် ပါးလွှာချွန်မြသော ဓားလွယ်များပေါ်ပေါက်လာ လေသည်။

ထိုခေတ်များက တိုးတက်ကောင်းမွန်သော ဓားလွယ် များကို ကိုင်ဆောင်သောသူများက ထိုစဉ်က ခေတ်မမီသေး သောဓားများကို ကိုင်ဆောင်သူတို့ကို နှိမ်နင်းစိုးမိုးနိုင်သည်ကို ကမ္ဘာ့သမိုင်းအရ သာဓကတွေ့ရလေသည်။

ဥပမာ ပေါ့ပါးထက်မြက်သောဓားများကို ကိုင်ဆောင် ကြသူ ရောမများသည် လေးလံတုံးဝိုင်းသောဓားများ ကိုင်ဆောင် ကြသူ ဥရောပမြောက်ပိုင်းမှ လူရိုင်းတို့ကို နှိမ်နင်းနိုင်ကြောင်း လေ့လာသိရှိရသည်။

သို့ဆောင်းတို့၏ အလယ်သမိုင်းခေတ်အခါက ဥရောပ တိုက်တွင် အရပ်သားတိုင်း ဓားရှည်များကို ကိုင်ဆောင်တတ်ကြ သည်။

အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြသည့်အခါတွင် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဓားချင်းယှဉ်၍ တိုက်ခိုက်ခြင်းဖြင့် မိမိတို့၏ကိစ္စကို ဖြေ ရှင်းလေ့ရှိကြသည်။

ထိုခေတ်များက အရှေ့တိုင်းများတွင်လည်း ဓားရေး လုံရေးအတတ်သည် ယောက်ျားကောင်းတို့၏ တတ်မြောက်အပ် သောပညာတစ်ရပ် ဖြစ်လေသည်။

သို့ဖြစ်၍ သူရသတ္တိကို ပြနိုင်သော ဓားလက်နက်ကို ကိုယ်၌စွဲကိုင် ဆင်ယင်ရခြင်းသည် ဂုဏ်ကျက်သရေတစ်မျိုး ဖြစ် သည်ဟု တန်ဖိုးထားကြလေသည်။

သူရသတ္တိကို လေးစားသောခေတ်က ဓားလုပ်ငန်းသည် အလွန်ဂုဏ်ရှိလေသည်။

ထိုခေတ်က စစ်တိုက်သူတို့၏ အားထားရာ လက်နက် ဖြစ်သောဓားသည် သူရသတ္တိနှင့်ဆိုင်ရာ ကိစ္စများတွင် မည်ကဲ့ သို့ အရေးပါခဲ့ကြောင်းများကို ဖေါ်ပြသည့် ရှေးဟောင်းပုံပြင်များ စွာ ရှိခဲ့သည်။

ယခုခေတ်တွင် ဓားလွယ်ကို တိုက်ပွဲ၌(အဓိကလက်နက် အားဖြင့်)အသုံးပြုခြင်းမရှိချေ။

လုံ့စွပ်ခေါ် သေနတ်ထိပ်ဖျားတွင် ဓားမြှောင်ကဲ့သို့ ချွန် ထက်သောဓားသွားများကိုသာ အသုံးပြုကြသည်။

မျက်မှောက်ခေတ်တွင်လည်း ငွေဓားလွယ်များကို သူရ သတ္တိနှင့်ဆိုင်သည့် ဆုအဖြစ် ပေးအပ်ဆဲပင်ဖြစ်ပါသည်။

➤ ဓားများအကြောင်း ဖော်ပြရာတွင်ထည့်သွင်းရမည့် ဓား အမျိုးအစားတစ်ခုမှာ "တုတ်ဓား"ဖြစ်သည်။





"တုတ်ဓား"မှာ လမ်းလျှောက်တုတ်ပုံသဏ္ဍာန်(သို့မ ဟုတ်) မျဉ်းလုံးပုံသဏ္ဍာန်ဓားအိမ်ထဲသို့ ထည့်ထားသောဓားပင် ဖြစ်သည်။

အမှတ်တမဲ့ကြည့်လျှင် လမ်းလျှောက်တုတ်(သို့မဟုတ်) ထုတ်ချောင်း(သို့မဟုတ်) မျဉ်းလုံးဟု ထင်မှတ်ရသည်။ ထိုကဲ့သို့ ထင်မှတ်စေရန် တမင်ဖန်တီးပြုလုပ်ထားခြင်းသည်။

တုတ်ဓားကို တဖြောင့်တည်းသော တုတ်ကဲ့သို့လည်း ကောင်း၊ လက်ကိုင်(ဓားရိုး)ကို တုတ်ကောက်ပုံသဏ္ဍာန်ဖြင့် လည်းကောင်း၊ အချို့က ထီးကောက်ပုံဖြင့်လည်းကောင်း. . နှစ် သက်သလို ဖန်တီးကိုင်ဆောင်ကြသည်။

အချို့မှာ ဝါးလုံးကို ထက်ခြမ်းခွဲ၍ ဓားအိမ်လုပ်ကာ (ဝါးလုံးကို) မခွဲဘဲ အဆစ်ဖောက်၍လည်း လုပ်၍ရသည်။ ဓား တုတ်ချောင်းပုံသဏ္ဍာန်ဖြင့်လည်း ကိုင်ဆောင်ကြသည်။

ယခုခေတ်တွင် ပေတံပုံသဏ္ဍာန်ထဲတွင် ဓားထည့်ထား ခြင်းမှာလည်း တုတ်ဓားသဘောပင်ဖြစ်သည်။

တချို့က တုတ်ဓားကိုထောင်ပေ့ထဲတွင် ထည့်၍လည်း ကောင်း၊ ထမ်းပိုးတုတ်(အလုံး)ထဲတွင် ထည့်၍လည်းကောင်း ကိုင်ဆောင်ကြသည်။

တုတ်ဓား၏သဘောမှာ မိမိကိုင်ဆောင်သော ဓားကို တစ်ဖက်လူမသိအောင်၊ တုတ်ဟုထင်ယောင်ထင်မှားဖြစ်အောင် စီမံထားခြင်းဖြစ်သည်။

အခြားတစ်ကြောင်းမှာလည်း ရန်သူသည်ဓားထက်



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကို အထင်သေးသည်။ တစ်ဖက်ရန်သူ မရိပ်စားမိအောင် အထင်သေးအောင် တုတ်ကိုင်ထားသည်ဟု သဘောရောက်အောင် တုတ်နှင့်မတူတူအောင် ဖန်တီးထားခြင်းဖြစ်သည်။

ထို့ပြင်ဓားကို သွားလာရာတွင် ကိုင်ဆောင်သွား၍ မတင့်တယ်ပေ။ ဓားမဆောင်၍မဖြစ်သော နေရာများ (အသက်အန္တရာယ်ကို စိုးရိမ်ရသော နေရာများ)သို့ သွားလာရသောအခါများတွင် လူမြင်ကောင်းအောင်၊ ကန္ဒြေမပျက်အောင် တုတ်ဓားကို ကိုင်ဆောင်ရခြင်းဖြစ်သည်။

တုတ်ဓားမှာ ဓားရွက်သေးသည်။ ဆောင်ဓားကြီးများကဲ့သို့ အရွက်မကြီးပေ။ ဓား၏ အရှည်အတိုမှာ မိမိအလိုရှိသလောက် ပြုလုပ်ကိုင်ဆောင်ကြသည်။

တုတ်ဓား၏ အသွား(ဓားရွက်)ကို အများအားဖြင့် ခပ်ဖြောင့်ဖြောင့် ပြုလုပ်ထားလေ့ရှိသည်။ သို့မှသာလျှင် တုတ်နှင့်ပို၍တူမည်ဖြစ်သည်။

ဓားသွားမှာ တစ်ဖက်သွား၊ နှစ်ဖက်သွားစသည်ဖြင့် နှစ်သက်သလို လုပ်ကြသည်။

နှစ်ဆင့်တုတ်ဓားမျိုးလည်းရှိသည်။ နှစ်ချောင်းဝင် တုတ်ဓားမျိုးလည်းရှိသည်။

နှစ်ဆင့်တုတ်ဓားမှာ ဓားရိုးထဲတွင် ဓားအတိုတစ်ချောင်း (ဓားမြှောင်)ထပ်မံထည့်သွင်းထားခြင်းဖြစ်သည်။

နှစ်ချောင်းဝင်တုတ်ဓားမှာ ဓားရိုးထဲတွင် ဓားသွားကို အပြန်အလှန် မြှုပ်ထားခြင်းဖြင့် ပြုလုပ်ထားသည်။





တုတ်ဓားအမျိုးမျိုးရှိပေသည်။ တုတ်ဓားရိုးရိုး၊ တုတ်ဓားအလုံး၊ တောင်ဝှေးတုတ်ဓား၊ ထီးကောက်တုတ်ဓား၊ ထီးဓား၊ နှစ်ဆင့်တုတ်ဓား၊ လှံစွပ်တုတ်ဓား၊ နှစ်ချောင်းဝင်တုတ်ဓားနှင့် ပေတံတုတ်ဓားတို့ ဖြစ်သည်။

ထိုကဲ့သို့ ဓားများကို အစီအရင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်သုံးစွဲခဲ့ရာမှာ ရာဇဝင်စာတင်ရလောက်သော ဓားအချို့လည်း ရှိခဲ့လေသည်။

(၁) တကောင်းပြည်မင်းပွဲ၌ ပြသသောမောင်တင့်တယ်၏ ဓားဖြစ်သည်၊ ၎င်းလက်သုံးဓားမှာ အသွားရှစ်လက်သစ်ရှိသည် ဟုဆိုသည်။

(၂) သတိုးနိုင်မင်းကြီး စွဲကိုင်သောဓားမှာ တရုတ်ကြီးခြောက်ယောက်ချီမသော်လည်း အတော်ပင်ချီမယူရသည်ဟု ရာဇဝင်တွင်ဆိုသည်။

(၃) သရေခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီးစွဲကိုင်သောဓားမှာ နွားလည်ပင်းကို အကွင်းလိုက် ပြတ်ကျသွားအောင်တစ်ချက်တည်းနှင့် ခုတ်ချနိုင်သည်ဟု အဆိုရှိခဲ့လေသည်။

(၄) ကျန်စစ်သားမင်း ကိုင်သောဓားမှာ စကြာဓားဖြစ်သည် ထိုဓားကို ရန်သူတို့များစွာ ကြောက်ရွံ့ကြရလေသည်။

(၅) စစ်ကိုင်းမင်းသား သခ်ယာစောယွန်း၏ လက်သုံးတော်ဓားမှာ ညိုရောင်ဓားဖြစ်သည်။

ထိုဓားဖြင့် ဆင်လည်ပင်းကိုခုတ်လျှင် ငှက်ပျောပင်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ချသကဲ့သို့ တိခနဲ ပြတ်ကျနိုင်လေသည်။ ယင်းဓားသည် ယူနန်ပြည်အထိ ကျော်ကြားသည်ဟု ရာဇဝင်တွင်သည်။

(၆) အဝမြို့ ပထမမင်းခေါင်၏ စိန်သွားရောင်လက်သုံးတော်ဓားမှာ နှစ်မိုက်ခန့်ရှိသော ငွေသားတုံးကို ခုတ်ပိုင်းပါက အတုံးလိုက် တိခနဲပြတ်ကျအောင် ခုတ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

(၇) မိုးညှင်းမင်းတရား ကိုင်စွဲသောဓားမှာ သစ်ပင်ကို မိုးရုံးမျှနှင့် ရက္ခစိုးထွက်ပြေးရသည်ဟုဆိုသည်။

အထက်ပါဖော်ပြထားသော ဓားတို့နာမည်ကြီးကြသည်ဆိုသော်လည်း ထိုဓားတို့ထက် ပို၍နာမည်ကြီးသော ဓားအချို့ရှိကြသေးသည်။

(၈) ရွှေနန်းကြော့ရှင်၏ နန်းစဉ်ဓားဖြစ်သည်။ ဓားအမည်မှာ ယိမ်းနွဲ့ပါးဓား ဖြစ်သည်။ မင်းကြီးရန်နောင်သည် ထိုဓားဖြင့် သိုဟန်ဘွား၏ ဦးခေါင်းကိုတစ်ချက်ခုတ်ရာ တိခနဲပြတ်ကျရုံမကပဲ နောက်ခံဝါးပိုးကြီးနှင့် ကြမ်းငါးချောင်းတစ်ဆက်တည်း ပြတ်လေသည်။

ယင်းဓားဖြင့် ဆင်ပေါ်မှလူကို ခုတ်ပါက ဆင်နှင့်တကွပြတ်၍ ဆင်ကိုပါထိသည်ဟု နာမည်ကြီးလှသည်။

(၉) သီပေါဘုရင်၏ မိဖုရားခေါင်ကြီးကိုင်သော နန်းစဉ်ဓားမှာ နန်းသူဆံမြှတ်ဓား ဖြစ်သည်။

(၁၂၄၇)ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်နေ့





တွင် သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီးတို့သည် အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ်အစရှိသော အင်္ဂလိပ်အရာရှိတို့နှင့် တွေ့ဆုံသောအခါ မိဖုရားခေါင်ကြီးသည် ယင်းဓားကို ကိုင်ဆောင်လျက် အတွေ့ခံကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)၌ ဖော်ပြထားလေသည်။

(၁၀) သီပေါဘုရင် ပါတော်မူစဉ်က ထကြွခဲ့သော ဖော်ဂျီဗိုလ်၏ဓားမှာ ကုလားတပ်ထဲသို့ တစ်ချက်ဝင်ခုတ်ထွက်လိုက်လျှင် ထန်းသီးများ အညှာက ပိုင်းချလိုက်သကဲ့သို့ ကုလားခေါင်း (၂၀-၂၅)ခေါင်း ပြတ်ကျသည်ဟု အဆိုရှိလေသည်။

ထိုဓားများအပြင် သူရဲကောင်းတို့ကိုင်စွဲသော ဓားတို့မှာလည်း ရာဇဝင်စာတင်ရလောက်အောင် အစွမ်းထက်ခဲ့ကြသည်။

(၁၁) အင်းဝနရပတိကြီး မင်းသားဘဝက ရှမ်းသံလည်ဘွားနှင့် တိုက်နာသံလည်ဘွားက ဓားဖြင့် ခုတ်သဖြင့် နရပတိကြီး၏ ချပ်သုံးထပ်ပြတ်ဖူးလေသည်။

ရှမ်းသံလည်ဘွား၏ ဓားမှာလည်း ထင်ရှားလေသည်။

(၁၂) မွန်သူရဲကောင်း ဗျည်းနွဲ့၏ဓားမှာလည်း ကျောက်အထုသံတောင်တစ်တောင် ပြတ်သည်ဟု ရာဇဓိရာဇ် အရေးတော်ပုံတွင် ရေးသားဖော်ပြထားသည်။

(၁၃) နရပတိစည်သူမင်းလက်ထက် (၅၃၆-၅၃၇) သူရဲကောင်း ရန်မန်ငထွေး စွဲကိုင်၍ မိကျောင်းကို သတ်



www.burmeseclassic.com

www.burmeseclassic.com



သောအားမှာလည်း နာမည်ကြီးလှပေသည်။

အထက်ဖော်ပြခဲ့သော ဓါးများမှာ ရာဇဝင်တွင်ခဲ့သော ဓါးများပင် ဖြစ်ပေတော့သည်။







# အခန်း(၃)

## အမှောင်ထဲမှ သွေးကြွေးဆပ်သူများ

အချိန်ကာလမှာ (၁၉၁၃)ခုနှစ်နောက်ပိုင်းကာလများ ပင်ဖြစ်သည်။ နေရာမှာ ဘော်တွင်းများရှိသော နမ္မတူဒေသတစ်ဝိုက်တွင် ဖြစ်လေသည်။

ထိုအချိန်ကာလက နမ္မတူဒေသတစ်ဝိုက်မှာ တောင်တန်းများနှင့် တောအုပ်ကြီးများက နေရာယူထားကြလေသည်။

မြန်မာနိုင်ငံမှာသာမက နိုင်ငံရပ်ခြားဒေသများကပင် နမ္မတူမြို့ကို သိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သိကြခြင်းမှာလည်း ဘော်တွင်းများကြောင့်ဆိုက မမှားပါချေ။

နမ္မတူမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်နယ်၌ ပါဝင်လေသည်။

နမ့်ဆန်မြို့မှအရှေ့တောင်ထောင့် (၅၅)မိုင်အကွာ၊ လားရှိုးမြို့၏ အနောက်မြောက်ယွန်းယွန်း (၄၄)မိုင်အကွာ၌ တည်ရှိလေသည်။

အင်းဝမြို့ကြားမှ ဖြတ်သန်းစီးဆင်းသော နမ္မတူမြစ်ပေါ်တွင် တည်ရှိသောကြောင့် နမ္မတူမြို့ဟု အမည်တွင်လေသည်။ ထို မြစ်ကို ရှမ်းပြည်နယ်က နမ္မတူမြစ်ဟုခေါ်ပြီး သီပေါအနီးသို့ ရောက်သောအခါ ဒုဋ္ဌာဝတီမြစ်ဟု ခေါ်ကြပြန်သည်။

ရွှေစာရံမုန့်တိုင်းမှ ဧရာဝတီမြစ်မကြီးနှင့် ပေါင်းဆုံသောနေရာအထိကို မြစ်ငယ်မြစ်ဟုခေါ်ကြလေသည်။

နမ္မတူဟူသောအမည်မှာ ရှမ်းစကား နမ့်နှင့်တူကို ပေါင်းစပ်ခေါ်ဝေါ်သော အမည်ဖြစ်ပြီး 'ဆိုးသောရေ'ဟု အဓိပ္ပာယ်ရသည်။

နမ္မတူမြို့သည် တောင်များဝန်းရံထားသော မြေကွက်လပ်တွင် မြို့တည်ထားလေရာ ဒယ်အိုးပုံသဏ္ဌာန် ရှိလေသည်။

နမ္မတူမြစ်က မြို့တည်ထားသောနေရာအလယ်မှ ဖြတ်စီးနေသောကြောင့် မြို့မှာ နှစ်ပိုင်းခွဲထားသကဲ့သို့ ရှိလေသည်။ နမ္မတူမြို့ကို လူသိများသောအကြောင်းမှာ ဘော်တွင်းများရှိသောကြောင့် ဖြစ်သည်။





ဘော်တွင်းများက နမ္မတူမြို့နှင့် (၁၂)မိုင်ခန့် ကွာဝေးသောနေရာ၌ ရှိသော်လည်း နမ္မတူဘော်တွင်းဟုပင် ခေါ်ဝေါ်ကြလေသည်။

နမ္မတူတွင် ရှေးအခါက ကုလားနှင့်တရုတ်လူမျိုးတို့ အများအပြား လာရောက်နေထိုင်ကြသည်။ ထိုသို့လာရောက်နေထိုင်ကြသော အကြောင်းအရင်းမှာ ဘော်ချက်သောလုပ်ငန်းကို အကြောင်းပြုပြီး လာရောက်နေထိုင်ကြခြင်းဖြစ်သည်။

ထို့ပြင် ရှမ်း၊ မြန်မာ၊ ပလောင်၊ ရှမ်းတရုတ်၊ ကချင်စသော တိုင်းရင်းသားပေါင်းစုံတို့လည်း ရှိကြလေသည်။ ရှေးခေတ်အခါက လူဦးရေအနည်းငယ်မျှသာရှိသော်လည်း ယခုအခါမှာတော့ မြို့တစ်မြို့အင်္ဂါရပ်နှင့် ညီညွတ်အောင် စည်ကားတိုးတက်မှု ရှိနေပေပြီ။

သတ္တုတွင်းများကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက တူးဖော်အသုံးပြုခဲ့ကြောင်း၊ သတ္တုလာရောက်တူးဖော်သူများမှာ တရုတ်လူမျိုးတို့ဖြစ်ပြီး ထိုနေရာမှတူးဖော်ရရှိသောသတ္တုများကို တရုတ်ပြည်သို့ တောလမ်းခရီးမှ သယ်ယူခဲ့ကြသည်။

၎င်းနောက် ဘော်တွင်းဒေသသို့ ပထမဆုံးရောက်လာသော ဥရောပတိုက်သားမှာ 'မစ္စတာဆိုင်း' ဆိုသူပင်ဖြစ်သည်။

၎င်းသည် (၁၇၉၅)ခုနှစ်တွင် ဗန်းမော်မြို့မှတစ်ဆင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

(၁၈၂၇)ခုနှစ်တွင် ကရော့ဖို့အမည်ရှိသော ဥရောပ



www.burmeseclassic.com

www.burmeseclassic.com



တိုက်သားတစ်ဦးရောက်လာပြီး ဘော်တွင်းများအကြောင်း မှတ်တမ်းယူသွားသည်။

နောက်ပိုင်း အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသောအခါ မြန်မာနိုင်ငံမှထွက်လာသော အဖိုးတန်ရတနာများကို ရသလောက်သယ်ယူကြတော့သည်။ ကျွန်းသစ်၊ ရေနံ၊ ကျောက်သံပတ္တမြား အစရှိသောရတနာများအပြင် ဘော်တွင်းမှ သတ္တုတန်ချိန်ပေါင်းများစွာတို့ကို ထုတ်ယူကြလေသည်။

အချိန်က (၁၉၁၃)ခုနှစ်ဝန်းကျင်တစ်ဝိုက်ဖြစ်ရာ ထိုအချိန်က ဘော်တွင်းများကို လုပ်ကိုင်နေသော ကုမ္ပဏီမှာ ဘားမားကော်ပိုရေးရှင်းလိမိတက်(လန်ဒန်) (Burma Coporation Limited [Landon]) ဖြစ်လေသည်။

ထိုကုမ္ပဏီသည် ကုမ္ပဏီအဆောက်အအုံများ ဆောက်လုပ်အခြေချပြီးနောက် ဘော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ပထမတော့ တရုတ်တို့ထုတ်သွားသော ဘော်တုံးဘော်ခဲများကို စုဆောင်းပြီး မန္တလေးရောက်အောင်ပို့ပြီး ငွေချက်လုပ်ကြသည်။

ဘော်တုံးများဟို မီးရထားဖြင့် မန္တလေးရောက်သည်အထိ သယ်ယူကြရာ စရိတ်စကအကုန်အကျ များလေသည်။

နောက်ပိုင်းမှာတော့ မြေအောက်မှ သတ္တုရတနာသိုက်ကြီးတစ်ခုကို ရှာဖွေတွေ့သွားကြလေသည်။

ထိုသို့တွေ့သောအခါ စက်ယန္တရားကြီးများတပ်ဆင်ကာ





အစွမ်းကုန်တူးဖော်လေတော့သည်။

ထိုနေရာတစ်ဝိုက်မှာ အဆောက်အအုံများ ဆောက်လုပ်ကာ လူပေါင်းမြောက်များစွာဖြင့် အကြီးအကျယ် လုပ်ကိုင်ကြလေသည်။

ထိုအချိန်တွင် နမ္မတူဘော်တွင်း၏ အရှေ့မြောက်စူးစူး တောင်ကုန်းတစ်ခုပေါ်မှာ အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ကြလေသည်။

ထိုအဆောက်အအုံမှာ သတ္တုများနှင့် အခြားပစ္စည်းများကို သုတေသနပြုရန်အတွက် ဆောက်လုပ်ကြခြင်း ဖြစ်လေသည်။

ထိုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြေဧက အတော်ကျယ်ကျယ်ကို အသုံးပြုရပေရာ အနီးတစ်ဝိုက်မှာရှိသောရွာများ ဖျက်ဆီးခံကြရသည်။

အချို့ရွာများမှာ ရွာမပျက်သော်လည်း တောင်ယာစိုက်ခင်းများ၊ အသီးအနှံစိုက်ပျိုးသောခြံများ ဆုံးရှုံးကြရလေသည်။ ထိုအခါ အနီးအနားမှာရှိသောရွာမှ လူအချို့ရောက်လာကြကာ ကန့်ကွက်ပြောဆိုကြလေသည်။

အဆောက်အအုံများ ဆောက်လုပ်နေသောနေရာတွင် စီမံအုပ်ချုပ်နေသူမှာ အင်္ဂလိပ်လူမျိုး အင်ဒရူးဆိုသူ ဖြစ်လေသည်။

သူနှင့်အတူ စကားပြန်တစ်ယောက်လည်းရှိသည်။

စကားပြန်မှာ ထွန်းခိုင်ဆိုသူဖြစ်ပြီး ထိုနယ်သားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်လေသည်။

လူများလူစုလူဝေးဖြင့် ရောက်လာသောအခါ အင်ဒရူး က မေးသည်။

"သူတို့ဘာအတွက် ရောက်လာကြတာလဲ"

"သခင်ကြီးနဲ့တွေ့ဖို့ ခွင့်တောင်းနေကြပါတယ်"

ထို့ကြောင့် အင်ဒရူးက လူများစုဝေးနေသောနေရာသို့ ထွက်သွားလေသည်။

၎င်းတို့ပြောသောစကားများကို စကားပြန်ထွန်းခိုင်က ပြန်ပြောပြလေသည်။

"ဘာလာလုပ်ကြတာလဲ"

"ဒီနေရာတွေက ကျုပ်တို့ဘိုးဘွားလက်ထက်ကတည်းက တီထွင်စိုက်ပျိုးလာခဲ့တဲ့ လယ်တွေ၊ ဥယျာဉ်ခြံတွေ ဖြစ်ပါတယ်၊ ရွာသူရွာသားတွေဆိုရင် ဒီလယ်မြေတွေကိုပဲ အမှီပြုပြီး စားသောက်နေရတာပါ။ သိမ်းထားတဲ့ကျုပ်တို့လယ်မြေတွေ၊ ဥယျာဉ်ခြံတွေ၊ သီးနှံစိုက်ခင်းတွေကို ပြန်ပေးပါ. ."

"မပေးနိုင်ဘူး. .၊ ဗမာတစ်ပြည်လုံးကို ကျုပ်တို့သိမ်းပိုက်ထားတာပဲ၊ ဘယ်နေရာမဆို ကျုပ်တို့သဘောကျ လုပ်ချင်သလို လုပ်နိုင်တယ်၊ ပြန်သွားကြပါ. ."

ဟု အင်ဒရူးကနှင်ထုတ်လေသည်။

သို့သော်လည်း ထိုလူများက လက်လျှော့ပေးလိုဟန်မရှိပေ။

"ဒီနေရာမှာ အဆောက်အအုံတွေဆောက်တော့ သီးနှံ





စိုက်ခင်းတွေနဲ့ သစ်တောတွေ ပျက်စီးကုန်ပြီ၊ ဆက်ပြီးမဆောက်ပါနဲ့"

"မင်းတို့လာပြောလည်း ငါတို့ဂရုမစိုက်ဘူး၊ ဆက်ပြီးတော့ လုပ်စရာရှိတာလုပ်ရမှာပဲ၊ မင်းတို့နဲ့စကားပြောရတာ အချိန်ကုန်တယ်. . ပြန်ကြပါ. ."

ဟု နှင်ထုတ်ရုံမကဘဲ ဂေါ်ရခါးစစ်သားများကပါ အတင်းအဓမ္မ နှင်ထုတ်ကြသောကြောင့် ရွာသားများမှာ မကျေမနပ်ဖြင့် ပြန်သွားကြလေသည်။

အချို့လည်း ကြိမ်းမောင်းပြောဆိုသွားကြသည်။

၎င်းတို့ပြန်သွားတော့မှ အင်ဒရူးက စကားပြန်ထွန်းခိုင်ကို မေးမြန်းရသည်။

"သူတို့တစ်တွေက ဘယ်ရွာကလဲ"

"ကဝေမော်ရွာက လာကြတာပါ သခင်ကြီး"

"သူတို့ကြည့်ရတာတစ်မျိုးပဲ၊ ငါတို့ကိုကြောက်လန့်ကြပုံမရဘူး. ."

"ကဝေမော်ရွာသားတွေက ဘယ်သူ့ကိုမှ မကြောက်တတ်ကြပါဘူး၊ တကယ်ဆိုရင် သူတို့က အခြားသူတွေထက်ပိုပြီး ကြောက်စရာကောင်းပါတယ်. ."

"ဘယ်လိုကြောင့်လဲ. ."

"အဲဒီရွာမှာနေကြတဲ့ လူတွေအတော်များများက စုန်းကဝေပညာတွေ တတ်ကြပါတယ်. ."

"စုန်းကဝေပညာဆိုတာဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခရောက်အောင် ပြုစားတတ်တဲ့ပညာမျိုးပါ. . "

"ဘလက်မက်ဂျစ်လို့ခေါ်တဲ့ မှော်ပညာမျိုးကို ပြောတာလား"

"မှန်ပါတယ်. . ဒါ့အပြင် ဒီအနီးအနားတစ်ဝိုက်မှာ နေကြတဲ့ရွာတွေမှာ ထမန်းကျားမျိုးနွယ်တွေလည်း ရှိကြပါတယ်"

"ထမန်းကျားဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲ"

"လူဟာနေ ကျားအသွင်ပြောင်းပြီး အန္တရာယ်ပေးနိုင်တဲ့ သတ္တဝါမျိုးတွေပါ. . "

အင်ဒရူးက မယုံကြည်သောအမူအရာမျိုးဖြင့် တစ်ချက်ရယ်လိုက်လေသည်။

"ငါတို့က ဒါမျိုးတွေအယုံအကြည်မရှိဘူး၊ အထက်က စေခိုင်းတဲ့အတိုင်း လုပ်စရာရှိတာတွေတော့ ဆက်လုပ်ရမှာပဲ"

ဟု ပြောဆိုပြီးနောက် အလုပ်များကိုဆက်လုပ်လေသည်။ သူတို့သည် ထိုနေရာတစ်ဝိုက်မှ ရွာများ၊ လယ်မြေများ၊ ဥယျာဉ်ခြံများကို အစမ္မသိမ်းယူပြီး ခြံဝန်းကျယ်ကြီး ခတ်ကြလေသည်။

ထိုခြံဝန်းကျယ်ကြီးကို ကျောက်တိုင်များစိုက်ထူပြီး သံဆူးကြိုးများဖြင့် အထပ်ထပ်ကာရံလိုက်သည်။

အမြင့်ပေမှာ (၁၂)ပေခန့်မြင့်ပြီး သံဆူးကြိုးနှစ်ထပ်သုံးထပ် ကာရံထားသောကြောင့် လူနှင့်တိရစ္ဆာန်များ မဝင်နိုင်တော့ပေ။

အကျယ်အဝန်းမှာ ငါးဧကခန့်ကျယ်ဝန်းလေသည်။ ထို





ဝန်းထဲတွင် တောင်ကုန်းများ၊ သစ်တောများနှင့် ရေစီးမြောင်းများ ရှိနေလေသည်။

အချို့ရေစီးမြောင်းများမှာ အနီးပတ်ဝန်းကျင်ရွာမှ စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများရှိရာသို့ စီးဆင်းသွားကြလေသည်။

ထိုစိုက်ခင်းများမှာ ကုန်းပေါ်မှဆင်းလာသော ရေစီးချောင်းများမှရေကို အားပြုပြီး စိုက်ပျိုးနေကြရလေသည်။

အင်ဒရူးတို့ကတော့ သစ်တောများကို သဘာဝအတိုင်းထားပြီး အဆောက်အအုံဆောက်မည့်နေရာများကိုသာ ရှင်းလင်းကြသည်။

သူတို့သည် သဘာဝဘေးအန္တရာယ်များ၊ တိရစ္ဆာန်များ အန္တရာယ်အပြင် ပတ်ဝန်းကျင်မှ မကျေမနပ်ဖြစ်နေကြသော ရွာသားများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြံစည်းရိုးများကို လုံခြုံအောင် ဦးစွာကာရံလိုက်ကြသည်။

ခြံစည်းရိုးကိုလည်း ဝင်ပေါက်တံခါးတစ်ခုသာထားပြီး ထိုတံခါးပေါက်ဝမှာလည်း နေ့ညမပြတ် ဂေါ်ရခါးစစ်သားများကို အစောင့်ချထားလေသည်။

အလုပ်သမားများကိုလည်း ထိုတံခါးပေါက်မှာပင် အဝင်အထွက်ပြုစေသည်။

အဆောက်အအုံဆောက်နေသော ရက်အတွင်းမှာလည်း မကြာခဏဆိုသလို ထိုအနီးတစ်ဝိုက်မှ လူအချို့ရောက်လာပြီး ၎င်းတို့လယ်ယာမြေများပြန်ပေးရန် လာရောက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သို့သော် ထွန်းခိုင်က ၎င်းတို့ကို အတွင်းသို့ပင် ဝင်ခွင့်မပေးတော့ဘဲ စစ်သားကို နှင်ထုတ်ခိုင်းလိုက်သည်။ ဂေါ်ရခါးစစ်သားများက ပြောမရဘဲ ပေကပ်နေသူများကို ရိုက်နှက်ပြီးမှ နှင်ထုတ်ကြသည်။

ထိုသို့ရိုက်နှက်သဖြင့် သွေးထွက်သံယိုဖြစ်တော့မှ အရိုက်ခံရသူက မျက်ထောင့်နီဖြင့် ကြည့်ပြီးပြောသည်။

"ငါတို့က အဲသည်လို လုပ်စေချင်တာ၊ ငါတို့သွေးကျသလို နင်တို့သွေးလည်း မြေကျစေရမှာပေါ့"

ထိုသို့ပြောပြီး ပြန်သွားကြသည်။

ထိုအကြောင်းကိုမသိသော ဂေါ်ရခါးစစ်သားများကတော့ ဘယ်လိုအဓိပ္ပါယ်မျိုးနှင့် ပြောသွားသည် မသိသော်လည်း ဒေသခံအချို့ကတော့ ၎င်းတို့ပြောသွားသော စကားအဓိပ္ပါယ်ကို သဘောပေါက်သဖြင့် ကြောက်လန့်နေကြသည်။

ထိုနေရာတစ်ဝိုက်မှာ နေထိုင်ကြသော စုန်းကဝေပညာတတ်သူများနှင့် ထမန်းမျိုးနွယ်တို့မှာ သာမန်နှင့်တော့ လူများကို အန္တရာယ်ပေးလေ့မရှိကြပေ။ ၎င်းတို့သွေးထွက်သံယို ဖြစ်အောင်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်၊ ထိခိုက်နစ်နာမှု ရှိအောင် ပြုလုပ်သောအခါမှသာ ပြန်ပြီးကလဲ့စားချေလေ့ ရှိကြသည်။ ထိုအကြောင်းကိုသိသော ထွန်းခိုင်အပါအဝင် ဒေသခံများက ကြောက်ရွံ့နေကြခြင်းဖြစ်သည်။

တစ်ညမှာတော့ ဂိတ်ပေါက်ဝဘက်မှ ဆူးဆူးဝါးဝါး အော်





သံကြားရသဖြင့် သေနတ်များယူပြီး ပြေးသွားကြလေသည်။

ထိုနေရာရောက်တော့ သွေးအိုင်ထဲမှာ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည့် ဂေါ်ရခါးစစ်သားတစ်ယောက်ကို တွေ့ရလေသည်။ စစ်ဆေးကြည့်သောအခါ မျက်နှာနှင့်လည်ပင်းတစ်ဝိုက်မှာ ကျားကုတ်ခံရသကဲ့သို့ လက်သည်းရာများနှင့် အစွယ်ရာများကို တွေ့ကြရသည်။

"ဘယ်လိုဖြစ်တာလဲ"

"ခြံထဲမှာ မည်းမည်းသဏ္ဍာန်တစ်ကောင် ခုန်ဝင်လာပြီး သူ့ကိုသတ်သွားတာပါ"

"ဘယ်အပေါက်ကဝင်လာတာလဲ"

"ခြံစည်းရိုးအပေါ်က ခုန်ကျော်ပြီးဝင်လာတာပါ"

"ဟင်. . "

အင်ဒရူးက (၁၂)ပေခန့်မြင့်သော ခြံစည်းရိုးကို မော့ကြည့်လိုက်သည်။

"ဘယ်လိုပုံသဏ္ဍာန်မျိုးလဲ"

"အမှောင်ထဲမှာမို့ သဲသဲကွဲကွဲ မမြင်လိုက်ရပါဘူး၊ ပြန်ခုန်ထွက်သွားတော့မှ လှမ်းမြင်လိုက်ရတာပါ၊ လူလိုလို ကျားလိုလို သဏ္ဍာန်မျိုးပါပဲ. . "

ဂေါ်ရခါးစစ်သားတစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် ပြောပြလေသည်။

အင်ဒရူးက မကျေနပ်သောကြောင့် နောက်ထပ် ဂေါ်ရခါး စစ်သားများကိုထပ်ခေါ်ပြီး အပြင်သို့ထွက်ပြီး တောနင်းရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေကြသော်လည်း အစအနမျှပင် မတွေ့ရပေ။

"ဒါ ဘယ်သူ့လက်ချက်ဖြစ်နိုင်သလဲ"

"ထမန်းကျားတွေလက်ချက် ဖြစ်နိုင်ပါတယ် သခင်"

ထွန်းခိုင်ကပြောလိုက်သည်။

"သူတို့ဘယ်ရွာမှာနေတာလဲ၊ အခုချက်ချင်းလိုက်သွားပြီး အားလုံးသတ်ပစ်မယ်. ."

အင်ဒရူးက ဒေါသတကြီးပြောလိုက်လေသည်။

"ဒီလိုလုပ်လို့မဖြစ်ပါဘူးသခင်. . ဒီနားတစ်ဝိုက်မှာ ရွာတွေကအများကြီးရှိသလို လူတွေကလည်း အများကြီးရှိပါတယ်၊ ဘယ်သူမှန်းမသိဘဲ တွေ့သမျှလူကို သတ်လို့မဖြစ်ပါဘူး"

"ဒါပေမယ့် ဒီလူသတ်သမားတွေကိုပေါ်အောင် စုံစမ်းပြီး အပြစ်ပေးရမယ်. ."

ဟု မကျေမနပ်ပြောဆိုပြီး စခန်းဘက်သို့ပြန်လာခဲ့လေသည်။ နောက်ပိုင်းညများမှာတော့ ဂေါ်ရခါးစစ်သားများကို ထပ်မံခေါ်ယူပြီး စခန်းပတ်လည်တစ်ခုလုံး အစောင့်ချထားလေသည်။

ထိုအခါမှာတော့ နောက်ထပ်ထူးထူးခြားခြား မဖြစ်တော့ဘဲ ပုံမှန်အတိုင်းသာ ရှိနေပြန်တော့သည်။





# အခန်း(၄)

# ကာဝေဖျော်ရွှေနှင့် မဟောင်ပြွှာ

အင်ဒရူးအနေဖြင့် မြန်မာပြည်ရောက်နေသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သောကြောင့် မြန်မာပြည်မှအကြောင်းများကို အတော်အတန် သိနေပြီးဖြစ်လေသည်။

ထို့ထက် အထက်ပိုင်းဒေသများနှင့် ပတ်သက်သော အကြောင်းများ၊ အထူးသဖြင့် ထူးခြားဆန်းကြယ်သော အကြောင်းများကိုလည်း လေ့လာထားလေသည်။

ထို့ကြောင့် အထက်ချင်းတွင်းဒေသတစ်လျှောက် တော



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးများ၌သော်လည်းကောင်း၊ ထူးခြားသောရွာများ၌သော်လည်းကောင်း ရှိနေသည်ဆိုသော ထမန်းကျားများအကြောင်းကို စိတ်ဝင်စားသလို ပရလောကသားများနှင့် ဆက်စပ်လျက်ရှိသော စုန်းကဝေပညာများကိုလည်း လေ့လာမှုပြုခဲ့သူဖြစ်လေသည်။

ထိုကဲ့သို့ လေ့လာထားသောကြောင့်လည်း အတန်အသင့် သိနေခဲ့လေသည်။

ယခု သူတာဝန်ယူဆောင်ရွက်နေသော သုတေသနစီမံကိန်းအတွက် အသုံးပြုရန်ဆောက်လုပ်နေသော အဆောက်အအုံများမှာ အတော်အသင့် ကောင်းအထည် ပေါ်လာခဲ့ပြီဖြစ်သည်။

ငါးဧကခန့်ကျယ်ဝန်းသောနေရာသို့ သံဆူးကြိုးများ အထပ်ထပ်ကာထားသော ခြံစည်းရိုးများဖြင့် ပတ်ပတ်လည်ကာရံထားပြီး အလယ်နေရာတွင် အဆောက်အအုံများ တည်ဆောက်နေခြင်းဖြစ်သည်။

ပင်မအဆောက်အအုံကြီးတစ်လုံးနှင့် နံဘေးတွင် အခြား အဆောက်အအုံများကို ဝန်းရံဆောက်လုပ်ထားသည်။

ပင်မအဆောက်အဦးကြီးမှာ နှစ်ထပ်ဖြစ်ပြီး ကျယ်ဝန်းသော အခန်းပေါင်းများစွာတို့ ပါဝင်လေသည်။

ရုတ်တရက်ကြည့်ပါက ဆေးဝါးထုတ်လုပ်သော စက်ရုံကြီးတစ်ရုံနှင့် ပုံသဏ္ဍာန်တူလှသည်။

နံဘေးမှဝန်းရံနေသော အဆောက်အအုံများကတော့





တစ်ထပ်ချင်းစီဖြစ်သော်လည်း အဆောက်အအုံတစ်ခုတိုင်းမှာ အခန်းများ ပါဝင်လေသည်။

ဂုင်းအဆောက်အအုံများက အဝေးမှကြည့်လျှင် မမြင်နိုင်စေရန် သစ်တောများအတွင်းမှာ တည်ဆောက်ထားခြင်း ဖြစ်လေသည်။

အင်ဒရူးသည် ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးဖြစ်သဖြင့် ထိုအဆောက်အအုံများကို သူကိုယ်တိုင်ဒီဇိုင်းရေးဆွဲပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘိလပ်မြေ၊ အုတ်၊ ကျောက်၊ သဲ၊ ကွန်ကရစ်၊ သံ၊ သစ်စသည်တို့ကိုအသုံးပြုကာ အလုပ်သမားပေါင်းများစွာတို့ဖြင့် ဆောက်လုပ်နေသော အဆောက်အအုံများမှာ ယခုအခါ အကောင်အထည် ပေါ်လာခဲ့ပြီဖြစ်ပေသည်။

သို့သော်လည်း သူ့အနေဖြင့် ချောချောမွေ့မွေ့ဆောင်ရွက်နိုင်ခဲ့သည်တော့ မဟုတ်ပေ။

အစကတည်းက အနှောင့်အယှက်အတားအဆီးများနှင့် ကြုံတွေ့ရသည်။

ထိုနေရာမှာ အဆောက်အအုံများဆောက်သောအခါ မလွတ်သောလယ်ယာမြေများနှင့် နေအိမ်များ၊ ရွာအချို့ကို ဖယ်ရှားပစ်ခဲ့ရသည်။

ထိုသို့ဖယ်ရှားခံရသည်ကို မကျေနပ်သောကြောင့် ကဝေမော်ရွာအပါအဝင် ရွာအချို့မှ လူများရောက်လာကြကာ ကန့်ကွက်ပြောဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မရမှန်းသိတော့ မကျေမနပ်နှင့် ပြန်သွားကြသည်။ နောက်ပိုင်းမှာတော့ ပြဿနာများတစ်ခုပြီးတစ်ခု ပေါ်လာလေတော့သည်။

ဂေါ်ရခါးစစ်သားတစ်ယောက် အသတ်ခံရသည်မှစပြီး မကြာခဏဆိုသလို အန္တရာယ်များက တစ်ခုမဟုတ်တစ်ခု ရောက်လာတတ်လေသည်။

အင်ဒရူးကတော့ ထမန်းမျိုးနွယ်များက ရန်ရှာနေသည် ထင်သောကြောင့် စခန်းတွင်းသို့ လူအဝင်အထွက်ကိုပင် များစွာ ဂရုစိုက်ကြည့်စေသည်။

ပြန်ထွက်သွားလျှင်လည်း လူအရေအတွက်နှင့် ပြန်ထွက်သွားစေသည်။

ညအချိန်တွင် ဝင်းထဲတွင် ဂေါ်ရခါးစစ်သားများမှလွဲပြီး အခြားသူများ မနေစေရပေ။

၎င်းတို့အနေဖြင့် အလုပ်လုပ်နေစဉ်ကာလအတွင်း ထမန်းကျားများကို အာရုံစိုက်နေစဉ်မှာ အခြားအန္တရာယ်အယှက်များနှင့်လည်း ကြုံတွေ့ရလေသည်။

တစ်ညတွင် ဂေါ်ရခါးစစ်သားများရှိနေသောနေရာနှင့် မနီးမဝေးတွင် ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ရပ်နေသည်ကို လှမ်းမြင်ကြရသည်။

"ဟေ့. . ဘယ်သူလဲ. ."

သေနတ်ဖြင့်ချိန်ကာ လှမ်းမေးလိုက်တော့ သစ်ပင်နောက်သို့ လှည့်ဝင်သွားသည်။





ထို့ကြောင့် ဂေါ်ရခါးစစ်သားနှစ်ယောက်က လက်နှိပ်မီး၊ သေနတ်များကိုကိုင်ပြီး ထိုနေရာသို့သွားကြည့်ကြသည်။

ဘာမှမတွေ့ရပေ။

အနီးပတ်ဝန်းကျင်သို့ မီးရောင်ဖြင့်ထိုးကြည့်တော့လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ထို့ကြောင့် မိမိတို့နေရာပြန်လာကြသည်။

ညဉ့်နက်ပိုင်းရောက်တော့ မနီးမဝေးရှိသစ်ပင်အောက်မှာ ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရပြန်သည်။ ဒီတစ်ကြိမ်တော့ နှစ်ယောက်အတူတူ မသွားတော့ဘဲ တစ်ယောက်က ရှေ့ဘက်မှသွားပြီး ကျန်တစ်ယောက်က နောက်ဘက်မှ ပတ်သွားလေသည်။

သူတို့ထင်ထားသည့်အတိုင်းပင်။

ရှေ့ဘက်မှ ဂေါ်ရခါးစစ်သားတစ်ယောက် လာနေတာမြင်တော့ ဆံပင်ဖားလျားချထားသည့် ထိုမိန်းမက အနောက်ဘက်သို့ လှည့်ဆင်းလာသည်။

ထိုအခါ အနောက်ဘက်မှပတ်ဝင်လာသော ဂေါ်ရခါးစစ်သားနှင့် ပက်ပင်းတိုးလေတော့သည်။

"ရပ်လိုက်စမ်း. . နင်ဘယ်သူလဲ"

အမျိုးသမီးက ဘာမှမပြောပေ. .။

သို့ကြောင့် အနားတိုးကပ်သွားသောအခါ ဖျတ်ခနဲ ပျောက်သွားလေတော့သည်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဇဝေဇဝါဖြင့် လိုက်လံရှာဖွေသောအခါ မနီး မဝေးသစ်ပင်အောက်မှာ ထပ်တွေ့ရသဖြင့် ထိုနေရာသို့ရောက် သောအခါ အနားရောက်သည်နှင့် အန္တရာယ်က ရောက်လာ လေတော့သည်။

လူတစ်ပိုင်း ကျားတစ်ပိုင်း ပုံသဏ္ဌာန်ဖြစ်နေသော သတ္တဝါတစ်ကောင်က အနားရောက်လာပြီး ဂေါ်ရခါးစစ်သား အပေါ်သို့ ခုန်အုပ်ကာ သတ်ဖြတ်လိုက်လေသည်။

ထိုသတင်းကို အင်ဒရူးသိသောအခါ ဂေါ်ရခါးစစ်သား များနှင့် ပိုက်စိပ်တိုက်ရှာဖွေသော်လည်း ဘာမှမတွေ့ရပြန်ပေ။

အင်ဒရူးလည်း မည်သို့မှ မတတ်နိုင်တော့ပေ။ နောက် တစ်ရက်မှာတော့ ဂေါ်ရခါးစစ်သားများနှင့် စကားပြန်ထွန်းခိုင်ကို ပါခေါ်ပြီး ကဝေမှော်ရွာသို့ သွားကြလေသည်။

ကဝေမှော်ရွာသည် ၎င်းတို့အဆောက်အအုံ ဆောက် လုပ်နေသည့်နေရာနှင့် အနီးဆုံးမှာရှိသောရွာဖြစ်သည်။

ထိုရွာမှာ ရှေးဟောင်းရွာကြီးတစ်ရွာ ဖြစ်သည်နှင့်အညီ အိမ်ခြေကလည်းများသည်။

လူမျိုးပေါင်းစုံတို့ စုဝေးနေထိုင်သောရွာလည်း ဖြစ်လေ သည်။ ထိုရွာကို စီမံအုပ်ချုပ်နေသူမှာ ဦးထန်ဖုန်းရှိန် ဖြစ်လေ သည်။ ထိုအိမ်သို့ရောက်တော့ ရွာလူကြီးကိုမေးသည်။

"ခင်ဗျားတို့ရွာမှာ ထမန်းကျားမျိုးနွယ်တွေ ရှိသလား"

"မရှိပါဘူး. ."

ဦးထန်ဖုန်းရှိန်က တိုတိုတုတ်တုတ်ပင် ပြန်ဖြေသည်။





"ကျုပ်တို့လုပ်ငန်းမှာ အနှောင့်အယှက်လာပေးနေကြ တာ ထမန်းကျားတွေလို့ပြောတယ်၊ ရှိရင်ပြောပြပါ. ."

"မရှိပါဘူး. . မယုံရင် ရွာထဲမှာလိုက်ရှာကြည့်ပါ၊ တွေ့ တာနဲ့ တစ်ခါတည်းခေါ်သွားပြီး သတ်ပစ်လိုက်ပါ. ."

ထိုသို့ပြောသဖြင့် ရွာထဲသို့ လိုက်လံရှာဖွေကြသည်။

အိမ်တစ်အိမ်သို့ရောက်သောအခါ အိမ်ရှေ့မှာ ကျား သားရေကို အကောင်လိုက်ခွာပြီး နေလှမ်းထားသည်ကိုမြင်သ ဖြင့် ထိုခြံဝန်းထဲသို့ဝင်သွားသည်။

သူတို့ဝင်လာတာမြင်တော့ အိမ်အတွင်းမှ လူရွယ်တစ် ယောက်ထွက်လာလေသည်။

"မင်းနာမည်ဘယ်သူလဲ"

"နီမောင်. ."

"မင်းက ထမန်းကျားတစ်ယောက်လား"

"မဟုတ်ပါဘူး. . ကျွန်တော်က ကျားပစ်တဲ့မုဆိုးပါ"

"ဒါဖြင့် ဒီရွာမှာ ထမန်းကျားတွေရှိသလား"

"မသိပါဘူး"

ထိုသို့ပြောသဖြင့် ရှေ့ဆက်သွားရာ တဲတစ်လုံးရှေ့သို့ ရောက်သောအခါ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘွား ကြီးတစ်ယောက် ထွက်လာသည်။

သူ့လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကိုင်ထားပြီး ကွ ဘက်ဟောင်းတစ်ထည်ကို ခြုံထားသည်။

"ခင်ဗျားကဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ငါ့နာမည်က ဒေါ်မင်းဇာလို့ခေါ်တယ်”

“ခင်ဗျားတို့ရွာမှာ ထမန်းကျားတွေရှိသလား”

“အဲဒါတော့ငါမသိဘူး. . နင်တို့ကြည့်ချင်ရင်တော့ ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတွေတော့ ငါပြပေးနိုင်တယ် ဟီး. . ဟီး”

ပါးစပ်ထဲမှ ကျိုးတိုးကျဲတဲသွားများပေါ်အောင် ရယ်လိုက်သဖြင့် အင်ဒရူးမှာ မျက်နှာရှုံ့မဲ့သွားလေသည်။

“နင်ကမယုံဘူးလား. . . မယုံရင် ညရောက်တော့ နင့်အခန်းထဲကို သရဲမတစ်ကောင် ငါလွှတ်ပေးလိုက်မယ် စောင့်သာနေ”

ဟု ပြောရာ အင်ဒရူးက သဘောမပေါက်သဖြင့် စကားပြန်ထွန်းခိုင်ကိုမေးရသည်။

“သူဘာပြောတာလဲ”

“သူက သရဲမလွှတ်ပေးနိုင်တယ်လို့ ပြောနေတာပါသခင်”

“ကောင်းတာပေါ့၊ ငါက ဒါမျိုးတွေ အယုံအကြည်မရှိဘူး၊ လွှတ်ပေးလိုက်တော့ တွေ့မြင်ရတာပေါ့”

ဟု ပြောပြီး ထိုနေရာမှပြန်လာကြရာ ရွာထိပ်တစ်နေရာရောက်တော့ ပန်းပဲထုနေသံကြားသောကြောင့် အခြေအနေဝင်ကြည့်ကြရာ အဘိုးကြီးတစ်ယောက်က ပေတုံးပေါ်မှာ ဓားတစ်စင်းကို ပုံသွင်းနေလေသည်။

“ခင်ဗျားနာမည်ဘယ်သူလဲ”





“ငါ့နာမည် ဦးဗန်ကောင်းလို့ခေါ်တယ်”

“ခင်ဗျား ဓားလုပ်နေတယ်ပေါ့၊ ခင်ဗျားလုပ်တဲ့ဓားက ဘယ်လောက်စွမ်းသလဲ”

“မင်းကိုင်ထားတဲ့သေနတ်ကရော ဘယ်လောက်စွမ်းသလဲ”

“လူကိုပစ်ရင်သေတယ်”

“ဓားနဲ့ခုတ်ရင်လည်း လူသေတာပါပဲ”

“ဒါပေမယ့် ခင်ဗျားတို့ကိုင်တဲ့ဓားက ကျုပ်တို့ကိုင်တဲ့လက်နက်တွေလောက် အားကိုးရပ့ါမလား”

“မင်းမယုံရင်လက်တွေ့စမ်းကြည့်ပါလား”

“ဘယ်လိုစမ်းမှာလဲ”

“ဟိုမှာချထားတဲ့သံလုံးကို ပြတ်အောင် မင်းသေနတ်နဲ့ပစ်ကြည့်ပါလား. .”

ဓားလုပ်ရန်ချထားသောသံလုံးက လေးပေခန့်ရှည်ပြီး လက်မောင်းလုံးခန့်ရှိသည်။

အင်ဒရူးက ခြောက်လုံးပြူးကိုထုတ်ပြီးပစ်သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း”

သုံးလေးချက်ပင်ပစ်သော်လည်း သံလုံးပြတ်ဖို့မဆိုထားနှင့် ပွန်းရာပင်မထင်ပေ။

ဦးဗန်ကောင်းက စင်ပေါ်မှာအဝတ်ဖြင့်ပတ်ပြီး တင်ထားသော ဓားတစ်လက်ကို ယူလာသည်။

မိုးကြိုးဓားပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကိုဖယ်၍ ဓားအိမ်ထဲမှဓားကို ညင်သာစွာဆွဲချွတ်ပြီး သံလုံးကိုပိုင်းချလိုက်သည်။

"ဒုတ်. ."

ဟု အသံကြားလိုက်ရပြီး သံလုံးက ဒီအတိုင်းပင်ရှိနေသည်။

"ဘာထူးခြားသလဲ"

ထိုအခါ ဦးဗန်ကောင်းက ခြေထောက်ဖြင့်တွန်းလိုက်ရာ နှစ်ပိုင်းပြတ်နေသည့်သံလုံးက တခြားစီဖြစ်သွားလေသည်။

ထိုအခါမှ အင်ဒရူးအပါအဝင် ကြည့်နေသူများမှာ တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားကြလေတော့သည်။

ဦးဗန်ကောင်းက ဓားကိုဓားအိမ်ထဲသို့ပြန်ထည့်၍ အဝတ်ဖြင့်ပတ်ပြီး မူလနေရာသို့ ပြန်တင်ထားလိုက်လေသည်။

အကယ်၍သာ ထိုဓားမှာမိုးကြိုးသွားအစစ်နှင့် ထည့်သွင်း ပြုလုပ်ထားသောကြောင့် သေနတ်ဖြင့်ပစ်လျှင် မီးမကူးသည့်အဖြစ်ကိုသာသိရလျှင် ထိုထက်အံ့သြရပေလိမ့်မည်။

ထိုနေ့က ကဝေမော်ရွာသို့သွားခဲ့ရာ ထမန်းကျားနှင့် မတွေ့ခဲ့ရဘဲ လူထူးလူဆန်းများနှင့်သာ တွေ့ခဲ့ရလေသည်။

စခန်းသို့ပြန်ရောက်သောအခါ မိမိစခန်းမှ အစောင့်စစ်သားများကို သတိဝီရိယထားပြီးစောင့်ကြရန် မှာကြားထားလေသည်။

သူသည် ညအချိန်ရောက်သောအခါ အရက်သောက်ရင်းနှင့် ကဝေမော်ရွာမှ ဒေါ်မင်းဇာပြောနေသော စကားများကို





ပြန်လည် ကြားယောင်နေမိသည်။

"နင်မယုံရင် ညရောက်တော့ နင့်အခန်းထဲကို သရဲမ တစ်ကောင် ငါလွှတ်ပေးလိုက်မယ်"

ထိုစကားသံကြီးက ယခုပင် နားနားမှာကပ်ပြောနေသကဲ့သို့ ပြန်လည်ကြားယောင်နေသည်။

"အဲဒီအဘွားကြီးကြည့်ရတာ စိတ်မနှံ့သလိုပဲ၊ သူပြောတဲ့စကားတွေကလည်း ဟုတ်နိုင်မယ်မထင်ပါဘူးလေ"

ဟု တွေးရင်း အရက်သောက်နေရာ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာသည်။

အင်ဒရူးနေသောနေရာမှာ ဆောက်လက်စအဆောက်အအုံများနှင့် မနီးမဝေးနေရာ၌ဖြစ်သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အဝေးဆီမှ ခွေးအူသံများ ကြားရသည်။

သူသည် နေရာမှထပြီး မှန်ပြတင်းပေါက်မှ ကြည့်လိုက်တော့ ဂိတ်ပေါက်ဝမှာ မီးအလင်းရောင်များရှိနေပြီး အစောင့်ကျနေသည့် ဂေါ်ရခါးစစ်သား သုံးလေးယောက်ကို လှမ်းမြင်ရသည်။

သူနေသောအဆောက်အအုံနှင့် ဂိတ်ပေါက်ဝမှာ သိပ်မဝေးလှပေ။ အစောင့်စစ်သားများ ရှိနေကြသောကြောင့် စိတ်ချလက်ချ အိပ်တော့မည်ဟု စဉ်းစားရုံရှိသေးသည် တံခါးပေါက်မှ တံခါးခေါက် သံပေါ်လာလေသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

အင်ဒရူးက တအံ့တသြနှင့်ထသွားပြီး တံခါးဖွင့်ကြည့်လိုက်တော့ အပေါက်ဝမှာ အမျိုးသမီးတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။

"နင်. . ဘယ်သူလဲ၊ ဟိုအဘွားကြီး လွှတ်လိုက်မယ်ဆိုတဲ့ သရဲမလား. ."

"မဟုတ်ပါဘူးရှင်. . အပြင်မှာနှင်းတွေကျလို့ သိပ်အေးတာပဲ. . အထဲဝင်ပါရစေ. ."

ထိုသို့ပြောသဖြင့် တံခါးကိုဟပေးလိုက်ရာ အထဲသို့ဝင်လာလေသည်။

အနားမှ ဖြတ်လျှောက်သွားသောအခါ အပုပ်နံ့တစ်ချက် ရလိုက်လေသည်။

"မင်းဘယ်ကလာတာလဲ. . ဒီကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

"ရှင်ပဲမှာထားလို့လာခဲ့ရသေးတယ်၊ စောစောကတည်းက လာခဲ့မလို့ပါပဲ၊ သင်္ချိုင်းကုန်းက အတော်ကလေးဝေးတော့ အခုမှ ရောက်လာရတယ်. ."

ထိုအမျိုးသမီးက ဘယ်လိုဘာသာစကားမျိုးဖြင့် ပြောနေသည်မသိရသော်လည်း သူပြောနေသည့် စကားအဓိပ္ပါယ်ကိုတော့ အင်ဒရူးနားလည်နေသည်။

"သင်္ချိုင်းကထလာတာမဟုတ်လား၊ ဒါ. . ဒါဖြင့်. ."

"ဟုတ်ပါတယ် ကျွန်မက သေတာတောင်မကြာသေးပါ





ဘူး၊ နေ့လယ်လောက်ကမှ ရွာကလူတွေက သုသာန်မှာ လာမြှုပ်သွားကြတာလေ၊ ဒါတောင် သူတို့က ခြေကြိုးလက်ကြိုးတွေချည်ထားခဲ့လို့ ထမရဘဲဖြစ်နေသေးတယ်၊ နောက်မှ ဒီကိုလာရမယ်ဆိုတာနဲ့ အတင်းကြိုးတွေဖြတ်ပြီး ကျုံးထလာခဲ့ရတာ. . ဟီး. . ဟီး"

ထိုကဲ့သို့ရယ်လိုက်သောအခါမှ မျက်နှာပုံပန်းသဏ္ဍာန်က ကြောက်မက်ဖွယ်ရာ ဖြစ်လာတော့သည်။

ထိုအချိန်မှာ ထိုအမျိုးသမီးက အနားသို့တဖြည်းဖြည်းတိုးကပ်လာရာ အင်ဒရူးမှာ အစောင့်များကြားအောင် အော်ဟစ်အကူအညီတောင်းဖို့ ကြိုးစားသေးသည်။

အသံမထွက်နိုင်တော့ပေ။

နောက်တစ်နေ့မှာတော့ သူ့အခန်းထဲမှာပင် ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေသော အင်ဒရူးအလောင်းကို အစောင့်များက တွေ့ကြရလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# ထမန်းမျိုးနွယ်တို့ ပေါ်ရန်ပြီး

သုတေသနအဆောက်အအုံများ ဆောက်လုပ်သော လုပ်ငန်းမှာ ချောချောမွေ့မွေ့ ပြီးသွားခဲ့သည်တော့မဟုတ်ပေ။

အကြောင်းအမျိုးမျိုးတို့နှင့် လူအသေအပျောက်များရှိခဲ့ကြသည့်အပြင် အန္တရာယ်အမျိုးမျိုး အနှောင့်အယှက်များစွာတို့နှင့် ကြုံတွေ့ခဲ့ကြရသည်။

ဆောက်လုပ်ရေးအင်ဂျင်နီယာ အင်ဒရူးတို့လို မျက်နှာဖြူအရာရှိအချို့ သေဆုံးခဲ့ကြသော်လည်း အင်္ဂလိပ်အစိုးရက

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုစီမံကိန်းကို ပြီးစီးအောင် ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ (၁၉၁၃)ခုနှစ် ဝန်းကျင်လောက်က စတင်ဆောက်လုပ်ခဲ့သည့် ထိုအဆောက်အအုံများမှာ နှစ်နှစ်ခန့်အချိန်ကြာပြီး (၁၉၁၅)ခုနှစ် ဝန်းကျင်လောက်မှ ချောမောအောင်မြင်စွာ ပြီးစီးခဲ့လေသည်။

ထိုအဆောက်အအုံများ ပြီးသောအခါ 'ဓာတ်သတ္တုသုတေသနစခန်း'ဟု အမည်ပေးထားကြသည်။

ဦးစွာ ထိုစခန်းသို့ စတင်တာဝန်ထမ်းဆောင်ရန် ရောက်လာကြသောအဖွဲ့ကို ပရော်ဖက်ဆာပရိုဗင်ဆိုသူက ဦးဆောင်လာသည်။

နောက်မှာလည်း သုတေသနပညာရှင်များ၊ သိပ္ပံပညာရှင်များလည်းပါလာကြသည်။

ထိုအထဲတွင် အမျိုးသမီးအချို့လည်းပါလာပြီး စုစုပေါင်း (၁၀)ယောက်ခန့်ရှိလေသည်။

၎င်းတို့သည် သုတေသနအဆောက်အအုံကြီးများအတွင်း၌ပင် ကိုယ့်အခန်းနှင့်ကိုယ် နေကြသည်။

သူတို့လည်း တူးဖော်ရရှိလာသော ဓာတ်သတ္တုများကို သိပ္ပံနည်းကျ သုတေသနပြုပေးကြရခြင်းဖြစ်သည်။

ဒီနေရာတွင် ထိုအဖွဲ့၏ခေါင်းဆောင်ဖြစ်သော ပရော်ဖက်ဆာပရိုဗင်အကြောင်းကိုတော့ အနည်းငယ်ဖော်ပြပေးရပေမည်။

သူသည် အသက်(၅၀)အရွယ်ခန့်သာရှိပြီး အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်သည်။





သိပ္ပံပညာထူးချွန်ရုံမကဘဲ သုတေသနပညာရပ်များကိုလည်း စိတ်ဝင်စားသူဖြစ်သည်။

ထို့ပြင် သဘာဝဓာတ်များ၏ ပြုပြင်ပြောင်းလဲမှုများကိုလည်း စိတ်ဝင်စားလေသည်။

ထိုအလုပ်များကို စမ်းသပ်နေစဉ်မှာပင် အင်္ဂလိပ်အစိုးရက တာဝန်ပေးသောကြောင့် 'ဓာတ်သတ္တုသုတေသနစခန်း' သို့ ရောက်လာရခြင်းဖြစ်သည်။

ထိုစခန်းကိုရောက်လာရခြင်းကိုပင် သူက သဘောကျနေတော့သည်။

အဘယ့်ကြောင့်ဆိုသော်. .

သူစိတ်ဝင်စားသော ဓာတ်သဘာဝများ ပြုပြင်ပြောင်းလဲမှုများ ရှာဖွေရန် ပိုမိုအခွင့်အရေးရသောကြောင့်ပင် ဖြစ်ပေသည်။

၎င်းနှင့်အတူပါလာသော လက်ထောက်အဖြစ် လုပ်ကိုင်နေသူများကလည်း အားကိုးရလေသည်။

ထိုအထဲတွင် ချားလက်နှင့် မေရီကျော်တို့နှစ်ယောက်မှာ များစွာကျွမ်းကျင်မှုရှိကြလေသည်။

ထိုအချိန်က သတ္တုတူးဖော်ရေးလုပ်ငန်းကို 'ဘားမား ကော်ပိုရေးရှင်းကုမ္ပဏီ'က လုပ်ကိုင်ရနေသောအချိန်ဖြစ်သည်။ ထိုကုမ္ပဏီသည် တူးဖော်ရင်းနှင့် မြေအောက်မှတူးဖော်မကုန်လောက်အောင်များပြားသော သတ္တုကြောသိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စက်ယန္တရားကြီးများဖြင့် ရသလောက် တူးဖော်ယူကြလေသည်။

အင်္ဂလိပ်တို့က မြန်မာပြည်ကို မတရားကျူးကျော်နယ်ချဲ့ကာ သိမ်းပိုက်ကြသော အဓိကရည်ရွယ်ချက်မှာ ထိုရတနာပစ္စည်းများကို အလိုရှိသောကြောင့်ပင်ဖြစ်သည်။

အမှန်တော့ အခြားတိုင်းပြည်မှ အဖိုးတန်ရတနာများကို လက်နက်အားကိုးဖြင့် အကြီးစား ဓားပြတိုက်ယူကြသည့် သဘောပင် ဖြစ်လေသည်။

မြန်မာနိုင်ငံကို သိမ်းပိုက်ထားစဉ်ကာလအတွင်း သတ္တုတွင်းများမှတူး ဖော်ယူသွားသော သတ္တုတန်ချိန်ပေါင်းမှာ များစွာရှိသည်။

တစ်လလျှင် သတ္တုရိုင်းတန်ချိန်(၄၀၀၀၀)ထုတ်ယူပြီး နမ္မတူစက်ရုံမှ အချောထုတ်လေရာ လစဉ် ငွေသားနှင့်ခဲအစရှိသော အဖိုးတန်သတ္တုတန်ချိန်ပေါင်း (၃၀၀၀၀)ခန့် လစဉ်ရလေသည်။

ထိုကုမ္ပဏီမှာ (၁၉၁၃)ခုနှစ်နောက်ပိုင်းမှ (၁၉၁၈)ခုနှစ်အထိ ထုတ်ယူကြရာ သတ္တုတန်ချိန်ပေါင်း မည်ရွေ့မည်မျှ များသည်ကို သိနိုင်ကြပေသည်။

မြန်မာနိုင်ငံမှာ ရွှေငွေ၊ ကျောက်သံပတ္တမြား၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုစသည်တို့ဖြင့် ကမ္ဘာပေါ်မှာအချမ်းသာဆုံးစာရင်းဝင်နိုင်ငံဖြစ်နိုင်သော်လည်း ယခုကဲ့သို့ဆင်းရဲတွင်း ရောက်နေရခြင်းမှာ ထိုအကျိုးဆက်များကြောင့်ပင်ဖြစ်ပေသည်။





ဓာတ်သတ္တုသုတေသနစခန်း ပြီးသွားသောအခါ ထိုစခန်းသို့ ပရော်ဖက်ဆာပရိုဗင် ဦးဆောင်သောအဖွဲ့သားများရောက်လာပြီး တူးဖော်ရရှိသော ဓာတ်သတ္တုအမျိုးမျိုးတို့ကို သုတေသန ပြုလုပ်ကြလေသည်။

ပရော်ဖက်ဆာပရိုဗင်အတွက်ကတော့ ဓာတ်သတ္တုသုတေသနအလုပ်များအပြင် သဘာဝဓာတ်များ၏ ပြုပြင်ပြောင်းလဲမှုများကိုပါ သုတေသနပြုခွင့်ရလေသည်။ ထိုအခန်းကို သီးသန့်ထားပြီး ၎င်း၏လက်ထောက်နှစ်ယောက်မှလွဲပြီး အခြားသူများကို ဝင်ခွင့်မပေးချေ။

ထိုအခန်းထဲတွင် ဆေးပုလင်းများ၊ ခွဲစိတ်ကိရိယာများ၊ သိပ္ပံနှင့်ဆိုင်သော ပစ္စည်းကိရိယာများနှင့် ဆေးရည်များထည့်ထားသော မှန်ပုံးများ၊ ခေါင်းတလားနှင့် ပုံသဏ္ဌာန်တူသော မှန်ခေါင်းကြီးများ ရှိလေသည်။

ထိုမှန်ပုံး၊ မှန်ခေါင်းများထဲမှာ သုတေသနပြုရန်အတွက် ထည့်ထားသော တိရစ္ဆာန်အချို့ရှိလေသည်။ မြွေ၊ ယုန်၊ ဖွတ်၊ တောခွေး စသောသတ္တဝါများအပြင် . . အချို့ကြီးမားသော မှန်ခေါင်းကြီးများထဲတွင် ကျား၊ ကျားသစ်ကဲ့သို့ အကောင်အရွယ်အစားကြီးသော သတ္တဝါများပင်ရှိလေသည်။

ပရော်ဖက်ဆာပရိုဗင်က ဓာတ်သတ္တုသုတေသန လုပ်ငန်းများကို ကြီးကြပ်ပေးရုံသာလုပ်ပြီး အချိန်ရသည်နှင့် ထိုအခန်းထဲမှာပင် အချိန်ကုန်နေတော့သည်။

သူသည် ပုံးများ၊ ခေါင်းတလားများအတွင်းမှ ဆေးရည်



www.burmeseclassic.com

www.burmeseclassic.com



များ လဲလှယ်သည့်အခါမှသာ ချားလက်နှင့်မေရီကျော်တို့ကို အကူအညီ ခေါ်လေသည်။

ပုံးများထဲမှရေများကို သွန်ချပြီး နောက်ထပ်ဆေးပေါင်းရည်အသစ်များ ထည့်ပေးရသည်။ ထိုနေရာမှသွန်ချလိုက်သော ဆေးရည်များသည် ရေနုတ်မြောင်းများထဲ ရောက်သွားပြီး ရေများနှင့်ရောနှောကာ အနိမ့်ပိုင်းဆီသို့ စီးဆင်းသွားလေသည်။

သုတေသနစခန်း တည်ဆောက်ထားသော နေရာမှာ တောင်ကုန်းအမြင့်ပေါ်မှာဖြစ်သောကြောင့် ထိုနေရာမှ စွန့်ပစ်လိုက်သောဆေးရည်မှန်သမျှ ရေများနှင့်ရောနှောကာ တောင်ခြေဘက်၌ရှိသော လယ်ယာစိုက်ခင်းများ၊ ရွာများရှိရာသို့ ရောက်သွားတော့သည်။

ထိုအခါ ပြဿနာပေါ်လာပြန်တော့သည်။

ဆေးရည်များရောနှောနေသော ရေများကိုသောက်မိသော ကျွဲနွားအစရှိသော တိရစ္ဆာန်များ သေကျေပျက်စီးကြသလို သီးနှံစိုက်ခင်းများလည်း ပျက်စီးကြရပြန်လေသည်။

ထိုအခါ သုတေသနစခန်းနှင့် အနီးဆုံးမှာရှိသော ကဝေမော်ရွာမှ လူအချို့အပါအဝင် အခြားရွာများမှလူများပါ စုရုံးရောက်လာကြပြီး ပြန့်ကွက်ပြောဆိုကြပြန်လေသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ကဝေမော်ရွာမှ ဦးထန်ဖုန်းရှိန်ဖြစ်လေသည်။

"ခင်ဗျားတို့တစ်တွေ ဒီအဆောက်အအုံတွေဆောက်တော့ ကျုပ်တို့ရွာတွေ၊ လယ်တွေပျက်ရတယ်၊ အခု ခင်ဗျားတို့





စက်ရုံက သွန်ချတဲ့ဆေးရည်တွေ၊ အဆိပ်ရည်တွေသောက်မိလို့ ကျွဲနွားတိရစ္ဆာန်တွေ သေကြရပြန်တယ်၊ ဒီအတွက် လျော်ကြေးပေးပါ"

ထိုအခါ သုတေသနစခန်းကို တာဝန်ယူနေသူများက တိုတိုတုတ်တုတ်နှင့်ပင် ပြန်ပြောလိုက်သည်။

"ဒီနားမှာအန္တရာယ်ရှိနေရင် ဝေးတဲ့နေရာရွှေ့ပြောင်းပြီး လုပ်ကြပေတော့၊ ဒီစက်ရုံကတော့ လုပ်စရာရှိတာ ဆက်လုပ်မှာပဲ၊ ခင်ဗျားတို့တောင်းတဲ့ လျော်ကြေးလည်း မပေးနိုင်ဘူး"

"ဒီလိုဆိုရင်လည်းပြီးတာပဲ၊ နောက်တော့သာ အဆိုးမဆိုကြနဲ့. ."

ဟု ပြောပြီးပြန်သွားကြသည်။

နောက်ပိုင်းမှာလည်း ထိုစခန်းသို့ လျှို့ဝှက်သော အန္တရာယ်များ တစ်ခုပြီးတစ်ခု ရောက်လာလေတော့သည်။

ယခင်အဆောက်အအုံများ စတင်ဆောက်လုပ်စဉ်က အင်ဒရူးတို့ ကြုံတွေ့ခဲ့ကြသော အန္တရာယ်မျိုးပင် ဖြစ်တော့သည်။

ညအချိန်ရောက်လာလျှင် ဘယ်နေရာမှ ဝင်လာမှန်းမသိသော ထမန်းကျားများ ရောက်လာပြီး စခန်းမှအစောင့်နှင့် လူအချို့ကို သတ်ဖြတ်သွားခြင်း၊

မကောင်းဆိုးဝါးများ၊ တစ္ဆေသရဲများရောက်လာပြီး လူများကို ခြောက်လှန့်သတ်ဖြတ်ခြင်းများ မကြာခဏဆိုသလို ဖြစ်ပေါ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာပရိုဗင်ကတော့ လူများကို ဝင်ရောက်သတ်ဖြတ်နေသော ထမန်းကျားများကို စိတ်ဝင်စားနေလေသည်။ ၎င်းတို့ကို ပုံမှန်မဟုတ်သော သဘာဝဓာတ်များ ပြုပြင်ပြောင်းလဲသူများဟု ယူဆကာ စိတ်ဝင်စားနေလေသည်။

၎င်းတို့သုတေသနစခန်းတွင် ရှမ်းမြန်မာသွေးပါသော အမျိုးသမီးတစ်ယောက်ရှိသည်။

သူမ၏အမည်မှာ 'နန်းမြတ်ဒေဝီ' ဖြစ်ပြီး (၂၈)နှစ် အရွယ်ခန့် ရှိသည်။

သူမသည် ချောမောလှပြီး သုတေသနလုပ်ငန်းများကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်သလို မဟုတ်မခံစိတ် ရှိသူတစ်ဦးလည်း ဖြစ်သည်။

ပရော်ဖက်ဆာပရိုဗင်အတွက် အားကိုးရသော လက်ထောက်တစ်ယောက်လည်းဖြစ်သည်။

တစ်နေ့တော့ ပရိုဗင်က နန်းမြတ်ဒေဝီကို ခေါ်မေးလေသည်။

"ဒေဝီ. . နင်က ဗမာပြည်မှာမွေးပြီး ကြီးပြင်းလာခဲ့တာဆိုတော့ ဒီကအကြောင်းတွေကို သိမှာပေါ့နော်. ."

"သိသင့်သလောက်တော့သိပါတယ် ဆရာ. ."

"ငါသိချင်တာက. . အခု ငါတို့စခန်းကို မကြာခဏလာပြီး ရန်ရှာနေတဲ့ ထမန်းကျားတွေဆိုတာ ဘယ်လိုလူမျိုးတွေလဲ"

ထိုအခါ နန်းမြတ်ဒေဝီက အနည်းငယ်စဉ်းစားပြီး သူမသိသမျှပြောပြလေသည်။





"ထမန်းကျားဆိုတာ လူစင်စစ်ကနေ ကျားစိတ်ကျားမာန်သွင်းပြီး အသွင်ပြောင်းနိုင်တဲ့သူတွေလို့ ကြားဖူးပါတယ်၊ အချို့ကလည်း ရုပ်ခန္ဓာပါ ကျားအသွင် ပြောင်းနိုင်ကြတယ်လို့ ယူဆကြပါတယ်. ."

"ဒါမျိုးတွေက ကမ္ဘာ့နေရာ အနှံ့အပြားမှာရှိပါတယ်၊ အထူးသဖြင့်တော့ အာဖရိကတောနက်ကြီးတွေထဲမှာနေကြတဲ့ လူရိုင်းတွေကျင့်သုံးတဲ့ အယူအဆတစ်မျိုးပါပဲ၊ သုတေသနပြုတဲ့ သူတွေကတော့ ဒါကို တိုတမ်ဝါဒလို့သတ်မှတ်ကြတယ်"

"တိုတမ်ဝါဒဆိုတာ ဘယ်လိုသဘောလဲ ဆရာ"

"တိုတမ်ဝါဒဆိုတာ. . . ယုံကြည်စွဲလမ်းမှု လွန်ကဲခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်၊ စိတ္တဗေဒအရတော့ ဟစ်စတီရီယားလို့ခေါ်တဲ့ စိတ်မတည်ငြိမ်တဲ့ ရောဂါတစ်မျိုးလို့လည်း သတ်မှတ်လို့ရပါတယ်. .၊

ငါ အာဖရိကတောထဲကို သုတေသနပြုဖို့အတွက်သွားတော့ ဒါမျိုးတွေ တွေ့ခဲ့ဖူးပါတယ်၊ ကျားတိုတမ်ဝါဒ၊ ခြင်္သေ့တိုတမ်ဝါဒ၊ မိကျောင်းတိုတမ်ဝါဒ၊ အချို့က သစ်ပင်တွေနဲ့ပတ်သက်ပြီး တိုတမ်ဝါဒရှိသူတွေလည်း တွေ့ခဲ့ရတယ်. .၊

တိုတမ်ဝါဒရှိသူတွေက သစ်ပင်ဖြစ်ဖြစ်၊ တိရစ္ဆာန်တစ်မျိုးမျိုးကိုပဲဖြစ်ဖြစ်၊ သူတို့နဲ့မျိုးနွယ်တူတဲ့ ဆွေမျိုးတော်စပ်တယ်လို့ ထင်နေကြတယ်. ."

"ဒီမှာရှိတဲ့ ထမန်းကျားတွေလည်း ဆရာပြောတဲ့ တိုတမ်ဝါဒသမားတွေပဲ ဖြစ်မယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးဖြစ်နိုင်တာပေါ့၊ ထမန်းကျားတွေဘယ်လို အသွင်ပြောင်းတယ်ဆိုတာ နင်သိသလောက်ပြောပြပါလား"

"ကျွန်မလည်း သေသေချာချာတော့မသိပါဘူး၊ လူကြီးသူမတွေပြောပြတာတော့ မှတ်သားထားတာတွေရှိပါတယ်"

အင်္ဂလိပ်များသိမ်းပိုက်ထားစဉ်က အထက်ချင်းတွင်း၌ ခရိုင်ဝန်ဖြစ်ခဲ့ဖူးသူ မစ္စတာဂရန့်ဘရောင်းက (၁၉၀၈)ခုနှစ်တွင် ထိုအကြောင်းနှင့်ပတ်သက်ပြီး စာအုပ်ရေးသား ထုတ်ဝေခဲ့လေသည်။

ထိုစာအုပ်ထဲတွင် အထက်ချင်းတွင်းအကြောင်းကို မှတ်တမ်းတင်ထားပုံများကို ရေးသားရာမှ ထိုအထဲတွင် ထမန်းကျားများအကြောင်းလည်း ပါဝင်လေသည်။

ထမန်းမျိုးနွယ်တို့သည် လူစင်စစ်မှ ကျားအသွင်သို့ ပြောင်းလဲနိုင်ပြီး မိမိကိုဒုက္ခပေးသော ရန်သူတို့ကို ပြန်လည်လက်စားချေလေ့ရှိကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အထက်ချင်းတွင်း မြစ်ကမ်းနံဘေးမှာရှိသော ထမံသီရွာတွင် ထမန်းကျား မျိုးနွယ်စုများရှိခဲ့ကြသည်။

အချို့ကတော့ ထမန်းကျားအယူအဆကို 'ရုပ်ပြောင်းနာမ်ခွာ'ပညာလို့ သတ်မှတ်ကြသည်။

အချို့ကလည်း ဝိညာဉ်ကူးပြောင်းသော ပညာဟုလည်း ခေါ်ကြသည်လည်းရှိသည်။

သမန်းကျားဆိုသည်မှာ လူ၏ဝိညာဉ်က ကျားကိုပူးကပ်





ပြီး သားကောင်ကို ကိုက်ခဲသတ်ဖြတ်နိုင်တဲ့ကျားကို ခေါ်ခြင်းဖြစ်ပြီး ထိုလူက အိပ်ရာထဲမှာပင် အိပ်ပျော်နေလေသည်။

သူ့ဝိညာဉ်ပူးကပ်နေသည့် သမန်းကျားက သားကောင်ကို ဖမ်းဆီးသတ်ဖြတ်ပြီးတော့ ဝိညာဉ်ကိုပြန်ခေါ်လေ့ရှိသည်။

ထို့နောက် အဖော်များခေါ်ပြီး ကိုက်သတ်ထားသော သားကောင်ကို သွားယူလေ့ရှိသည်။

ထိုသို့ယူရာမှာလည်း မည်သည့်တော မည်သည့်နေရာ၌ ရှိနေသည်ကိုသိနိုင်လေသည်။

ထိုကဲ့သို့ လူဝိညာဉ်ပူးကပ်နေသောကျားကို 'သမန်းကျား' ဟုခေါ်ပြီး လူကနေကျားအသွင် ပြောင်းနိုင်သူကို 'ထမန်းကျား' ဟု ခေါ်ကြလေသည်။

အချို့က 'ထမန်းကျား'နှင့် 'သမန်းကျား' အတူတူဖြစ်သည်ဟုထင်သော်လည်း မတူပေ။

တစ်ခါက သစ်တောအရေးပိုင်တစ်ယောက်သည် တောထဲ၌ ကျားနှင့်တူသော တိရစ္ဆာန်တစ်ကောင်နှင့်တွေ့သဖြင့် သေနတ်ဖြင့်ပစ်ခတ်ဖမ်းရာ အသေဖမ်းမိလေသည်။

သေဆုံးနေသောသတ္တဝါမှာ လူလည်းမဟုတ်၊ ကျားလည်းမဟုတ်၊ လူတစ်ပိုင်း ကျားတစ်ပိုင်း ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

ထိုသတ္တဝါကို ယူဆောင်သွားရန်ပြင်နေစဉ် အခြားထမန်းကျားများ ရောက်လာပြီး တိုက်ခိုက်ကာ လုယူသွားသောကြောင့် အလောင်းကို မရခဲ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"နန်းမြတ်ဒေဝီ. . နင်ပြောတာတွေကို ငါလက်ခံပါတယ်၊ ထမန်းကျားပဲဖြစ်ဖြစ်၊ သမန်းကျားပဲဖြစ်ဖြစ် သူတို့တစ်တွေဟာ လူတွေကိုအန္တရာယ်ပေးနိုင်တာကတော့ သေချာတယ်"

"ကျွန်မသိရသလောက်တော့ သူတို့ဟာ လူတွေကို အကြောင်းမဲ့တော့ ဒုက္ခမပေးကြပါဘူး၊ ဒါပေမယ့် သူတို့ကို ဒုက္ခရောက်အောင် လုပ်မိရင်တော့ အငြိုးတကြီးနဲ့ ကလဲ့စားပြန်ချေကြလေ့ရှိတယ်. . ."

"ဒီအတိုင်းမှန်ရင်တော့ အခုမကြာခဏ ငါတို့စခန်းလာပြီး ဒုက္ခပေးနေကြတာ သမန်းကျားတွေတော့ မဟုတ်နိုင်ဘူး၊ ထမန်းကျားတွေဖြစ်ဖို့ သေချာတယ်. ."

"ဒါပေမယ့် သတိတော့ထားရပါမယ်၊ ထမန်းကျားတွေဟာ ရန်ငြိုးရန်စွယ်ကြီးတဲ့သူတွေဆိုတော့ ကျွန်မတို့အပေါ်မှာ အငြိုးပြေမှာမဟုတ်ဘူး၊ အမြဲတမ်းလာပြီးဒုက္ခပေးနေကြမှာ သေချာပါတယ်"

ထိုစကားကို ပရော်ဖက်ဆာပရိုဗင်ကလည်း လက်ခံသဖြင့် ခေါင်းညိတ်ပြလေသည်။

"မှန်ပါတယ်. . အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်၊ ငါကလည်း သူတို့လာပါစေလို့ပဲ ဆုတောင်းနေပါတယ်"

နန်းမြတ်ဒေဝီက ပရိုဗင်ပြောသည့်စကားအဓိပ္ပါယ်ကို ကောင်းစွာနားမလည်ပေ။

သို့သော်လည်း ထွေထွေထူးထူးတော့ဖြင့် ထပ်မမေးတော့ဘဲ အခန်းထဲမှပြန်ထွက်လာခဲ့သည်။





တစ်ညမှာတော့ သုတေသနစခန်းဝင်းအတွင်းသို့ ထမန်းကျားများဝင်ရောက်လာပြီး တိုက်ခိုက်ပြန်လေသည်။

၎င်းတို့သည် သံဆူးကြိုးများကာရံထားသော (၁၂)ပေခန့်မြင့်သည့် ခြံစည်းရိုးအတွင်းသို့ရောက်အောင် မည်သို့မည်ပုံဝင်လာကြသည် မသိကြပေ။

အမှောင်ရိပ်များကို အကာအကွယ်ယူပြီး အစောင့်စစ်သားကို အလစ်ဝင်ရောက်တိုက်ခိုက်ကြခြင်း ဖြစ်လေသည်။

အစောင့်စစ်သားများကလည်း သေနတ်များဖြင့် ပြန်လည် ပစ်ခတ်ကြရာ ညဥ့်နက်ပိုင်းရောက်တော့မှ ရန်သူများက ပျောက်သွားကြသည်။

ထိုအခါမှ မီးရောင်များနှင့် လိုက်လံရှာဖွေသောအခါ အစောင့်စစ်သားအချို့ သေဆုံးနေသည်ကိုတွေ့ကြရသည်။ မျက်နှာ၊ လည်ပင်းနှင့် ကိုယ်ပေါ်တွင် လက်သည်းခြစ်ရာ အစွယ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေကြခြင်းဖြစ်သည်။

အချို့အလောင်းများမှာ ဒဏ်ရာတစ်ချက်နှစ်ချက်နှင့် သေဆုံးနေသောကြောင့် အသေအချာစစ်ဆေးကြည့်သောအခါမှ ပြင်းထန်သောအဆိပ်ကြောင့် သေရခြင်းဖြစ်ကြောင်း တွေ့ရသည်။

အဆောက်အအုံပတ်ဝန်းကျင်သို့ လိုက်လံကြည့်သောအခါ အဆောက်အအုံအနောက်ဘက် သစ်တောတစ်နေရာသို့ ရောက်သောအခါ အလောင်းတစ်လောင်းကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ပိုင်း၊ ကျားတစ်ပိုင်း ပုံသဏ္ဌာန်ဖြစ်နေသော ထမန်းကျားတစ်ကောင်၏အလောင်းပင် ဖြစ်လေတော့သည်။

ထိုသူမှာ ရန်သူများနှင့်တိုက်ခိုက်ရာမှ သေနတ်ကျည်ဆံ ထိမှန်သွားသောအခါ လူအသွင်သို့ ပြန်မပြောင်းရသေးခင်မှာ တစ်ပိုင်းတစ်စနှင့် သေဆုံးသွားခဲ့ဟန်ရှိလေသည်။

ထိုအလောင်းကိုမြင်သောအခါ ပရိုဖင်က ၎င်း၏ဓာတ်ခွဲ ခန်းအတွင်းသို့ သယ်ယူလာလေသည်။

ထိုအကြောင်းကို အခြားသူများကိုပင် အသိမပေးဘဲ လျှို့ဝှက်ထားလေသည်။

ကျားတစ်ပိုင်း လူတစ်ပိုင်းဘဝဖြင့် သေဆုံးနေသည့်အ လောင်းကို ဆေးရည်များထည့်ထားသော မှန်ခေါင်းအတွင်းသို့ ထည့်ပြီး ပိတ်ထားလိုက်လေသည်။

ထိုကဲ့သို့ပြုလုပ်ထားသည်ကို သူ့လက်ထောက်အဖြစ် လုပ်ကိုင်နေသော ချားလက်နှင့်မေရီကျော်တို့လောက်သာ သိကြ လေသည်။

နန်းမြတ်ဒေဝီကတော့ ပရိုဖင်နှင့်အတူတွဲလုပ်နေသည် ဆိုသော်လည်း လုပ်ငန်းချင်းမတူသောကြောင့် ထိုအကြောင်းကို အနည်းငယ်လောက်သာ ရိပ်မိလေသည်။

ပရိုဖင်က ထမန်းကျားအလောင်းထားသော အခန်း အတွင်း မည်သူမှ ဝင်ခွင့်မပေးပေ။

ချားလက်နှင့်မေရီကျော်တို့နှစ်ယောက်ကိုပင် သူနှင့် အတူပါမှ ဝင်ခွင့်ရကြလေသည်။





တစ်နေ့တော့ မေရီကျော်ကပြောသည်။

“ဆရာကြီး . . ကျွန်မတော့ ဒီအလောင်းကောင်ကြီးကို ကြည့်ရတာ တစ်နေ့တစ်ခြား ပုံပျက်ပန်းပျက်ဖြစ်လာသလိုပဲ၊ သူ့ကို ဒီအတိုင်းဆက်ထားလို့ ဖြစ်ပါ့မလား. . ”

“ဘာကြောင့်မဖြစ်ရမှာလဲ. . ၊ ငါသုတေသနပြုနေတဲ့ သဘာဝဓာတ်ဆေးတွေ ဘယ်လောက်အစွမ်းသတ္တိရှိတယ်ဆို တာ လက်တွေ့မြင်ရတော့မှာပေါ့. . ၊

ဒီအကြောင်းတွေကို ဘယ်သူမှမသိစေနဲ့၊ ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ကုန်ကုန်ပြောရရင် နန်းမြတ်ဒေဝီတောင် မသိစေ နဲ့”

မေရီကျော်က ခေါင်းညိတ်ပြလိုက်လေသည်။

ပရော်ဖက်ဆာပရိုဖင်အနေနဲ့ သုတေသနလုပ်ငန်းများ ကို အေးအေးဆေးဆေး ပြုလုပ်ရသည်တော့ မရှိပေ။ ထမန်းမျိုး နွယ်များက ၎င်းတို့မျိုးနွယ်မှ အလောင်းတစ်လောင်း ကျန်နေမှန်း သိကြသဖြင့် မကြာခဏဝင်ရောက်လာပြီး ရှာဖွေကြလေသည်။

သို့သော်လည်း သုတေသနအဆောက်အအုံမှာ ခိုင်ခံ့ လုံခြုံနေသောကြောင့် အထဲသို့ ဝင်ခွင့်တော့မရပေ။

တစ်ညမှာတော့ ထိုအဆောက်အအုံရှိရာဘက်မှ ဆူဆူ ညံညံအသံများ ကြားကြရလေသည်။

သေနတ်သံများနှင့် အော်ဟစ်သံများပင်ဖြစ်လေသည်။

ထိုအသံများကြောင့် သတ္တုချက်လုပ်သောနေရာမှ အ စောင့်များက ပြေးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အနည်းငယ်အလှမ်းဝေးသောကြောင့် အတန်ကြာမှ ရောက်သွားကြလေသည်။

သူတို့ရောက်သွားတော့ မြင်ကွင်းက မကောင်းလှပေ။ အစောင့်စစ်သား အတော်များများ သေဆုံးနေကြလေပြီ။

ထို့ပြင် သုတေသနအဆောက်အအုံမှာ တံခါးချပ်များလည်း ပျက်စီးနေလေသည်။

အတွင်းသို့ဝင်ကြည့်သောအခါ ချားလက်အပါအဝင် ဝန်ထမ်းအချို့မှာ ရုပ်ပျက်ဆင်းပျက် သေဆုံးနေလေပြီ။

ပရော်ဖက်ဆာပရိုဗင်မှာ အသက်ရှင်နေသေးသော်လည်း ဒဏ်ရာဒဏ်ချက်များဖြင့် သတိမေ့နေချေပြီ။

ထမန်းကျား အလောင်းထည့်ထားသော မှန်ခေါင်းကြီးကတော့ ကွဲကြေပျက်စီးလျက်ရှိပြီး အတွင်းမှာထည့်ထားသော အလောင်းကတော့ မရှိတော့ပေ။

တာဝန်ရှိသူများကတော့ ထမန်းမျိုးနွယ်များ လက်ချက်ဖြစ်မည်ဟု မှတ်ချက်ချကြလေသည်။

ထို့နောက်မှာတော့ ဒဏ်ရာများဖြင့် သတိမေ့နေသော ပရိုဗင်အား နမ္မတူဆေးရုံသို့ ပို့ပေးလိုက်ကြလေသည်။







# အခန်း(၆)

## ဒေါက်တာမင်းထင်ကျော်နှင့် မွဲဦးထွက်အတွေ့အကြုံ

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး လအနည်းငယ်ကြာသောအခါ သုတေသနစခန်းရှိရာသို့ ကားကြီးတစ်စီး ရောက်လာလေတော့သည်။

ထိုကားပေါ်မှာ သုတေသနစခန်းကို ဆက်လက်တာဝန်ယူ လုပ်ကိုင်မည့် အဖွဲ့တစ်ဖွဲ့လည်း ပါလာလေသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ မြန်မာအမျိုးသား သုတေသနပညာရှင် ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ အသက်(၃၀)အရွယ်ဝန်းကျင်ခန့်သာရှိသေးပြီး သုတေသနလုပ်ငန်းများကို ကျွမ်းကျင်သူလည်း ဖြစ်လေသည်။

ခာတ်သတ္တုသုတေသနစခန်းတွင် အန္တရာယ်များနှင့်တွေ့ခဲ့ရပြီးနောက် အင်္ဂလိပ်အစိုးရက ထိုအရပ်ဒေသများ အကြောင်းကို သိကျွမ်းနားလည်သော မြန်မာလူမျိုးပညာရှင်တစ်ယောက်ကို တာဝန်ပေးစေလွှတ်လိုက်ခြင်းပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ၎င်းနှင့်အတူ ၎င်းနှင့်လက်တွဲလုပ်ကိုင်မည့် လူအချို့ကိုပါ တစ်ပါတည်းခေါ်လာခဲ့လေသည်။

အတော်များများကတော့ မြန်မာလူမျိုးများ ပါဝင်လေသည်။ ပရော်ဖက်ဆာပရိုဇင် ဒဏ်ရာအပြင်းအထန်ရခဲ့ပြီး ဆေးကုသနေသောအချိန်တွင် ထိုစခန်းကို နန်းမြတ်ဒေဝီက တာဝန်ယူနေရလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက် ခာတ်သတ္တုသုတေသနပြုသောအလုပ်ခန်းများကိုသာ အသုံးပြုပြီး ပရော်ဖက်ဆာပရိုဇင် အသုံးပြုသွားခဲ့သော သုတေသနအခန်းများကိုတော့ ပိတ်ထားလေသည်။

နန်းမြတ်ဒေဝီတာဝန်ယူနေသော အချိန်အတောအတွင်းမှာပင် ကြောက်စရာကောင်းသော အဖြစ်အပျက်အချို့နှင့် တွေ့ကြုံခဲ့ရသေးသည်။

သို့သော် အန္တရာယ်နှင့်တော့ မတွေ့ခဲ့ရပေ။





သူမအနေနှင့် နေ့မှာအန္တရာယ်နှင့် တွေ့ရလေမလား၊ ညမှာ အန္တရာယ်နှင့်တွေ့ရလေမလား ရင်တမမနှင့် ဖြစ်နေသည့်အချိန်မျိုးမှာ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ရောက်လာသည်ကိုတွေ့သောအခါ များစွာအားရှိသွားလေသည်။

၎င်းတို့အတွက် နေရာထိုင်ခင်းများကို စီစဉ်ပေးပြီးနောက် ဒေါက်တာမင်းထင်ကျော်က အခြေအနေအားလုံးကို မေးမြန်းလေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်"

"ကျွန်မက နန်းမြတ်ဒေဝီပါရှင်၊ ဒေဝီလို့ပဲခေါ်နိုင်ပါတယ်၊ အခုလောလောဆယ်တော့ ကျွန်မ ဒီသုတေသနစခန်းကို တာဝန်ယူနေရပါတယ်. . "

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ. . "

"ကျွန်မလည်း ဒေါက်တာတို့အဖွဲ့ရောက်လာတာ ဝမ်းသာပါတယ်ရှင်. "

ထို့နောက် ဒေါက်တာမင်းထင်ကျော်က နန်းမြတ်ဒေဝီကိုခေါ်ပြီး ပိတ်ထားသော သုတေသနစခန်းတစ်ခုလုံးကို လိုက်လံကြည့်လေသည်။

နေရာအတော်များများတော့ အပျက်အစီးများဖြင့် ပြည့်နေလေသည်။

လဲကျနေသောဆေးပုလင်းများ၊ သုတေသနပြုရာ၌ အသုံးပြုသောပစ္စည်းများအပြင် မှန်ပုံး၊ မှန်ခေါင်းအကွဲများကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။

အချို့နေရာများမှာ သွေးများအကွက်လိုက် စွန်းထင်းနေပြီး အချို့မှာ ကြမ်းပြင်ပေါ်မှာ စွန်းထင်းနေဆဲပင် ရှိနေသေးသည်။

မကွဲမပျက်စီးပဲကျန်နေသော မှန်ပုံး၊ မှန်ခေါင်းများထဲမှာ ဆေးရည်စိမ်ထားသော တိရစ္ဆာန်အချို့ကို တွေ့ရလေသည်။

တိရစ္ဆာန်များမှာ ယုန်၊ မြွေ၊ ဖွတ်၊ မျောက်စသော သတ္တဝါများ တွေ့ရသည်။

တစ်နေရာမှာတော့ လူလောက်နီးပါး အရွယ်အစားကြီးသော မျောက်ဝံကြီးတစ်ကောင်ကို တွေ့ရသည်။

မျောက်ဝံကြီးကို မှန်ပုံးအတွင်းမှာ မတ်တတ်ရပ်လျက်သား အနေအထားမျိုးဖြင့် ထည့်ထားလေရာ အသက်ရှိနေသေးသော သတ္တဝါတစ်ကောင်နှင့်ပင် တူနေတော့သည်။

သုတေသနသမားများမှာ တိရစ္ဆာန်နှင့်လူများ သေဆုံးသွားသောအခါ ဆေးရည်စိမ်ထားကြသည်ကတော့ ထူးဆန်းသည် မဟုတ်ပေ။

သုတေသနပြုလုပ်ပုံချင်းသာ မတူကြခြင်းဖြစ်သည်။

အချို့က ရုပ်ခန္ဓာပြောင်းလဲမှုများကို သုတေသနပြုကြသည်။ အချို့ကတော့ အသက်ဝိညာဉ်ပြောင်းလဲမှုကို သုတေသနပြုကြသည်။

ရုပ်ခန္ဓာပြုပြင်ပြောင်းလဲမှုကို သုတေသနပြုသူများက လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သူတို့အလိုရှိသော ပုံပန်းသဏ္ဌာန်မျိုး





ရအောင် ပြုလုပ်နိုင်ကြသည်။

ဥပမာ မျောက်တစ်ကောင်ကနေ လူတစ်ယောက်နှင့်တူအောင် ပြုပြင်ပြောင်းလဲနိုင်သလို၊ ခွေးတစ်ကောင်ကိုလည်း ကြောက်စရာကောင်းသော ကျားတစ်ကောင်အသွင်ရောက်အောင် ပြုပြင်ပြောင်းလဲနိုင်ကြသည်။

အသက်ဝိညာဉ်ကို ပြုပြင်ပြောင်းလဲသော သုတေသနပညာရှင်များကတော့ သေဆုံးပြီးသောလူကိုသော်လည်းကောင်း တိရစ္ဆာန်တစ်ကောင်ကောင်ကိုသော်လည်းကောင်း အသက်ရှင်လာအောင် ပြုလုပ်ပေးနိုင်ကြသည်။

ထိုသို့ပြုလုပ်ရာမှာတော့ ၎င်းတို့၏ မူလအသက်ဝိညာဉ်ကို ပြန်ထည့်ပေးခြင်းမျိုးမဟုတ်ဘဲ သင့်တော်သော (ရှာဖွေရရှိသော) အသက်ဝိညာဉ်ကို အစားထိုးထည့်သွင်းပေးခြင်းပင် ဖြစ်သည်။

အနောက်တိုင်းပညာရှင်များတော့ လိပ်ပြာခေါ်သောပညာ (သို့မဟုတ်) ရုပ်ပြောင်းနာမ်ခွာပညာဟု သတ်မှတ်ခေါ်ဆိုကြသည်။

ယခု သုတေသနအခန်းတွင်းမှာတွေ့ရသော ဆေးရည်စိမ်ထားသည့် တိရစ္ဆာန်များကိုတွေ့ရသောအခါ ထူးထူးထွေထွေ အံ့သြသွားခြင်းမျိုးတော့ မဖြစ်မိပေ။ သို့သော်လည်း တစ်ခုတော့ သတိပြုမိလေသည်။

မှန်ပုံး၊ မှန်ခေါင်းများထဲမှာရှိနေသော တိရစ္ဆာန်တို့မှာ သာမန်ထက်ကြီးထွားနေပြီး ပုံပန်းသဏ္ဌာန်မှာလည်း ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိနေကြသည်ကို သတိပြုမိလိုက်ခြင်းဖြစ်ပေသည်။

အခန်းများထဲမှအခြေအနေများကို အသေးစိတ် လိုက်လံကြည့်ရာ တစ်နေရာရောက်တော့ ထူးခြားမှုတစ်ခုကို သတိပြုမိလေသည်။

နံရံတစ်ခုပေါ်မှာ သွေးကွက်များစွန်းပေနေပြီး လူနှစ်ယောက်ခန့်မြင့်သောနေရာမှာ လက်သည်းဖြင့် ကုတ်ခြစ်ထားသော အရာများကို တွေ့ရလေသည်။

လက်သည်းချွန်များကြောင့် အုတ်နံရံပေါ်မှာ အစင်းကြောင်းများ ထင်ကျန်ခဲ့လေသည်။

ထိုနေရာ၏အောက်မှာတော့ သွေးကွက်များက အတော်များလေသည်။

မနီးမဝေးနေရာမှာတော့ ကြီးမားသော မှန်ပုံးကြီးတစ်ခုမှာ ရှေ့ပိုင်းမှန်ချပ်များ ကွဲကြေကျနေလေသည်။

"ဒီမှန်ပုံးထဲမှာ ဘယ်လိုသတ္တဝါမျိုးကို ထည့်ထားတာလဲ"

နန်းမြတ်ဒေဝီက ခေါင်းခါပြသည်။

"ကျွန်မ မသိဘူး၊ ပရော်ဖက်ဆာက ဒီအခန်းထဲကို ဘယ်သူကိုမှ ဝင်ခွင့်မပေးဘူး၊ အမြဲတမ်းဝင်ခွင့်ရတာကတော့ သူ့လက်ထောက်ချားလက်ပါပဲ၊ ဒါပေမယ့် သူက အခုသေသွားပြီ. . "

ဟု ပြောသည်။

ထို့နောက် နှစ်ယောက်သား ရုံးခန်းအတွင်းသို့ပြန်လာ





ပြီး ဒေါက်တာမင်းထင်ကျော်က ထပ်မေးသည်။

"ဒေဝီက ဒီစခန်းမှာအလုပ်လုပ်နေတာ ကြာပြီဆိုတော့ ဒီကအကြောင်းတွေကို သိသမျှပြောပြပေးပါ. . "

"ဒီစခန်းကြီးဆောက်ဖို့စီစဉ်တော့ ဒီနေရာတစ်ဝိုက်မှာရှိတဲ့ လယ်မြေတွေကို သိမ်းယူရတယ်၊ ဒီနေရာတစ်ဝိုက်မှာနေကြသူတွေကို အခြားနှင်ထုတ်ပစ်ရတယ်၊ အဲ့ဒါကို မကျေနပ်ကြဘူး"

"ဟုတ်တာပေါ့. . "

"သုတေသနစခန်းဆောက်နေတဲ့ အချိန်မှာပဲ ထမန်းကျားတွေလာပြီး တိုက်ခိုက်လို့ အင်ဒရူးဆိုတဲ့ အင်ဂျင်နီယာတစ်ယောက်နဲ့ အစောင့်စစ်သားတွေသေကြရတယ်"

"ပြောပါဦး"

"နောက်ပိုင်း သုတေသနစခန်း ဆောက်ပြီးသွားတော့လည်း ဒီကနေစွန့်ပစ်လိုက်တဲ့ ဓာတ်ဆေးရည်တွေက သူတို့ရွာတွေဘက် ရောက်သွားတော့ ကျွဲနွားတိရစ္ဆာန်တွေ သေကြပြန်တော့ လာပြီးပြောကြသေးတယ်. . ၊ ပရော်ဖက်ဆာက လက်မခံခဲ့ဘူး"

"နောက်တော့ ဘယ်လိုဆက်ဖြစ်ကြသလဲဟင်"

"နောက်တော့ ထမန်းကျားအတော်များများ ရောက်လာပြီးတော့ ဒီစခန်းကိုတိုက်ခိုက်ကြတယ်၊ ဒီကလူတွေလည်း သေကြတယ်၊ အဲဒီအထဲမှာ ချားလက်လည်း ပါသွားတယ်၊ ဒါ့အပြင် ပရော်ဖက်ဆာလည်း ဒဏ်ရာအတော်များများ ရသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အရင်ကလည်း မကြာခဏ ဝင်တိုက်ကြတယ် မဟုတ်လား၊ ထူးခြားမှုတွေ ဘာရှိသလဲဟင်"

"လွန်ခဲ့တဲ့လပိုင်းတွေလောက်ကတော့ ကျားတစ်ပိုင်းလူတစ်ပိုင်းဖြစ်နေတဲ့ သတ္တဝါတစ်ကောင်ကို ဖမ်းမိတယ်လို့ ပြောသံကြားရတယ်. . ."

"အဲဒီသတ္တဝါကို အသက်ရှင်လျက်နဲ့မိတာလား"

"မဟုတ်ဘူး၊ သေနတ်ဒဏ်ရာနဲ့ သေနေတာကိုပဲ ရခဲ့ကြတာ၊ ဒါပေမယ့် ပရော်ဖက်ဆာက ဒီအကြောင်းတွေကို လျှို့ဝှက်ထားတယ်၊ အဲ့ဒီအလောင်းကို ဘယ်သူမှမမြင်အောင် သူ့ရဲ့ သုတေသနအခန်းထဲ ယူသွားတယ်ဆိုတာလောက်ပဲ သိခွင့်ရပါတယ်. ."

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဒေဗီရယ်၊ ဒီလိုသိရမှလည်း နောက်ထပ်ရင်ဆိုင်ရမယ့် အန္တရာယ်တွေကို ကြိုတင်ကာကွယ်လို့ရမှာပေါ့၊ ဒါထက် ပရော်ဖက်ဆာ ယူသွားတဲ့အလောင်းကတော့ အခုဒီအခန်းထဲမှာ မရှိတော့ဘူးပေါ့နော်"

"ဟုတ်ပါတယ်. . အဲ့ဒါ ဘယ်လိုကြောင့်ပျောက်သွားတာလဲဟင်. ."

နန်းမြတ်ဒေဗီက ပြန်မေးလေသည်။

"ကျွန်တော်သိသမျှပြောပြရရင်တော့ ထမန်းမျိုးနွယ်တွေဟာ သူတို့မျိုးနွယ်တွေရဲ့ လျှို့ဝှက်ချက်တွေကို အခြားသူတွေကို အသိမခံကြဘူး၊ အန္တရာယ်တစ်ခုခုနဲ့တွေ့ပြီး သေသွားခဲ့ရင်





လည်း အဲဒီအလောင်းကို ဖျောက်ဖျက်ပစ်တတ်ကြတယ်၊ သူတို့မျိုးနွယ်တွေ သေရင်မြှုပ်နှံတဲ့ ထမန်းနက်သချိုင်းဆိုတာရှိတယ်၊ အဲဒီသချိုင်းက. သူတို့မျိုးနွယ်တွေသာသိပြီး အခြားဘယ်သူမှ မသိနိုင်ကြဘူး"

"စိတ်ဝင်စားစရာပါပဲ. ."

"ကျွန်တော့်အထင်ပြောရရင်တော့ ဒီမှာကျန်နေတဲ့အလောင်းကို မရရအောင်ပြန်ယူပြီး ဖျောက်ဖျက်ပစ်လိုက်ကြတာဖြစ်မှာပါ. ."

"ဒေါက်တာက သူထို့အကြောင်းတွေကို အတော်လေးသိထားတာပဲ၊ ဒီလိုဆိုရင်တော့ အကာအကွယ်တွေ ပိုပြီးလုပ်နိုင်မှာပေါ့နော်. ."

"တတ်နိုင်သမျှတော့ ကြိုးစားကြည့်ရမှာပါပဲ၊ အဲဒီလိုအလောင်းပျောက်သွားပြီးတဲ့နောက်ပိုင်း ဒီစခန်းမှာ ဘယ်လိုအန္တရာယ်တွေ တွေ့ရသေးသလဲ"

"ကျွန်မအထင်ပြောရရင်တော့ ဒီပတ်ဝန်းကျင်မှာကြောက်စရာကောင်းတဲ့ အန္တရာယ်တွေကတော့ ရှိနေသေးပုံရတယ်၊ အခု ဒေါက်တာတို့အဖွဲ့တွေ ရောက်လာတော့မှပဲ စိတ်သက်သာရာ ရတော့တယ်. ."

ဟု နန်းမြတ်ဒေဗီက တိုင်းရင်းသူတစ်ယောက်ပီပီ ပွင့်လင်းစွာပင်ပြောလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်သည် သူနှင့်အတူပါလာသော အဖွဲ့သားများနှင့်အတူ စခန်းဖေစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com

ကို ပြုပြင်မှုများ စတင်ပြုလုပ်လေသည်။

ထိုကဲ့သို့ပြုလုပ်ရာမှာတော့ စခန်းမှာလက်ရှိ တာဝန်ထမ်းဆောင်နေသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့်အတူ ပါလာသူတို့မှာ ကျော်စွာ၊ ဂျယ်ရီထွန်းနှင့် အခြားသုံးလေးယောက်တို့ ဖြစ်ပြီး သုတေသနစခန်းတွင် လက်ရှိနေကြသူတို့မှာ နန်းမြတ်ဒေဝီ၊ မေရီကျော်၊ ထွန်းအောင်ကျော်၊ ဆရာဝန်စတီဖင်၊ စိုင်းကျော်ဘနှင့် စိုင်းကျော်လှတို့ညီအစ်ကို ဖြစ်ကြလေသည်။

ပရော်ဖက်ဆာပရိုဗင်ကတော့ ဆေးရုံမှာပင်ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်မှာ အတွေ့အကြုံရှိသူတစ်ဦးဖြစ်သောကြောင့် ယခုရောက်နေသောနေရာမှာ အန္တရာယ်ရှိသော နေရာတစ်ခုအနေနှင့်တော့ သတိပြုမိလေသည်။ ကျန်သည့်အဖော်များကိုလည်း ဒီအတိုင်းပင်မှာထားလေသည်။

"ကျွန်တော်တို့အခုရောက်နေတဲ့နေရာက အန္တရာယ်မကင်းတဲ့ အန္တရာယ်စက်ကွင်းထဲမှာဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်၊ ဒီတော့ သတိဝီရိယထားပြီးနေကြပါ. ."

"ဘယ်လိုအန္တရာယ်မျိုးဖြစ်မလဲဆရာ"

ကျော်စွာကမေးသည်။

"အခုအချိန်မှာတော့ ကျွန်တော်လည်း သေသေချာချာ မသိရသေးဘူး၊ အခန်းတွင်းက အခြေအနေတွေကို လေ့လာကြည့်တာကတော့ သာမန်အန္တရာယ်မျိုးတွေ ဖြစ်မယ်မထင်ဘူး"





ထိုကဲ့သို့ပြောသောအခါ ကျော်စွာက တစ်မျိုးအတွေးပေါက်သွားဟန်ရှိသည်။

"တစ္ဆေသရဲလို ဝိညာဉ်မိစ္ဆာတွေများလားဆရာ"

"ဖြစ်နိုင်စရာလည်းရှိပါတယ်၊ နေ့လယ်က အခန်းထဲကို ဝင်ကြည့်တော့ (၁၂)ပေလောက်မြင့်တဲ့ နံရံပေါ်မှာ လက်သည်းရာတွေ တွေ့ခဲ့ရတယ်၊ နောက်ပြီး အဲဒီနေရာမှာ သွေးတွေလည်း စွန်းနေတယ်. ."

ထိုစကားကြားသောအခါ အနားမှာရှိနေသည့် ဂျယ်ရီထွန်းက တစ်ချက်ရယ်လိုက်သည်။

သူသည် အင်္ဂလိပ်ကပြားတစ်ယောက်ဖြစ်ပြီး သတ္တိကောင်း သူတစ်ယောက်လည်းဖြစ်လေသည်။

"ဒီနေရာက တောတောင်ထူထပ်တဲ့နေရာပဲ၊ နောက်ပြီး တောထဲမှာ သတ္တဝါတွေမျိုးစုံရှိတာပဲ၊ ကျွန်တော် ဟူးကောင်းတောင်ကြားဘက်ရောက်ခဲ့တုန်းက ဒိုင်နိုဆောနဲ့တူတဲ့ သတ္တဝါကြီးတစ်ကောင် ဖမ်းမိကြတဲ့သတင်းတောင် ကြားခဲ့ဖူးတယ်၊ ဒီနေရာမှာလည်း ဒီလိုသတ္တဝါမျိုးတွေရှိနိုင်တာပေါ့၊ ဒါပေမယ့် ဘယ်လိုသတ္တဝါမျိုးပဲဖြစ်ဖြစ် သေနတ်ကျည်ဆံတော့ မခံနိုင်ပါဘူး. ."

ဟု ပြောရာ ကျန်လူများက ဘာမှဝင်မပြောကြပေ။

ထိုနေ့ညအချိန်ရောက်သောအခါမှာတော့ ဂျယ်ရီထွန်းတစ်ယောက် ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများကျနေသည်။

နှင်းကျသံများက နေရာအနှံ့ထွက်ပေါ်နေသည်။

ထိုအသံများနှင့် အခန်းအပြင်ဘက်မှ ဖြတ်လျှောက်သွားသောခြေသံကို ဂျယ်ရီထွန်းကြားလိုက်ရသည်။

ပထမတော့ စစ်သားတစ်ယောက်ယောက်ဖြစ်မည်ဟု ထင်လိုက်မိသည်။

နောက်တစ်ကြိမ်ကြားရသောအခါ မှန်ပြတင်းပေါက်မှ ဖြတ်လျှောက်သွားသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့မြင်လိုက်ရသည်။

"ဟင်. ."

ဂျယ်ရီထွန်းက သေနတ်ကိုယူပြီး ထိုနေရာသို့ လျှောက်သွားလေသည်။

သူမြင်လိုက်ရသောပုံသဏ္ဌာန်မှာ လူတော့မဖြစ်နိုင်ပေ။ လူတစ်ယောက်၏အရပ်အမောင်းမှာ ပြတင်းပေါက်ကို မကျော်နိုင်ပေ။

ယခုတွေ့လိုက်ရသည်က ပြတင်းပေါက်ကိုကျော်နေလေသည်။ တောဆင်ရိုင်းတစ်ကောင် ဖြတ်လျှောက်သွားတာလည်း ဖြစ်နိုင်သည်။

ပြတင်းပေါက်နားရောက်ပြီး မှန်ချပ်မှတစ်ဆင့် အပြင်သို့ ကြည့်လိုက်သည်။

"ချွမ်း. ."





မှန်ကွဲသံနှင့်အတူ လက်တစ်ဖက်က အထဲသို့ ရောက်လာလေသည်။

ဂျယ်ရီထွန်းက နံရံဘေးသို့ ကပ်ပေးလိုက်သောကြောင့် အန္တရာယ်နှင့် သီသီကလေးလွဲသွားသည်။

ပြတင်းပေါက်မှာ သံတိုင်းများ စိုက်ထားသောကြောင့် ဝင်လာသောလက်က တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသည်။

လူလက်နှင့်ပုံသဏ္ဌာန်တူသော်လည်း လူတစ်ယောက်လက်ထက် အဆမတန်ကြီးနေသည်။ အမွေးရှည်များပါသည်။

နက်မှောင်ရှည်လျားသော လက်သည်းချွန်ကြီးများ ရှိသည်။ ထိုလက်သည်းများဖြင့် ဟိုစမ်းဒီစမ်း လုပ်နေလေရာ ပထမတော့ ဂျယ်ရီထွန်းမှာ ကြောင်တောင်တောင်ဖြစ်ကာ ကြည့်နေသည်။

လက်ကြီးရောက်နေသောနေရာနှင့် သူရှိနေသော နေရာမှာ မဝေးလှပေ။

ထို့ကြောင့် နံရံတစ်ခုသာခြားသော အပြင်ဘက်မှ တဂီးဂီး တဂဲဂဲနှင့် မာန်ဖီနေသောအသံကိုပါ အတိုင်းသား ကြားနေရသည်။

နောက်တော့မှ သေနတ်ကိုထုတ်ပြီးပစ်လေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

တိတ်ဆိတ်နေသောအချိန်မှာ သေနတ်သံက ဆူညံသွားလေတော့သည်။

ခဏကြာတော့ ထိုနေရာသို့ ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရောက်လာလေသည်။

"ဘာဖြစ်တာလဲ"

ဂျယ်ရီထွန်းက တုန်ယင်နေသောအသံဖြင့် အဖြစ်အ
ပျက်ကို ပြောပြလိုက်သဖြင့် ထိုနေရာသို့ မီးရောင်ဖြင့်ထိုးကြည
သောအခါ သွေးကွက်အချို့တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က ထိုသွေးများကို နမူနာအ
ဖြစ် စစ်ဆေးကြည့်ရန် ယူနေလေသည်။

ဎင်းတို့အတွက် ပွဲဦးထွက်တွေ့ရသော အတွေ့အကြုံ
တော့ မလှပခဲ့ပါချေ။





# အခန်း(၇)

## နိမောင်နှင့်ဒေါက်တာမင်းထင်ကျော်

ဒေါက်တာမင်းထင်ကျော်က မှန်ဘီလူးမှတစ်ဆင့် မြင်နေရသော သွေးနမူနာများကို ကြည့်ပြီး တအံ့တသြ ဖြစ်နေလေသည်။ သူနှင့်မနီးမဝေးမှ နန်းမြတ်ဒေဝီနှင့် ကျော်စွာတို့ နှစ်ယောက်က ရပ်ကာ အခြေအနေကိုစောင့်ကြည့်နေကြသည်။

"အခြေအနေဘယ်လိုထူးသလဲ ဒေါက်တာ"

နန်းမြတ်ဒေဝီကမေးလိုက်သည်။

"အံ့သြစရာတွေကတော့ အများကြီးတွေ့ရတယ်လူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ရဲ့သွေးထဲမှာ သဘာဝမတူတဲ့သွေးတွေ ရောနေ တာတွေ့ရတယ်. . နောက်ပြီး. . ”

ဒေါက်တာမင်းထင်ကျော်က ဆက်မပြောဘဲ အတန် ကြာအောင် စဉ်းစားနေသည်။

“ဘာထူးသေးလဲ ဒေါက်တာ. . ”

“ပြောင်းလဲနေတာတွေလည်း တွေ့နေရတယ်၊ သဘာ ဝလွန် ဖြစ်ရပ်မျိုးတွေပေါ့၊ ဒီလိုသဘာဝလွန် ဆေးရည်တစ်မျိုးမျိုး သွေးထဲကိုရောက်နေရင် ပုံမှန်မဟုတ်တဲ့ ပြောင်းလဲမှုတွေ ဖြစ် လာနိုင်တယ်”

“ဘယ်လိုမျိုးလဲဆရာ. . ”

ကျော်စွာကပါ ဝင်မေးလိုက်သည်။

“ဥပမာ သာမန်ဖွတ်တစ်ကောင်ကို ဒီလိုဆေးရည်မျိုး တွေ ထိုးသွင်းပေးလိုက်ရင် ကိုမိုဒိုနဂါးတစ်ကောင်လောက် ကြီး ထွားလာနိုင်တယ်. . ”

ထိုစကားကြောင့် ကျော်စွာနှင့် နန်းမြတ်ဒေဝီတို့နှစ် ယောက်မှာ အံ့ဩသွားကြလေသည်။

“ဒါဖြင့် ညက ဂျယ်ရီထွန်းတွေ့လိုက်တဲ့သတ္တဝါက ဘယ် လိုမျိုးဖြစ်မလဲ. . ”

“လူတစ်ယောက်လက်မျိုးနဲ့တူတယ်ဆိုတော့ မျောက်ဝံ ကြီးတစ်ကောင်ကောင် ဖြစ်ဖို့များတယ်၊ မျောက်ဝံတွေဟာ သာ မန်အနေအထားမှာတောင် လူထက်ပိုကြီးကြလေတော့ ဆေး တွေရဲ့ ပြောင်းလဲမှုကြောင့် နှစ်ဆလောက်ပိုကြီးသွားတာလည်း





ဖြစ်နိုင်ပါတယ်၊ ဒေါက်တာနံ့ရဲ့ပေါ်မှာ တွေ့ခဲ့ရတဲ့ လက်သည်း ရာက အဲဒီသတ္တဝါကြီးရဲ့ လက်သည်းရာဖြစ်နိုင်ပါတယ်”

ဟု နန်းမြတ်ဒေဝီကပြောရာ ဒေါက်တာမင်းထင်ကျော် က လေးလေးနက်နက် စဉ်းစားနေလေသည်။

နေ့လယ်ပိုင်းအချိန်ရောက်သောအခါ ကျော်စွာကိုပါ ခေါ်ပြီး ကဝေမှော်ရွာရှိရာဘက်သို့ ဆင်းသွားကြလေသည်။

ကဝေမှော်ရွာမှာ သုတေသနစခန်းရှိနေသော တောင် ကုန်း၏ ဆင်ခြေလျှောအောက်ဘက်၌ရှိလေသည်။

တောင်ကုန်းပေါ်မှလှမ်းကြည့်ပါက သစ်ပင်အုပ်များ ကြားမှ ရွာကိုတစ်စွန်းတစ လှမ်းမြင်ရသည်။

ကြားထဲမှာတော့ သစ်တောများရှိနေလေရာ တော တိရစ္ဆာန်များ ခိုအောင်းနေပါက ရှာတွေ့ရန်ခက်ခဲသော နေရာ မျိုးဖြစ်သည်။

နှစ်ယောက်သား သေနတ်တစ်လက်စီတော့ ယူဆောင် လာကြပြီး တောလမ်းမှလာသောအခါ အခြားသဲလွန်စများ တွေ့ လိုတွေ့ငြား ကြည့်လာခဲ့ကြလေသည်။

တစ်နေရာရောက်တော့ ရေစီးမြောင်းတစ်ခု တွေ့ကြရ သည်။

ရေစီးမြောင်းက သုတေသနစခန်းရှိသောတောင်ကုန်း ပေါ်မှ ကဝေမှော်ရွာရှိသော အောက်ခြေဘက်သို့ စီးဆင်းနေ သည်ကို တွေ့မြင်ရသည်။

တကယ်ဆိုလျှင် ထိုနေရာသည် အုံ့ဆိုင်းနေသော သစ်



www.burmeseclassic.com

www.burmeseclassic.com



တောအတွင်း၌ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးနှင့် သာယာလှပသော နေရာတစ်ခုဖြစ်သင့်သော်လည်း မဖြစ်ပေ။

စမ်းချောင်းအတွင်းမှ စီးဆင်းလာသောရေများက သဘာဝအရောင်မဟုတ်ဘဲ အရောင်ပြောင်းနေလေသည်။

ကမ်းစပ်အနီးတစ်ဝိုက်မှာ ပေါက်နေကြသော သစ်ပင်အချို့မှာလည်း မီးလောင်ထားသကဲ့သို့ ညှိုးခြောက်နေကြသည်။

"ကမ်းစပ်တစ်လျှောက်မှာရှိတဲ့သစ်ပင်တွေ ခြောက်နေတယ် ဆရာ၊ ဒီရေက အဆိပ်သင့်နေပုံရတယ်"

"အမှန်ပေါ့ ကိုကျော်စွာရယ်၊ သစ်ပင်တွေသေသလို၊ လူနဲ့တိရစ္ဆာန်တွေ သောက်မိရင်လည်း သေမှာပဲ၊ ဒါကြောင့် တောင်ခြေမှာ ရှိတဲ့လူတွေ ဒုက္ခတွေ့နေကြတာပေါ့"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ တစ်နေရာရောက်တော့ ချောင်းနှင့်မနီးမဝေးမှာရပ်နေသော တော တိရစ္ဆာန်တစ်ကောင်ကို လှမ်းမြင်ရသည်။

သူတို့ရောက်နေသောနေရာနှင့် ချောင်းတစ်ဖက်ကမ်းစီးမှာ ရှိနေပြီး အနည်းငယ်လှမ်းသောနေရာ၌ ရှိလေသည်။

ရုတ်တရက်မြင်ရသည်ကတော့ တောခွေးတစ်ကောင်သာ ဖြစ်လေသည်။

သို့သော်လည်း တောခွေးက ထိုလောက်မကြီးပေ။

ယခု လှမ်းမြင်နေရသော သတ္တဝါက တောခွေးပုံသဏ္ဌာန်နှင့် ကျားတစ်ကောင်လောက် အရွယ်အစားကြီးနေ





သောသတ္တဝါပင် ဖြစ်လေသည်။

မျက်လုံးနှစ်လုံးက နီရဲနေပြီး သူတို့နှစ်ယောက်ကို လှမ်းမြင်တော့ အစွယ်များပေါ်သည်အထိ တဂီးဂီးနှင့် မာန်ဖီလျက်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကလည်း အခြေအနေကို လှမ်းကြည့်နေကြလေသည်။

အတန်ကြာတော့ တဂီးဂီးတဂဲဂဲနှင့် မာန်ဖီလျက် တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှနှစ်ယောက်သား ရှေ့ဆက်လျှောက်လာကြလေသည်။

"စောစောက လှမ်းမြင်လိုက်ရတာ တောခွေးတစ်ကောင် မဟုတ်လားဆရာ"

"တောခွေးတော့ တောခွေးပါပဲ၊ ဒါပေမယ့် တောခွေးနဲ့မတူတော့တဲ့တောခွေး ဖြစ်နေတာပေါ့၊ ဒီလိုအသွင်ပြောင်းနေတဲ့ တိရစ္ဆာန်တွေ တောထဲမှာ ဘယ်လောက်များနေပြီလဲမသိဘူး"

"ဒီလိုဆိုရင် ဒီနားတစ်ဝိုက်မှာရှိနေကြတဲ့ ရွာကလူတွေအတွက် အန္တရာယ်မကင်းပေဘူးပေါ့. ."

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"ခေတ်ကာလပြောင်းလဲလာတော့ သိပ္ပံပညာတွေလည်း တဖြည်းဖြည်းနဲ့ ထွန်းကားလာတယ်၊ သိပ္ပံပညာကြောင့် လူတွေအတွက် အကျိုးပြုတာမှန်ပေမယ့် မအောင်မြင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်၊ စမ်းသပ်မှုတွေလုပ်နေတဲ့ အချိန်ကာလတွေမှာတော့ အန္တရာယ်တွေရှိလာမှာ အမှန်ပဲ. . ”

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မွန်းလွဲပိုင်းအချိန်လောက်တွင် ကဝေမှော်ရွာရှိရာသို့ ရောက်သွားကြလေသည်။

တစ်ရွာလုံး လူတစ်ရပ်ခန့်မြင့်သော သစ်လုံးတိုင် ခြံစည်းရိုးများ ကာရံထားသည်။

ဝင်ပေါက်နေရာမှာ တံခါးချပ်တပ်ထားပြီး တွန်းဝင်သွားလျှင် အလိုလိုပြန်ပိတ်သွားသော တံခါးမျိုးဖြစ်သည်။

ထိုတံခါးကိုလည်း သစ်လုံးများဖြင့် အခိုင်အခံ့ပြုလုပ်ထားလေသည်။

ယခင်က ကဝေမှော်ရွာမှာ ထိုကဲ့သို့ခြံစည်းရိုး ခတ်ထားခြင်း မဟုတ်ပေ။

နောက်ပိုင်း တောင်ကုန်းပေါ်မှစီးကျလာသောရေများကို သောက်မိရာမှ ကျွဲနွားသိုးဆိတ် အစရှိသောတိရစ္ဆာန်များ သေကျေပျက်စီးကြသောကြောင့် ထိုကဲ့သို့ခြံစည်းရိုးများ ခတ်ထားကြခြင်းဖြစ်သည်။

ထိုရွာမှလူများသည်လည်း ၎င်းတို့၏ လယ်နှင့်သီးနှံစိုက်ခင်းများကို ထိုနေရာနှင့်ဝေးသော အခြားနေရာများမှာ သွားရောက် လုပ်ကိုင်ကြလေသည်။

ကျွဲနွားတိရစ္ဆာန်များကိုလည်း ၎င်းတို့နှင့်တစ်ပါတည်းခေါ်သွားပြီး အလုပ်ပြီးပါက တစ်ပါတည်းပြန်ခေါ်လာကာ ခြံဝန်းထဲ ထည့်ထားကြရလေသည်။





ထိုကဲ့သို့ သစ်လုံးခြံစည်းရိုးခတ်လိုက်ရခြင်းမှာ ကျွဲနွားတိရစ္ဆာန်များ ရွာအပြင်ထွက်မည်စိုးသည်လည်း တစ်ကြောင်း၊ နောက်တစ်ချက်က တောထဲမှရောက်လာသော အခြားတိရစ္ဆာန်များ ရောက်လာပါက ကာကွယ်ရန်အတွက် ဖြစ်လေသည်။

ယခုလာကြသော တိရစ္ဆာန်များမှာ မူလပုံသဏ္ဌာန်အတိုင်း မဟုတ်တော့ဘဲ ပုံပျက်ပန်းပျက်နှင့် ကြီးထွားနေသော သတ္တဝါများ ဖြစ်နေရာ အန္တရာယ်များလေသည်။

သို့ကြောင့် ရွာလူကြီးဦးထန်ဖုန်းရှိန်က ခေါင်းဆောင်ပြီး တစ်ရွာလုံးကို သစ်လုံးခြံစည်းရိုးများ ခတ်ထားလိုက်ခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် ရွာထဲသို့ဝင်သွားသောအခါ ရွာသူရွာသားအချို့က မလိုမုန်းတီးသော အကြည့်မျိုးဖြင့် ကြည့်ကြပေသည်။

တစ်နေရာရောက်သောအခါ ရွာသားသုံးလေးယောက်တို့က ဝိုင်းဖွဲ့လာပြီး တုတ်၊ ဓား၊ လှံ စသည်တို့ကိုကိုင်ကာ နောက်မှ ရန်မူလိုသောဟန်ဖြင့် လိုက်လာကြသည်။

ထိုရွာတစ်ရွာလုံးက သူတေသနစခန်းမှလူများကို မုန်းတီးနေကြသည်။

ရန်သူလိုသဘောထားနေကြသည်။

သူတို့ ဘိုးဘွားမိဘများလက်ထက်ကတည်းက တည်ထောင်ထားခဲ့သော လယ်ယာမြေများ၊ ဥယျာဉ်ခြံများ နေအိမ်



www.burmeseclassic.com

www.burmeseclassic.com



များမှာ ထိုကဲ့သို့ သုတေသနစခန်းလာဆောက်တော့မှ ပျက်စီးရသည်ကြောင့် ထိုစခန်းမှလူများကို ရန်သူကဲ့သို့ သဘောထားနေကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ဝင်လာသောအခါမှာလည်း ထိုစခန်းမှလူမှန်းသိကြသဖြင့် ရန်မူရန် နောက်မှ လိုက်လာကြခြင်းဖြစ်သည်။

ထိုအခြေအနေကိုမြင်တော့ ကျော်စွာက ခါးကြားမှာ ထိုးထားသော သေနတ်ပေါ်သို့ လက်တင်ထားလေသည်။

နောက်မှလိုက်လာသူများကလည်း ၎င်းတို့မှာလက်နက်များပါလာ၍လည်း ရုတ်တရက်ဝင်ရောက်ရန်မူခြင်း မပြုဘဲ အခြေအနေကိုကြည့်ကာ လိုက်လာကြခြင်းဖြစ်လေသည်။

တစ်နေရာရောက်တော့ လူရွယ်တစ်ယောက်ထွက်လာလေသည်။

နီမောင်ပင်ဖြစ်သည်။

နီမောင်က ရှေ့မှသွားနေသောနှစ်ယောက်နှင့် နောက်မှလိုက်လာသည့် ရွာသားများ အခြေအနေကို အကဲခတ်မိဟန်ဖြင့် ရွာသားများရှိရာသို့လျှောက်သွားပြီး တစ်စုံတစ်ခု ပြောလိုက်လေသည်။

ထိုအခါ ရွာသားများက သူတို့နောက်ကို ဆက်မလိုက်တော့ဘဲ ပြန်လှည့်သွားလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့ရှိရာသို့ လျှောက်လာလေသည်။





အနားရောက်တော့ ပြုံးပြရင်းနှင့်မေးသည်။

"ဆရာတို့က သုတေသနစခန်းကပါလား"

"ဟုတ်ပါတယ်. ."

"ဒီရွာကို ဘာကိစ္စရှိလို့လာကြတာလဲ"

"ရွာလူကြီးနဲ့တွေ့ချင်လို့ပါ၊ ဒါထက်. . မင်းက ဘယ်သူလဲ. ."

"ကျွန်တော့်နာမည် နီမောင်လို့ခေါ်ပါတယ်. ."

"တွေ့ရတာဝမ်းသာပါတယ် ကိုနီမောင်ရယ်၊ ကျွန်တော့်နာမည်က ကျော်စွာလို့ခေါ်တယ်၊ ဆရာကတော့ ဒေါက်တာမင်းထင်ကျော်ပါ. ."

နီမောင်က အသိအမှတ်ပြုသောအမူအရာဖြင့် ခေါင်းတစ်ချက်ညိတ်ပြသည်။

"ဒီရွာကလူတွေက ဆရာတို့အပေါ်မှာ တစ်မျိုးမြင်နေကြတော့ ရွာထဲကိုအခုလိုလာတာ အန္တရာယ်မကင်းလှပေဘူး"

"ငါတို့က အန္တရာယ်ပေးဖို့လာကြတာမဟုတ်ပါဘူး"

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ နီမောင်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"ရွာလူကြီးအိမ်သွားမယ်ဆိုရင် ကျွန်တော်လိုက်ပို့ပေးပါမယ်. ."

"ကျေးဇူးတင်ပါတယ်ကွာ. ."

ထို့နောက် နီမောင်လိုက်ပို့ပေးသောကြောင့် ရွာလူကြီး ဦးထန်ဖုန်းရှိန်အိမ်သို့ ချောချောမောမော ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့သို့ရောက်သောအခါ အိမ်ထဲမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး ချောမောလှပသူဖြစ်သော်လည်း နီမောင်နှင့်အတူ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ပါလာသည်ကို မြင်သောအခါ သူမ မျက်နှာမှာ တင်းမာခက်ထန်နေလေသည်။

သူမမှာ အခြားမဟုတ်ပေ. . ။

ရွာလူကြီးဦးထန်ဖုန်းရှိန်၏သမီး မြဝင်းသူပင်ဖြစ်သည်။

မြဝင်းသူက ဒေါက်တာမင်းထင်ကျော်တို့ကို တစ်ချက်ကြည့်ပြီး နီမောင်ကိုမေးလိုက်သည်။

"နီမောင် သူတို့ကဘယ်သူတွေလဲ"

"သုတေသနစခန်းကလာကြတဲ့သူတွေပါ၊ ရွာလူကြီးနဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပါ. . "

"ဘဖြစ်လို့ခေါ်လာတာလဲ. . သူတို့က ငါတို့တစ်ရွာလုံးဒုက္ခရောက်အောင် လုပ်နေကြတာ နင်မသိဘူး"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဝင်ပြောပြရသည်။

"ငါတို့က အခုမှရောက်လာတဲ့လူသစ်တွေပါ၊ ဒီမှာဖြစ်ပျက်နေတဲ့အကြောင်းတွေကို ဘာမှမသိရသေးပါဘူး၊ ဒါကြောင့်ရွာလူကြီးနဲ့တွေ့ပြီး အကျိုးအကြောင်းမေးကြည့်ချင်လို့ လာခဲ့ကြတာပါ"

"အဖေမရှိဘူး တော်တော်ကြာမှပြန်ရောက်မယ်၊ စောင့်ချင်လည်းစောင့်ကြပေါ့. . "

ဟု ပြောပြီး အိမ်ထဲပြန်လှည့်ဝင်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က အိမ်အောက်မှာချထားသော ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်ကြလေသည်။

အခြေအနေမကောင်းမှန်း ရိပ်မိသဖြင့် နီမောင်ကလည်း ပြန်မသွားသေးဘဲ သူတို့နှင့်အတူထိုင်ကာ စကားပြောနေသဖြင့် တော်သေးသည်။

"နီမောင်. . မင်းက ဘာအလုပ်လုပ်လဲ"

"အရင်ကတော့ ယာကွက်တစ်ကွက်ရှိပါတယ်၊ နောက်တော့ ကျွန်တော်တို့ယာကွက်တွေနေရာမှာ အလုပ်ရုံတွေလာဆောက်တော့ ဖယ်ပေးခဲ့ရတယ်. . ၊

အခုတော့ တောထဲမှာ အမဲလိုက်တဲ့အလုပ်ပဲ လုပ်ရတော့တယ်. . "

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းဖြစ်သွားလေသည်။

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူးနီမောင်ရယ်"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာရယ်၊ သူတို့လက်ခုပ်ထဲကရေ ဖြစ်နေမှတော့ သူတို့သဘောကျတဲ့အတိုင်း လုပ်တာခံကြရမှာပေါ့၊ သူတို့က ကျွန်တော်တို့နေရာမှာတင်လာပြီး ဒုက္ခပေးတာမှမဟုတ်တာ၊ တစ်ပြည်လုံးကို လက်ဝါးကြီးအုပ်ပြီးတော့ နှိပ်စက်နေတာပဲဟာ. . "

"မှန်ပါတယ်. . မင်းပြောတာအမှန်ပါပဲ၊ မျက်နှာ







www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့တွေက သူတို့အကျိုးရှိတာပဲကြည့်တယ်၊ ကျန်တာဘာမှ ဂရုမစိုက်ကြပါဘူး၊ ငါတို့လည်း မလွှဲသာလို့သာ သူတို့လက်အောက်မှာ အလုပ်လုပ်နေရပေမယ့် အလုပ်ချင်ပါဘူး. . ”

“ဆရာတို့ကိုတော့ မြင်တာနဲ့ အရင်လူတွေနဲ့မတူဘူးဆိုတာ အကဲခတ်မိပါတယ်၊ နောက်လည်း အကူအညီလိုရင်ပြောပါဆရာ၊ ကျွန်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်”

ထိုသို့ပြောနေကြစဉ်မှာ ဦးထန်ဖုန်းရှိန်ပြန်ရောက်လာသည်။ သူရောက်လာတော့ နီမောင်ကပင် မိတ်ဆက်ပေးလေသည်။

“ဆရာတို့က ဘာကိစ္စရှိလို့လာကြတာလဲ”

“ကျွန်တော်တို့က ဒီမှာဖြစ်ပျက်နေတဲ့အကြောင်းတွေသိချင်ပါတယ်၊ ဒါကြောင့်လာခဲ့ကြတာပါ”

“ဘာများပြောစရာရှိမလဲဆရာရယ်၊ သူတို့စက်ရုံတွေအလုပ်ရုံတွေလာဆောက်တော့ ကျုပ်တို့လယ်တွေရွာတွေ ပျက်စီးခဲ့ရတယ်၊ စက်ရုံတွေပြီးတော့ အဲ့ဒီကစွန့်ပစ်တဲ့ဆေးရည် အဆိပ်ရည်တွေကြောင့် ကျွဲနွားတိရစ္ဆာန်တွေ သေကြရတယ်၊

အခုတော့ သူတို့နဲ့ဝေးတဲ့ ဟိုးဘက်နေရာတွေမှာ သွားပြီး လုပ်ကိုင်စားသောက်နေကြရတယ်”

“ဒီစကားကြားရတာ ကျွန်တော်စိတ်မကောင်းပါဘူး၊ ကျွန်တော်က သုတေသနစခန်းကို အခုမှရောက်လာတဲ့သူပါ၊ ဒီမှာကြုံတွေ့နေရတဲ့ဒုက္ခတွေကို တတ်နိုင်သမျှ အကူအညီပေးပါ့မယ်”





ထိုစကားကြောင့် ဦးထန်ဖုန်းရှိန်က အံ့ဩသွားဟန်ရှိသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က သုတေသနစခန်းမှ စွန့်ပစ်သော အဆိပ်ရည်၊ ဆေးရည်များ တောင်ခြေဘက်သို့ရောက်မလာစေရန် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် စက်ရုံအလုပ်ရုံနယ်နိမိတ်များနှင့်လွတ်သော လယ်မြေ၊ ယာမြေတို့ကို ပြန်လည်လုပ်ကိုင်ခွင့် ပေးမည်ဖြစ်ကြောင်း ပြောလိုက်သောအခါ များစွာဝမ်းသာသွားကြလေသည်။

“ဒီစကားကြားရတာ ဝမ်းသာလိုက်တာဆရာရယ်၊ ဒီလိုသာ လုပ်ခွင့်ရရင် ရွာကလူတွေက အတော်ကလေး ဝမ်းသာကြမှာအမှန်ပဲ၊ ကျုပ်တို့တစ်ရွာလုံးက ဒီချောင်းကရေကို အားပြုနေကြရတာပါ၊ ချောင်းရေပြန်ကောင်းသွားရင်တော့ ကျုပ်တို့တစ်ရွာလုံး လယ်တွေယာတွေ ပြန်လုပ်နိုင်ကြတော့မှာပါ”

“နောက်လည်း ဒီရွာနဲ့ပတ်သက်တဲ့ အခက်အခဲတွေရှိလာရင် ကျွန်တော့်ကို လာပြောနိုင်ပါတယ်၊ ကျွန်တော်က မြန်မာလူမျိုး တစ်ယောက်ပါ အခက်အခဲရှိရင် ကူညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဆရာရယ်”

ထို့နောက် အခြားအကြောင်းများကို ပြောဆိုနေကြစဉ် မြဝင်းသူက လက်ဖက်ရည်နှင့် အစားအသောက်အချို့ကို လာချပေးသည်။

သူမ၏မျက်နှာမှာ စောစောကလောက် တင်းမာခြင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးထန်ဖုန်းရှိန်နှင့် စကားပြောဆိုပြီး သူတို့နှစ်ယောက် ပြန်ထွက်လာတော့ ညနေပိုင်းအချိန်ရောက်နေပြီ ဖြစ်သော ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များသမ်းနေလေ ပြီ။

နှင်းများကလည်း တဖွဲဖွဲကျစပြုနေသည်။

နီမောင်နှင့် မြဝင်းသူတို့နှစ်ယောက်က ရွာတံခါးပေါက်ဝ အထိ လိုက်ပို့ပေးကြသည်။

ပြန်ခါနီးတော့ မြဝင်းသူက တောင်းပန်သည်။

"ဆရာတို့ရောက်စက အထင်လွဲပြီး ပြောဆိုမိခဲ့တဲ့အ တွက် တောင်းပန်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ပြုံးပြီးခေါင်းညိတ်ပြလိုက် ပြီးနောက် နှစ်ယောက်သား ပြန်ထွက်ခဲ့ကြလေသည်။

အပြန်မှာတော့ တောင်တက်လမ်းဖြစ်သောကြောင့် အ ဆင်းလောက် ခရီးမတွင်လှပေ။

လမ်းတစ်ဝက်လောက်ရောက်တော့ အမှောင်ရိပ်များ က ပိုမိုဖုံးလွှမ်းလာလေသည်။

တစ်နေရာရောက်သောအခါ နောက်မှလိုက်လာသော ခြေသံကိုကြားရသည်။

သစ်ပင်များ၊ ချုံများကွယ်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း ခြေသံကမဝေးလှပေ။

နှစ်ယောက်စလုံးရပ်ပြီး နားစွင့်ကြည့်လိုက်သည်။

သူတို့ရပ်တော့ နောက်မှလိုက်လာသောခြေသံက ရပ်





သွားလေသည်။

ရှေ့ဆက်လျှောက်သောအခါ နောက်မှထက်ကြပ်မကွာ လိုက်လာပြန်လေသည်။

တစ်နေရာရောက်တော့မှ နောက်မှခြေသံ ပျောက်သွား ပြီးနောက် ရှေ့မှာပိတ်ရပ်နေသောသဏ္ဌာန်ကို တွေ့မြင်ကြရ သည်။

သူက တောင်ကုန်းအပေါ်မှာ ရပ်နေသည်။

လူလိုလို မျောက်လိုလို ပုံသဏ္ဌာန်မျိုးဖြစ်သော်လည်း ပုံပျက်ပန်းပျက် ဖြစ်နေသည်။

တစ်ကိုယ်လုံး အဖုအပိမ့်ကြီးများရှိနေပြီး ကြောက်စရာ ကောင်းသော ပုံပန်းသဏ္ဌာန်မျိုးဖြစ်နေသည်။

ကိုယ်ခန္ဓာကလည်း သာမန်လူထက် ပိုကြီးနေလေ သည်။

ကျော်စွာက သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်တော့ ဒေါက် တာမင်းထင်ကျော်က တားလိုက်သည်။

"သူကရန်မမူရင် နေပါစေ. ."

ထိုသို့ပြောနေစဉ်မှာ အပေါ်မှာရပ်နေသောသတ္တဝါက ကျောက်တုံးတစ်တုံးကို မ,ချီကာ ပစ်ချလိုက်သောကြောင့် နှစ် ယောက်သား ဘေးလွတ်ရာသို့ ရှောင်ပေးလိုက်ကြရသည်။

ကျောက်တုံးကြီးက သူတို့အနီးမှ တဝုန်းဝုန်း၊ တဒုန်း ဒုန်း မြည်ကာ အောက်ဘက်သို့ လိမ့်ဆင်းသွားလေတော့သည်။

အခြေအနေငြိမ်သွားတော့မှ အပေါ်သို့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဘာမှမတွေ့ရတော့ပေ။

“ဘယ်လိုသတ္တဝါမျိုးလဲ၊ မျောက်လိုလို လူလိုလိုနဲ့ ပုံပျက် ပန်းပျက်ကြီး ဖြစ်နေတယ်. . ”

“အဲဒါ ဓာတ်ဆေးရည်တွေကြောင့် သဘာဝပြောင်းလဲ ပြီး အခုလိုဖြစ်နေတာပဲ၊ ဒီလိုပုံပျက်ပန်းပျက်ဖြစ်ပြီး ကြောက် စရာကောင်းတဲ့ သတ္တဝါမျိုးတွေ ဒီတောထဲမှာ ဘယ်လောက်များ ရှိနေသလဲ မပြောနိုင်ဘူး”

“စခန်းကို ဝင်ဖျက်ဆီးသွားတာလည်း ဒီသတ္တဝါမျိုး တွေပဲ ဖြစ်မယ်ထင်တယ်နော်ဆရာ”

“ဖြစ်နိုင်ပါတယ်. . လက်တွေ့မြင်ရတော့မှပဲ ဘယ်လို သတ္တဝါမျိုးဆိုတာ သိရတော့မှာပဲ. . ”

ဟု ပြောဆိုကာ နှစ်ယောက်သား စခန်းရှိရာဘက်သို့ပြန် တက်ခဲ့ကြလေသည်။

အမှောင်ရိပ်များက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေကြလေ ပြီ။







# အခန်း(၈)

# အချစ်ကြီးသူ၏ရန်ငြိုး

သုတေသနစခန်းသို့ ဒေါက်တာမင်းထင်ကျော်တို့ ရောက်ခဲ့ကြသည်မှ လပိုင်းကျော်ခဲ့ကြလေပြီ။

ထိုအတောအတွင်းမှာတော့ ပျက်စီးသွားသော အ ဆောက်အအုံများ ပြန်လည်ပြင်ဆင်ခြင်း၊ ပျက်စီးသွားသော ပစ္စည်းများကို အသစ်ပြန်လည်တပ်ဆင်ကာ လုပ်ငန်းစနိုင်ခဲ့ကြ လေသည်။

သုတေသနလုပ်ငန်းများနှင့် ဓာတ်သတ္တုဓာတ်ခွဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကိုလည်း ပရော်ဖက်ဆာပရိုဗင် ရှိစဉ်ကကဲ့သို့ပင် ပြန်လည်လုပ်ကိုင်နိုင်ခဲ့ကြသည်။

ပရော်ဖက်ဆာပရိုဗင် ပြန်ရောက်မလာခင်မှာတော့ ဒေါက်တာမင်းထင်ကျော်က ခေါင်းဆောင်အဖြစ် လုပ်ကိုင်ရပေသည်။

ထိုရက်များအတွင်းမှာတော့ ပြင်ပမှလာရောက်တိုက်ခိုက်သော ထမန်းကျားများအန္တရာယ်များ အတန်အသင့်နည်းသွားလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့်လည်း ဦးထန်ဖုန်းရှိန်တို့ကို ကတိပေးခဲ့သည့်အတိုင်း သုတေသနစခန်းဘက်မှ စွန့်ပစ်သော ဆေးရည်များ၊ အဆိပ်ရည်များကို တောင်အောက်သို့စီးဆင်းနေသော ချောင်းထဲသို့မရောက်အောင် အခြားနေရာဘက်သို့ ရေမြောင်းတစ်ခုဖြင့် သွယ်ထုတ်လိုက်သောကြောင့် ကဝေမှော်ရွာဘက်သို့ မရောက်တော့ပေ။

ထို့ကြောင့် ချောင်းထဲမှစီးဆင်းနေသောရေများမှာ မူလအတိုင်းပြန်ကောင်းသွားသောကြောင့် အသုံးပြု၍ ပြန်ရကြလေသည်။

ထိုရေများကို အသုံးပြု၍ရသောကြောင့် ထိုအနီးတစ်ဝိုက်မှလယ်ယာမြေအချို့ ပြန်လည်လုပ်ကိုင်နိုင်ခဲ့ကြသည်။

ထို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်အပေါ် များစွာကျေးဇူးတင်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့စခန်းမှာလည်း ထမန်းကျား





များ အနှောင့်အယှက်နည်းသွားသောကြောင့် အလုပ်ကိုဖြောင့်အောင် လုပ်နိုင်ကြလေတော့သည်။

"ဆရာ့ရဲ့သံတမန်ဆက်ဆံရေးက အတော်ကလေး အဆင်ပြေတာပဲ၊ သူတို့လည်း အဆင်ပြေ၊ ကိုယ့်အတွက်လည်း အန္တရာယ် ကင်းသွားတယ်"

ဟု ကျော်စွာကပြောသည်။

"ဒီလိုပေါ့ ကိုကျော်စွာရယ်၊ ဘယ်အလုပ်မျိုးမဆို သူ့ဘက်ကိုယ့်ဘက်ကြည့်ပြီး မျှမျှတတလုပ်မယ်ဆိုရင် အဆင်မပြေစရာမရှိပါဘူး၊ ဒါကြောင့် မြန်မာစကားပုံတောင်ရှိတာပဲ၊ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာပေါ့"

"မှန်ပါတယ်ဆရာ.. အရင်က သုတေသနစခန်းကိုလာပြီးနှောင့်ယှက်နေတာ သူတို့ရွာတွေမှာရှိတဲ့ ထမန်းမျိုးနွယ်တွေဖြစ်မှာပေါ့နော်. ."

"ဒီလိုနေရာတွေမှာက တောတောင်ထူထပ်လေတော့ ထမန်းမျိုးနွယ်တွေ ရှိမယ်ဆိုရင်လည်း ရှိနိုင်တာပဲပေါ့. .၊ တကယ်လို့ ဒီစခန်းကိုလာပြီး ဖျက်ဆီးနှောင့်ယှက်နေကြတာ သူတို့ဆိုရင်တော့ နောက်ပိုင်းအနှောင့်အယှက်တွေ နည်းသွားမှာပါ"

ဒေါက်တာမင်းထင်ကျော်က သူ့ထင်မြင်ချက်ကို ပြောပြလေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်ရှိနေသော သုတေသနစခန်းသို့ ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် မြဝင်းသူတို့နှစ်ယောက်ပင်ဖြစ်သည်။

သူတို့သည် ခြံထွက်အသီးအနှံများနှင့် အစားအသောက်များယူလာပြီး ဒေါက်တာမင်းထင်ကျော်တို့ကို လက်ဆောင်လာပေးကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့နှစ်ယောက်ကို ဧည့်ခန်းမှာပင် ကောင်းမွန်စွာဧည့်ခံလေသည်။

"ကျွန်တော်တို့တစ်ရွာလုံးက ဆရာ့ကို ကျေးဇူးတင်နေကြတယ်၊ အခု ချောင်းရေကလည်း အရင်အတိုင်း ပြန်ကောင်းသွားတဲ့အပြင် လယ်ယာမြေအချို့ပါ ပြန်လုပ်ကြရတဲ့အတွက် အတော့်ကို အဆင်ပြေသွားကြတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ၊ နောက်လည်း လိုတဲ့အကူအညီရှိရင် ပြောပါ၊ တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော်တို့ ဘက်ကလည်း အကြောင်းကိစ္စရှိရင် အကူအညီပေးပါ့မယ်"

"ဒါထက် မင်းတို့နှစ်ယောက်က. ."

"မြဝင်းသူနဲ့ကျွန်တော်တို့က ချစ်သူတွေပဲရှိကြပါသေးတယ်၊ အဆင်ပြေတဲ့နှစ်တော့ လက်ထပ်ဖြစ်ကြမှာပါ. ."

"အမြန်ဆုံးအဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါမယ်"

ထိုစကားကြောင့် မြဝင်းသူမျက်နှာပေါ်မှာ ရှက်သွေးဖြာသွားလေတော့သည်။





"ပေးတဲ့ဆုနဲ့ပြည့်ပါစေဆရာ၊ ဆရာတို့ကို တွေ့ကာစက မချေမငံဆက်ဆံမိတာကိုလည်း ကျွန်မ ထပ်ပြီးတောင်းပန်ပါတယ်"

"ရပါတယ်. . မင်းအပေါ်မှာနားလည်ပါတယ်"

ဟု ပြောလိုက်တော့မှ နှစ်ယောက်သားပြန်သွားကြလေသည်။ ထိုရက်ပိုင်းအတွင်းမှာပင် ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ဆိုးတစ်ခု ထပ်မံရောက်လာပြန်တော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ရောက်လာပြီး နောက်ပိုင်းမှာ ထမန်းကျားများအန္တရာယ် မရှိသလောက် နည်းသွားသဖြင့် အစောင့်များမှာ ခါတိုင်းကဲ့သို့ တင်းတင်းကျပ်ကျပ် မရှိကြတော့ပေ။

တစ်ညမှာတော့ အစောင့်တစ်ယောက် အသတ်ခံရလေသည်။ (၁၂)ပေခန့်မြင့်သော ခြံစည်းရိုးအပြင်ဘက်မှ လှမ်းဆွဲယူသွားပြီး သတ်ဖြတ်သွားခြင်းဖြစ်သည်။

ကျန်တစ်ယောက်ကမြင်သောအခါ သေနတ်နှင့်ပစ်ရာမှ သေနတ်သံများ ဆူညံသွားလေရာ ဒေါက်တာမင်းထင်ကျော်တို့အားလုံး သေနတ်များယူကာ ပြေးထွက်သွားကြလေသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ. ."

"ဟို. . ဟိုမှာ. ."

ကျန်အစောင့်တစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် ခြံစည်းရိုးအပြင်ဘက်သို့ လက်ညှိုးထိုးပြသည်။

မီးရောင်များဖြင့်ထိုးကြည့်သောအခါ ခြံစည်းရိုးကာထား



www.burmeseclassic.com

www.burmeseclassic.com



သော သံဆူးကြိုးများကတော့ မပျက်စီးဘဲရှိနေကြသည်။

အပြင်ဘက်မှာရှိသော သစ်ပင်များမှာတော့ သွေးများ စွန်းပေနေသည်ကို လှမ်းမြင်ကြရသည်။

"ဘယ်လိုဖြစ်တာလဲ"

"လူတစ်ယောက်ကို မည်းမည်းသတ္တဝါကြီး လာဆွဲသွားတာ"

"ဘယ်ကနေဆွဲတာလဲ"

"ခြံစည်းရိုးအပြင်ဘက်ကနေ လှမ်းဆွဲသွားတာ"

"ဟင်. ."

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်ပင် အံ့သြသွားသည်။ (၁၂)ပေခန့်အမြင့်ရှိသော ခြံစည်းရိုးအပြင်ဘက်မှ ရပ်ပြီး အတွင်းမှလူကို ဆွဲနိုင်လောက်သော အရပ်အမောင်းကို တွက်ဆပြီး အံ့သြနေကြခြင်းဖြစ်သည်။

တစ်ဆက်တည်း ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ သူတို့ ရောက်ကာစအချိန်က အပျက်အစီးများရှင်းစဉ်က (၁၂) ပေခန့် နံရံပေါ်မှာ တွေ့ခဲ့ရသည့် လက်သည်းကြောင်းအရာကြီးကို သတိရမိလေသည်။

"ဘယ်လိုသတ္တဝါမျိုးလဲ. ."

"လူဝံလိုလို၊ မျောက်ဝံလိုလိုပဲ၊ မျက်နှာက ကျားကြီးတစ်ကောင်နဲ့တူတယ်၊ တစ်ကိုယ်လုံး အဖုအပိမ့်ကြီးတွေနဲ့ ကြောက်စရာကောင်းတဲ့သတ္တဝါတစ်မျိုးပဲ"

"ဘယ်လိုသတ္တဝါဖြစ်မလဲ"





အနားမှာရှိနေသော ဂျယ်ရီထွန်းကမေးသည်။

"အသေအချာတော့မပြောနိုင်ဘူး၊ ဒါပေမယ့် အားလုံးသတိဝီရိယနဲ့ နေမှဖြစ်တော့မယ်. ."

ဟု ပြောပြီးလူစုကာ ခြံစည်းရိုးအပြင်ဘက်သို့ ထွက်ကြည့်ကြလေသည်။

ထိုနေရာရောက်တော့ မြင်ရသောမြင်ကွင်းက မကောင်းလှပေ။ သစ်ပင်များမှာ လူကိုကိုင်ရိုက်သဖြင့် စွန်းပေနေသောသွေးကွက်များတွေ့ရပြီး တစ်နေရာမှာတော့ ရုပ်ပျက်ဆင်းပျက်နှင့် တစ်စစီဖြစ်နေသောအစောင့်ကို ပြန်တွေ့ကြရသည်။

ခေါင်းကတခြား၊ ကိုယ်ကတခြား၊ ခြေလက်များက တခြားစီ ဖြစ်နေကြသည်။

"တောနက်ထဲမှာနေကြတဲ့ လူဝံတွေ၊ မျောက်ဝံကြီးတွေဟာ နာကြည်းချက်တစ်ခုခုနဲ့ လူတွေကိုသတ်တဲ့အခါမှာ ဒီလိုပုံစံအတိုင်း သတ်လေ့ရှိကြတယ်. .၊ ဒီသတ္တဝါကြီးတွေများ ရောက်လာပြီး သတ်သွားတာလား"

ထွန်းအောင်ကျော်ဆိုသူက သူ့ထင်မြင်ချက်ကိုပြောသည်။

"(၁၂)ပေလောက်မြင့်တဲ့ ခြံစည်းရိုးကနေ အပြင်ဘက်က လှမ်းဆွဲတာ လူဝံမဖြစ်နိုင်ဘူး ဒိုင်နိုဆောလိုအကောင်မျိုးဖြစ်နိုင်တယ်"

တစ်ယောက်တစ်မျိုးပြောနေကြသည်။

ထို့နောက် သေနတ်များကိုအဆင်သင့်ပြင်ပြီး ဆိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်ကို လိုက်လံရှာဖွေကြည့်သော်လည်း ထွေထွေထူးထူး တော့ မတွေ့ကြရပေ။

တစ်နေရာမှာတော့ မြေပျော့သောနေရာတွင် ထင် ကျန်နေခဲ့သော လူခြေရာနှင့်ခပ်ဆင်ဆင်တူသော ခြေရာကြီး တစ်ခုကိုတွေ့ရသောကြောင့် အားလုံးကတော့ ကြီးမားသော လူဝံကြီးတစ်ကောင် ခြေရာဖြစ်မည်ဟု မှတ်ချက်ချကြလေသည်။

ထို့နောက်မှာတော့ စခန်းဘက်သို့ပြန်လာကြသည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီးနောက် တစ်ပတ်ခန့် ကြာသောအခါ ထိုစခန်းသို့ ပရော်ဖက်ဆာပရိုဗင် ပြန်ရောက် လာလေသည်။

၎င်းတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ သက်သာ ပျောက်ကင်းသွားပြီဖြစ်သောကြောင့် စခန်းသို့ ပြန်လာခြင်း ဖြစ်ပေသည်။

"ကျုပ်မရှိခင် ဒေါက်တာတို့ရောက်လာကြတာ သိပ်ပြီး အဆင်ပြေတာပဲ၊ ဒေါက်တာတို့လိုလူမျိုးနဲ့ တွဲပြီးအလုပ်လုပ်ရ တာ သိပ်ပြီးဝမ်းသာပါတယ်. . "

"ကျွန်တော်ကလည်း ပရော်ဖက်ဆာနဲ့တွဲပြီး အလုပ် လုပ်ခွင့်ရတာကို ဂုဏ်ယူပါတယ်. . "

ပရိုဗင်ပြန်ရောက်လာသောအခါ ဒေါက်တာမင်းထင် ကျော်က စခန်းမှာကြုံတွေ့ရသော အခြေအနေအချို့ကို အ သေးစိတ် ပြန်ပြောပြရလေသည်။

သို့သော်လည်း ပရိုဗင်က ထိုအကြောင်းများကို သိပ်ပြီး





စိတ်ဝင်စားဟန်မရှိပေ။

"အန္တရာယ်တွေကတော့ဗျာ တစ်ခုပြီးတစ်ခု ရောက် လာနေကြတာပါပဲ၊ ဒါတွေက ဒီလောက်အရေးမကြီးလှပါဘူး ကျုပ်တို့စီမံကိန်းချထားတဲ့လုပ်ငန်းတွေ အောင်မြင်အောင် ဆက် လုပ်ဖို့သာ အရေးကြီးပါတယ်. . "

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အနည်းငယ်အံ့ဩသွားလေသည်။

မိမိတို့စခန်းမှလူများ အန္တရာယ်တစ်ခုခုကြောင့် တစ် ယောက်ပြီးတစ်ယောက် သေရသောအဖြစ်မှာ ပေါ့ပေါ့တန်တန် ကိစ္စမျိုးတော့မဟုတ်ပေ။

အသက်အန္တရာယ်နှင့်ကြုံတွေ့နေရသော အလုပ်မျိုးကို အရေးမကြီးလှပါဟု ပြောလာသဖြင့် အံ့ဩသွားခြင်းဖြစ်လေ သည်။ သို့ကြောင့်လည်း ထွေထွေထူးထူး ထပ်ပြောစရာမရှိတော့ ပေ။

ပရော်ဖက်ဆာပရိုဗင် ပြန်ရောက်လာသောအခါ သုတေသန အခန်းသို့ပြန်ဝင်ပြီး ၎င်း၏လုပ်လက်စအလုပ်များကို ပြန်လည်လုပ်ကိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့က နမူနာစခန်းမှ တူးဖော် ရလာသော သတ္တုရိုင်းများကို စမ်းသပ်စစ်ဆေး၊ သုတေသနပြု ပေးသည့် တာဝန်ကိုသာ လုပ်ကိုင်ကြရလေသည်။

သဘာဝဓာတ်ငွေ့များ၏ ပြုပြင်ပြောင်းလဲမှု သုတေ သနလုပ်ငန်းများကိုတော့ ပရိုဗင်က သီးသန့်လုပ်ကိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က သူ့ကိုအကူအညီပေးနေသူမှာ သူ၏လက်ထောက် ချားလက်နှင့် မေရီကျော်တို့ဖြစ်ပြီး ယခုအခါမှာတော့ ချားလက်က မရှိတော့ပေ။

အန္တရာယ်များနှင့်တွေ့ရစဉ်က သေဆုံးသွားခဲ့ပြီဖြစ်၏။ ထို့ကြောင့် မေရီကျော်နှင့် အခြားလူဟောင်းတစ်ယောက်ကိုခေါ်ပြီး လုပ်ကိုင်လေသည်။

ထိုသူမှာ ထွန်းအောင်ကျော်ဆိုသူဖြစ်သည်။

ထွန်းအောင်ကျော်မှာ အသက်(၃၀)ဝန်းကျင် အရွယ်ခန့်ရှိပြီး အရက်ကြိုက်သူတစ်ယောက်ဖြစ်သည်။

ထို့ပြင် မေရီကျော်ကိုလည်း ပိုးပန်းနေသူဖြစ်သည်။

မေရီကျော်ကတော့ သူ့ကိုမနှစ်သက်ပေ။

မလွဲသာသောကြောင့် အလုပ်အတူတူ တွဲလုပ်နေရသော်လည်း တစ်စက်ကလေးမှ ကြည့်မရပေ။

ထွန်းအောင်ကျော်က မေရီကျော်ကိုပိုးပန်းနေသောကိုတ်စွကိုလည်း စခန်းမှာရှိကြသော လူအတော်များများက ရိပ်မိကြလေသည်။

ယခုအခါ သူတို့နှစ်ယောက်ကို အလုပ်အတူတူတွဲလုပ်ရန် ပရိုဗင်က တာဝန်ပေးလိုက်သောကြောင့် ရေငတ်တုန်း ရေတွင်းထဲကျသလို ထွန်းအောင်ကျော်ကတော့ သဘောကျကြီးကျနေလေတော့သည်။

တစ်နေ့တော့ ပရိုဗင်က မေရီကျော်ကိုခေါ်ပြီး အခြေအနေစုံစမ်းသည်။





"မေရီကျော်. . ငါဆေးရုံတက်နေတဲ့အချိန်မှာ အခြေအနေ ဘယ်လိုထူးသလဲ"

"မကောင်းဘူးဆရာ"

"ဘယ်လိုမကောင်းတာလဲ"

"အန္တရာယ်က ကျွန်မတို့ပတ်ဝန်းကျင်ကို ပြန်ရောက်လာနေပြီ"

"ဒီအကြောင်းကို ဘယ်သူ့မှမသိစေနဲ့"

အခြားအကြောင်းများမေးမြန်းပြီး ပြန်လွှတ်လိုက်လေသည်။

တစ်ညမှာတော့ မိုးကတဖွဲဖွဲရွာချလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မိုးမှုန်မိုးဖွဲများကြောင့် မှုန်မှိုင်းလျက်ရှိနေသည်။

တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

မေရီကျော်မှာ သုတေသနအဆောက်အအုံ၏ စကြံလမ်းဘက်မှ တစ်ယောက်တည်းလျှောက်လာစဉ် တစ်နေရာရောက်တော့ ထောင့်ချိုးတစ်နေရာမှ ထွန်းအောင်ကျော် ထွက်လာပြီး မေရီကျော် ရှေ့မှပိတ်ရပ်လိုက်သည်။

"ရှင်ဘာလုပ်တာလဲ"

"ကိုယ် မင်းကိုစကားပြောချင်လို့ပါ မေရီကျော်ရယ်"

ထွန်းအောင်ကျော်မှာ အရက်မူးနေဟန်ရှိသည်။

၎င်းထံမှ အရက်နံ့ရသဖြင့် မေရီကျော်က မသိမသာနှာခေါင်းရှုံ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မူးနေပြီမဟုတ်လား. . ဒီအချိန်မှာတော့ ကျွန်မ ရှင်နဲ့ စကားမပြောချင်ဘူး"

"ခဏလေးပါ မေရီကျော်ရယ်၊ ကိုယ်. . မင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိပါတယ်၊ ကိုယ့်မေတ္တာကို လက်ခံပေးပါနော်. ."

"အခုတော့ ကျွန်မဒီအကြောင်းတွေကို ဘာမှမစဉ်းစားချင်သေးဘူး၊ ရှေ့ကဖယ်ပါ. ."

"ကိုယ်မေးတဲ့အဖြေကို တစ်ခါတည်းပြောသွားပါ မေရီကျော်ရယ်. ."

"ရှင့်ကိုကြည့်ရတာ အတော်မူးနေတဲ့ပုံပဲ အခုလိုအချိန်မျိုးမှာ ကျွန်မကို ချစ်စကားပြောနေမယ့်အစား အခန်းထဲမှာ ပြန်အိပ်နေတာအကောင်းဆုံးပဲ. ."

ပြောပြောဆိုဆိုနှင့် မေရီကျော်က ထွန်းအောင်ကျော်ကို ကွေ့ရှောင်ထွက်သွားရန် ဟန်ပြင်လိုက်ရာ ထွန်းအောင်ကျော်က မူးနေသောကြောင့် လှမ်းဖက်လိုက်ရာ မိသွားလေတော့သည်။

"ရှင်ဘယ်လိုလုပ်တာလဲ"

"ဖြန်း. . ဖြန်း. ."

ပြောပြောဆိုဆိုနှင့် ပါးကိုရိုက်ရာ ထွန်းအောင်ကျော်လည်း ပြန်လွှတ်ပေးလိုက်လေသည်။

မေရီကျော်က ထိုနေရာမှပြေးထွက်သွားလေသည်။

ထွန်းအောင်ကျော်ကတော့ မမျှော်လင့်ဘဲ ခံလိုက်ရသောကြောင့် ပါးကိုလက်ဖြင့်ပွတ်ကာ မကျေမနပ်နှင့် လှမ်းကြည့်





နေလေသည်။

ငင်းတို့နှစ်ယောက်ဖြစ်ပျက်နေသောမြင်ကွင်းကို ထောင့်ကွယ်နေရာမှာရောက်နေကြသော စိုင်းကျော်လှနှင့် စိုင်းကျော်ဘတို့ ညီအစ်ကိုနှစ်ယောက်က အမှတ်မထင် မြင်တွေ့သွားကြလေသည်။

သို့သော် မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်း မပြုကြဘဲ ထိုနေရာမှ ပြန်လည်ထွက်သွားကြလေသည်။


အပြင်ဘက်မှာတော့ မိုးကတဖွဲဖွဲနှင့် ရွာနေဆဲပင်ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# အမှောင်ရိပ်တွင်းမှရုသတ်ကောင်

နန်းမြွတ်ဒေဝီအနေနှင့် သုတေသနလုပ်ငန်းများကို စိတ်ဝင်စားသည်ကတစ်ကြောင်း သူမဇာတိဖြစ်သော နေရာနှင့်လည်း မဝေးလှသောကြောင့် ထိုနေရာသို့လိုက်လာခဲ့ခြင်းဖြစ်သည်။

ရောက်စကတော့ ပျော်ရွှင်သလိုရှိသည်။ နောက်ပိုင်းမှာ အန္တရာယ်များက တစ်ခုပြီးတစ်ခု ရောက်လာပြီး စခန်းမှလူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြသည်ကို တွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ များစွာကြောက်လန့်နေမိလေသည်။

နောက်ပိုင်း ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာသောအခါမှ အနည်းငယ်စိတ်သက်သာရာ ရသလိုရှိလာသည်။

ဒေါက်တာမင်းထင်ကျော်၏ ယောက်ျားပီသသော အမူအရာနှင့် သူ၏လုပ်ရည်ကိုင်ရည်တို့ကို အနီးကပ်တွေ့မြင်ရသောအခါမှာ ကျိတ်ပြီးစိတ်ဝင်စားမှုလည်း ဖြစ်နေမိသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူမကို စိတ်ဝင်စားဟန် ရှိလေသည်။

နှစ်ယောက်အတူတူတွဲပြီး အလုပ်လုပ်သော အချိန်များတွင် သူမအကြောင်းများကိုမေးသည်။

"ဒေဝီလို အမျိုးသမီးတစ်ယောက်က ဒီလိုအလုပ်မျိုးတွေကို စိတ်ဝင်စားတာကို ချီးကျူးပါတယ်"

"ကျွန်မက ငယ်ငယ်ကတည်းက သုတေသနအလုပ်မျိုးတွေကို စိတ်ဝင်စားပါတယ်၊ နောက်ပြီး ဒီနေရာက ကျွန်မတို့ဇာတိဖြစ်တဲ့ လားရှိုးနဲ့လည်းနီးတော့ ဒီအလုပ်ကိုရွေးချယ်ဖြစ်တာပါ"

"ကောင်းပါတယ်. . တိုင်းတစ်ပါးသားတွေရဲ့ လက်အောက်မှာအခုလို တိုင်းရင်းသားအချင်းချင်း တွဲလုပ်ရတော့ ပိုပြီးကောင်းတာပေါ့. ."

"ဒါထက် ဒေါက်တာကရော မြို့ကြီးတွေမှာ နေနိုင်ပါရဲ့နဲ့ ဘာကြောင့် ဒီနေရာမျိုးကိုလာပြီး အလုပ်လုပ်တာလဲ"

"ကျွန်တော်က သုတေသနအလုပ်တွေကို စိတ်ဝင်စား





ပါတယ်၊ နောက်ပြီး ခရီးဝေးတွေသွားလာပြီး သဘာဝအလှအပတွေနဲ့ ထိတွေ့ရတာကိုလည်း နှစ်သက်ပါတယ်. . ၊ ဒါကြောင့် လာခဲ့တာပါ"

"ဒီရောက်တော့ အလှအပတွေ မတွေ့ရသေးခင်မှာ အန္တရာယ်တွေနဲ့ချည်း တွေ့နေရတော့ စိတ်မညစ်ဘူးလား"

"အခက်အခဲဆိုတာကတော့ ဘယ်နေရာမှာပဲနေနေ တွေ့ရမှာပါပဲ. . . တစ်ခါတလေတော့လည်း အဲဒီလိုအန္တရာယ်တွေနဲ့ တွေ့နေရတာကိုက စိတ်လှုပ်ရှားဖို့ကောင်းပါတယ်၊ နောက်ပြီး. . ."

ဒေါက်တာမင်းထင်ကျော်က စကားရပ်ထားလိုက်တော့ နန်းမြတ်ဒေဝီက နားစွင့်နေသည်။

ခဏကြာမှ စကားပြန်ဆက်သည်။

"တစ်ခါတလေတွေ့မြင်နေကျမဟုတ်ဘဲ အန္တရာယ်တွေကြားကတွေ့ရတဲ့ အလှအပတွေကလည်း သာမန်တွေ့နေကျ အလှတွေထက် ပိုပြီးလှပတာကို တွေ့ရတတ်ပါတယ်. . ."

ထိုစကားကြားတော့ နန်းမြတ်ဒေဝီက သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

"သုတေသနသမားတစ်ယောက်ဆီက ကြားရတဲ့စကားတွေကလည်း ကဗျာဆန်လိုက်တာ"

ဟု ရေရွတ်လိုက်သည်။

သူမအနေနှင့် ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက် ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်၏ စကားဦး



www.burmeseclassic.com

www.burmeseclassic.com



တည်ချက်ကို သဘောပေါက်မိလေသည်။

သို့သော် စိတ်ထဲမှ ကျေနပ်နေမိလေသည်။

ထိုကဲ့သို့ပင်. . . ဒေါက်တာမင်းထင်ကျော်ပြောသည့် စကားများကို ပြန်စဉ်းစားမိတိုင်း တစ်ယောက်တည်း ကျေနပ်စွာ ပြုံးနေတတ်သည်။

ထိုညက အပြင်မှာ မိုးတဖွဲဖွဲရွာနေသည်။

သုတေသနအဆောက်အအုံများဘက်မှ ထွန်းထားသော မီးရောင်အချို့ရှိသော်လည်း နေရာအတော်များများမှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။

တိတ်ဆိတ်နေသည့် အချိန်ဖြစ်သောကြောင့် မှန်တံခါးကို လာရောက်ထိမှန်နေသော မိုးစက်မိုးပေါက်အသံများကိုပင် အတိုင်းသားကြားနေရသည်။

ထို့ပြင်. . . လေတိုက်လိုက်တိုင်း ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်ကြီးများမှာလည်း မကောင်းဆိုးဝါးကြီးများ လှုပ်ရှားနေသည်နှင့် တူလှပေသည်။

ယခုတလော သုတေသနစခန်းမှာ အန္တရာယ်များကြောင့် လူအသေအပျောက် မကြာခဏရှိနေရာ ယခုလိုအချိန် ယခုလို အခြေအနေမျိုးမှာ အခန်းထဲ၌ တစ်ယောက်တည်း နေရသည်ကတော့ ချောက်ချားဖွယ်ရာပင် ဖြစ်တော့သည်။

ထိုအခိုက်မှာပင် ခြေသံလိုလိုကြားလိုက်ရသဖြင့် အပြင်သို့ လှမ်းကြည့်လိုက်ရာ မှန်တံခါးအနီးမှ ဖြတ်သွားသည့်လူရိပ်ကို မြင်လိုက်ရသည်။





ပထမတော့ အစောင့်တစ်ယောက်ယောက် ကင်းလှည့်နေသည်ဟု ထင်မိလိုက်သေးသည်။

သို့သော် မီးရောင်ဖြင့် တွေ့လိုက်ရသောပုံရိပ်က အစောင့်ပုံသဏ္ဌာန်မျိုး မဟုတ်ပေ။

ဂျူတီကုတ် ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်သည်။

မှန်တံခါးအနီးမှ ဖြတ်လျှောက်သွားသော ပုံသဏ္ဌာန်ကို တွေ့လိုက်ရသောအခါ နန်းမြတ်ဒေဝီမှာ စိတ်ထဲဇဝေဇဝါ ဖြစ်သွားလေသည်။

ထိုသဏ္ဌာန်က မေရီကျော်နေသောအခန်းဘက်သို့ လျှောက်သွားခြင်းဖြစ်သည်။

နောက်တော့ ထူးထူးခြားခြားဘာမှ မမြင်ရတော့သဖြင့် နန်းမြတ်ဒေဝီလည်း မီးမှိတ်ပြီး အိပ်ရန်ပြင်လေသည်။ အိပ်ရာပေါ် ရောက်ရုံရှိသေးသည်။

တစ်နေရာမှ စူးစူးဝါးဝါးအော်သံ ကြားလိုက်ရသည်။

"ဟင်. . ."

နန်းမြတ်ဒေဝီမှာ အိပ်ရာပေါ်မှ ပြန်ထလိုက်သည်။

ခဏကြာတော့ အခန်းအပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် တံခါးဖွင့်ပြီး ထွက်ကြည့်သောအခါ မေရီကျော်နေသော အခန်းဘက်သို့ သွားနေကြသည်ကို မြင်ရသဖြင့် သူမလည်း အပြင်ထွက်သွားလေသည်။

အခန်းပေါက်ဝမှာတော့ ပရော်ဖက်ဆာပရိုဗင်၊ ဒေါက်တာမင်းထင်ကျော်အပါအဝင် စခန်းမှ လူအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်ကို တွေ့ရသည်။

"ဘာဖြစ်တာလဲဟင်. . ."

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းသော အမူအရာဖြင့် မေရီကျော်အခန်းတွင်းသို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်တော့ ကြမ်းပြင်ပေါ်မှာ ခွေခွေလေးလဲကျနေသည့် မေရီကျော်ကို လှမ်းမြင်ရလေသည်။

အခန်းတွင်းသို့ ဝင်ကြည့်သောအခါ ဘေးတစောင်း အနေအထားဖြင့် လဲကျနေပြီး မျက်နှာက ကြမ်းပြင်ပေါ်သို့မှောက်လျက်သား ဖြစ်နေသည်။

လည်ပင်းနေရာတစ်ဝိုက်မှ သွေးများက ကြမ်းပြင်ပေါ်သို့ စီးကျနေသည်။

ထိုအချိန်မှာပင် ဆရာဝန်စတီဗင် ရောက်လာပြီး စမ်းသပ်ကြည့်လေသည်။

အတန်ကြာတော့မှ. . .

"သူသေသွားပါပြီ. . ."

ဟု ခပ်တိုးတိုးပြောသည်။

"ဘယ်လိုကြောင့် သေရတာလဲ"

"တစ်ယောက်ယောက်က သူ့ကိုသတ်သွားထာပါ"

ဟုပြောပြီး အလောင်းကို ပက်လက်အနေအထား ပြောင်းပြီး လည်ပင်းမှဒဏ်ရာကို ပြသည်။

လည်ပင်းတစ်နေရာမှာ ဘေးတိုက်အနေအထားဖြင့် ခတ်စောင်းစောင်းလှီးဖြတ်ထားသော ဒဏ်ရာတစ်ခုရှိပြီး. . ထို





ဒဏ်ရာမှ သွေးများထွက်နေသည်။

ဒဏ်ရာရှိသောနေရာမှာ လက်ဝဲဘက်လည်ပင်းတစ်နေရာ၌ ဖြစ်သည်။

"ထူးခြားမှု ဘာတွေ့ရသလဲ"

"သူ့ကိုယ်က အရက်နံ့ရတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ အခန်းထဲရောက်နေကြသူများကို စစ်ကြည့်လိုက်သောအခါ ထွန်းအောင်ကျော်ကို မတွေ့ကြရပေ။

စိုင်းကျော်လှက. . .

"တရားခံက တခြားသူမဟုတ်ဘူး ထွန်းအောင်ကျော်ဆိုတဲ့ လူပဲ. . . တစ်နေ့က သူနဲ့မေရီကျော်တို့ ပြဿနာဖြစ်ကြပြီး မေရီကျော်က သူ့ပါးကိုရိုက်လိုက်တာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်စလုံး တစ်နေရာကနေ မြင်လိုက်ကြရတယ်"

ဟု ဝင်ပြောသည်။

"ဟုတ်တယ်. . . ဒီစခန်းမှာ အရက်ကိုစွဲစွဲမြဲမြဲသောက်တာလည်း သူပဲရှိတယ်၊ လူသတ်သမားကို အခုချက်ချင်း ရှာဖမ်းရမယ်"

ဟုပြောပြီး စိုင်းကျော်လှနှင့် စိုင်းကျော်ဘတို့နှစ်ယောက်က ပြေးထွက်သွားရာ စိတ်မချသဖြင့် ကျော်စွာကပါ နောက်မှ ပြေးလိုက်သွားလေသည်။

ဦးစွာ အဝင်အထွက် ဂိတ်ပေါက်ဝကို မေးကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ အပြင်မထွက်သေးပေ။

အကြောင်းရှိလျှင်သုံးရန် ရပ်ထားသော ကားကလည်း သူ နေရာမှာရှိနေသည်။

"ဒီဝင်းထဲမှာပဲ ရှိရမယ်"

ဟုပြောပြီး နေရာအနှံ့လိုက်ရှာရာ သစ်ပင်တစ်ပင် အောက်၌ ရပ်နေသည့် ထွန်းအောင်ကျော်ကို တွေ့ကြရသည်။

"သူမှာ ဓားရှိနိုင်တယ် အရမ်းမသွားနဲ့"

သုံးယောက်သား သတိဖြင့်သွားကြရာ အနားရောက်တော့ ငိုနေသော ထွန်းအောင်ကျော်ကို တွေ့ရသဖြင့် အံ့သြသွားကြလေသည်။

မိုးတဖွဲဖွဲရွာနေသောကြောင့် သူတစ်ကိုယ်လုံးမှာလည်း မိုးရေများ စိုရွှဲနေသည်။

သုံးယောက်သား အနားကပ်သွားပြီး ဝိုင်းဝန်းချုပ်နှောင်ကာ လက်ကိုကြိုးနှင့်တုပ်ကာ စခန်းသို့ ခေါ်သွားကြသည်။

စိုင်းကျော်လှတို့ ညီအစ်ကိုနှစ်ယောက်က ဝိုင်းဝန်းထိုးကြိတ်ကြသော်လည်း ဘာမှပြန်မလုပ်ဘဲ ငိုမြဲငိုနေလေသည်။

"ငါမှားပါတယ်ကွာ. . . မှားပါတယ်၊ ကြိုက်သလိုသာ လုပ်ကြပါ သူ့ကိုချစ်လွန်းလို့ အခုလိုဖြစ်ရတာပါ"

ဟုလည်း တတွတ်တွတ်ရေရွတ်ပြောဆိုနေလေသည်။

"လူယုတ်မာ မင်းကိုသတ်ပစ်မယ်. . ."

စိုင်းကျော်ဘက ထပ်မံထိုးကြိတ်ရန် ဝင်လာသဖြင့် ကျော်စွာက ဆွဲထားရသည်။





"နေပါစေတော့ကွာ. . . သူ့အပြစ်ဒဏ်သူခံပါစေ"

ဟုပြောပြီး ထွန်းအောင်ကျော်ကို ကြိုးနှင့်တုပ်ကာ စခန်းသို့ ပြန်ခေါ်လာသည်။

အခန်းပေါက်ဝရောက်တော့ သွေးအိုင်ထဲမှာလဲနေသော မေရီကျော်ကို မြင်သောအခါ ထွန်းအောင်ကျော်မှာ အငိုရပ်သွားပြီး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ဟင်. . . ဒါ. . ဒါက. . ."

"မင်းသတ်တာမဟုတ်လား. . . သူသေပြီလေ"

"ဟင်. . . ကျွန်တော် သူ့ကိုမသတ်ဘူးဗျ"

ထွန်းအောင်ကျော်က အခန်းထဲဝင်သွားပြီး မေရီကျော် အလောင်းနားမှာ ဒူးထောက်ထိုင်ချလိုက်သည်။

သူ့ကိုယ်မှ အရက်နံ့များက အခန်းထဲမှာ လှိုင်နေရာ အားလုံးက နှာခေါင်းရှုံ့သွားကြသည်။

"မေရီရယ် ဘယ်လိုများဖြစ်ရတာလဲ ကိုယ့်ကြောင့်များ အခုလို အဖြစ်မျိုးရောက်အောင် လုပ်သွားတာလား"

ဟု ရေရွတ်ပြောဆိုနေလေသည်။

သူ့အသံက တကယ့်ကို ကြေကွဲသံပါနေသည်။

သို့သော်လည်း အနားမှာရှိနေသူများကတော့ သူ့ကို ဘယ်သူကမှ မသနားကြပေ။

"မင်းအခုမှ လွှမ်းမနေနဲ့ သူ့ကို ဘယ်လိုကြောင့်သတ်တယ်ဆိုတာကိုပဲ ပြောပြ"

"ကျွန်တော်မှန်တဲ့စကားပြောတာပါ၊ ကျွန်တော်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မသတ်ပါဘူးဗျ. . .”

“မင်းမသတ်လို့ ဘယ်သူက အကြောင်းမဲ့လာသတ်မှာလဲ. . ဟိုတစ်နေ့က မင်းတို့နှစ်ယောက် ပြဿနာဖြစ်ပြီး မေရီကျော်က မင်းပါးကိုရိုက်လိုက်တာ ငါတို့မျက်စိနဲ့မြင်တယ်၊ ဒါကြောင့် အငြိုးအတေးထားပြီး အခုလိုသတ်လိုက်တာ မဟုတ်ဘူးလား”

“ကျွန်တော် မသတ်တာ အမှန်ပါပဲဗျာ”

ဟုပြောပြီး ငိုနေပြန်သည်။

သူ့အမူအရာကြည့်ပြီး နံဘေးမှာရှိနေသူများက နားလည်ရန် ခက်နေကြတော့သည်။

“ဒါဖြင့် မေရီကျော်နဲ့မင်းနဲ့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ အမှန်အတိုင်းပြောပြ”

“ကျွန်တော် ညတုန်းက သူ့အခန်းထဲကို ရောက်သွားခဲ့ပါတယ်၊ အရက်ကလည်း မူးနေတော့ အတင်းအဓမ္မ သူ့အချစ်ကိုရအောင် ယူခဲ့ပါတယ်”

“ယုတ်မာလိုက်တာကွာ၊ ဒါကြောင့် ဘယ်သူမှ မသိနိုင်အောင် တစ်ခါတည်း သတ်ပစ်ခဲ့တာ မဟုတ်လား”

“ကျွန်တော် သူ့ကို မသတ်ပါဘူး၊ သူကသတ်ရင်တောင်ခံမယ်ဆိုပြီး ရပ်ပေးလိုက်တော့ ဓားတစ်လက်ယူပြီး အနားလျှောက်လာပြီးတော့မှ ကျွန်တော့်ကို မထိုးတော့ဘဲ ဓားကို ပစ်ချလိုက်တယ်၊ ကျွန်တော် အပြင်ထွက်လာတော့ ထိုင်ငိုနေပါတယ်၊ ကျွန်တော်ပြောတာ အမှန်စကားတွေပါ၊ သူ့ကို ဘယ်





နည်းနဲ့မှလည်း ရက်စက်နိုင်မှာ မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာကိုမယုံရင် ပေးချင်တဲ့အပြစ်ကို ပေးကြပါဗျာ”

ထိုစကားကြားသောအခါ စိုင်းကျော်လှတို့ ညီအစ်ကိုနှင့် ဂျယ်ရီထွန်းတို့က ဒေါသမထိန်းနိုင်ကြသဖြင့် ခြေထောက်ဖြင့်ကန်သူကကန်၊ လက်သီးနဲ့ ထိုးသူက ထိုးကြရာ ဒေါက်တာမင်းထင်ကျော်က ဝင်တားလိုက်ရလေသည်။

“တော်ကြပါတော့ သူသတ်တယ် မသတ်ဘူးဆိုတာ တစ်နေ့ကျရင်တော့ အဖြေပေါ်လာမှာပဲ၊ သူ့ကို ချုပ်ထားပြီး နောက်တစ်နေ့တော့ သက်ဆိုင်ရာကို အကြောင်းကြားပြီး အပ်လိုက်တာက ပိုကောင်းပါတယ်”

ဟု ပြောတော့ ထွန်းအောင်ကျော်ကို ခေါ်သွားကြလေတော့သည်။

အခန်းထဲမှာတော့ ပရိုဗင်၊ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာနဲ့၊ ဆရာဝန် စတီဗင်တို့ ကျန်ခဲ့လေသည်။

“သူ့အရှက်ကို ကာကွယ်တဲ့အနေနဲ့ သူ့ဘာသာ သတ်သေသွားတာ ဖြစ်နိုင်တယ်”

ပရိုဗင်က ပြောသည်။

“မဟုတ်ပါဘူး၊ သူ အသတ်ခံလိုက်ရတာပါ၊ ဓားနဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မယ့် အမျိုးသမီး တစ်ယောက်ဟာ လည်ပင်းကို လှီးတာထက် ဓားနဲ့ ရင်ဝကို စိုက်ချဖို့သာများပါတယ်၊ တကယ်လို့ လည်ပင်းကို လှီးမယ်ဆိုရင်လည်း အခုလို ဒဏ်ရာမျိုး ရမှာမဟုတ်ပါဘူး၊ တစ်ယောက်ယောက်က မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



အနေအထားမှာ သတ်လိုက်တာပါ”

ဒေါက်တာမင်းထင်ကျော် ရှင်းပြသော အချက်ကို ကျန် နှစ်ယောက်ကလည်း လက်ခံကြသည်။

“ဒါဖြင့် ဘယ်သူ့လက်ချက် ဖြစ်မလဲ”

“ရန်ငြိုးရန်စ ရှိတဲ့သူ ဖြစ်မှာပေါ့၊ လူတစ်ယောက်ကို အကြောင်းမဲ့တော့ သတ်ကြမှာ မဟုတ်ပါဘူးဟ”

“ကျုပ် သိရသလောက်တော့ မေရီကျော်ဟာ ဆက်ဆံရေး ကောင်းသူတစ်ယောက်ပဲ၊ ကျုပ်တို့နဲ့ လက်တွဲပြီး အလုပ်လုပ်လာတာလည်း အတော်ကလေးကြာပြီ၊ သူနဲ့ ပြဿနာဖြစ်တဲ့သူ ရှိတယ်လို့တော့ မကြားမိခဲ့ဘူး”

ပရိုဗင်က ပြောပြသည်။

“ဒါပေမယ့် ကျွန်တော်တို့ မသိသေးတာတွေလည်း သူ့မှာရှိနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ အားလုံး သတိထားနေကြရဖို့ သတိပေးသလိုပါပဲ”

ထို့နောက်မှာ ဆရာဝန် စတီဗင်က အလုပ်သမားများကို ခေါ်ပြီး မေရီကျော်အလောင်းကို ဆေးခန်းအတွင်းသို့ သယ်ဆောင်သွားလေတော့သည်။

ထွန်းအောင်ကျော်ကိုတော့ သုတေသနစခန်း အနောက် ဘက်မှာရှိသော စတိုခန်းထဲမှာ သံတိုင်ဖြင့်တွဲကာ လက်ထိတ်ခတ်ထားလေသည်။

အပြင်မှာ မိုးက ရွာနေဆဲပင်. . .

အမှောင်ရိပ်များကလည်း ပတ်ဝန်းကျင်တစ်ဝိုက်သို့ ဖုံး





လွှမ်းနေလေတော့သည်။

ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သောကြောင့် ကျန်လူများမှာ မိမိတို့ အခန်းများသို့ ပြန်သွားကြသောကြောင့် စခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ထိုအခိုက်မှာပင် တောစပ်မှ မည်းမည်းသဏ္ဌာန်ကြီး တစ်ကောင်ထွက်လာပြီး စတိုဆောင်ဘက်သို့ လာနေလေသည်။ ထိုသတ္တဝါကြီးလာနေသော ခြေသံကို စတိုခန်းထဲမှာ ရောက်နေသော ထွန်းအောင်ကျော်က ကြားရလေသည်။

အတန်ကြာသောအခါ နောက်ဘက်မှ အသံကြားလိုက်ရသဖြင့် ကြောက်လန့်တကြားနှင့် လှည့်ကြည့်လိုက်လေရာ သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော သတ္တဝါကြီးကို တွေ့ရလေတော့သည်။

ထိုသတ္တဝါကြီးမှာ လူနှင့် ပုံပန်းသဏ္ဌာန်တူသော်လည်း လူထက် အရပ်အမောင်းရော အလုံးအထည်ပါ နှစ်ဆခန့်ကြီးမားလေသည်။

အလုံးအထည်က ကြီးသလောက် အရပ်အမောင်းကလည်း (၁၂)ပေခန့်ရှိသည်။

တစ်ကိုယ်လုံး အနက်ရောင် အမွေးများရှိပြီး အဖုအပိမ့်ကြီးများ ရှိလေသည်။

မျက်နှာမှာလည်း လူ့မျက်နှာမျိုး ဖြစ်သော်လည်း ကျား တစ်ကောင်မျက်နှာနှင့် ပိုတူလေသည်။

တစ်နည်းပြောရလျှင်တော့ သူ့ရှေ့သို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီးမှာ လူတစ်ပိုင်း ကျားတစ်ပိုင်း ဖြစ်နေသော သတ္တဝါကြီးပင် ဖြစ်ပေတော့သည်။

ထိုသတ္တဝါကြီး ဝင်လာတာမြင်တော့ ပထမတော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

နောက်တော့ နေရာမှ ထပြေးရန် ကြိုးစားလေသည်။

လက်ထိတ်ခတ်ထားသောကြောင့် ပြေးမရတော့ပေ။

ထိုအချိန်မှာပင် ထူးဆန်းသော သတ္တဝါကြီးက သူ့အနား ရောက်လာလေတော့သည်။







# အခန်း(၁၀)

## ထမန်းကျားသား သမန်းကျားလေးလား

ထွန်းအောင်ကျော် အလောင်းကတော့ ကြည့်ရက်မြင်ရက်စရာ မရှိတော့ပေ။

လက်ထိတ်တန်းလန်းနှင့် ဖြစ်နေသော လက်တစ်ဖက်က သံတိုင်မှာ တန်းလန်းကြီး ကျန်နေခဲ့ပြီး သူ့အလောင်းကိုတော့ အပြင်ဘက်မှာ တစ်ခုစီ တစ်စစီ လိုက်ကောက်ယူရလေသည်။

ထိုကဲ့သို့ မြင်ရသောအခါ ထွန်းအောင်ကျော်အတွက် စိတ်မကောင်း ဖြစ်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ၎င်းတို့အတွက် ကြောက်စရာကောင်းသော အန္တရာယ်က စခန်းအတွင်း ရောက်နေပြီဖြစ်ကြောင်း တွက်မိကြသည်။

"အန္တရာယ်ကတော့ လက်တစ်ကမ်းမှာ ရောက်နေပြီ ထွန်းအောင်ကျော် အလှည့်ပြီးရင် ကျန်တဲ့သူတွေလည်း သူ့လို မျိုး တစ်ယောက်ပြီးတစ်ယောက် အန္တရာယ်နဲ့ ကြုံတွေ့ရနိုင်တယ်"

"ဘယ်လိုအန္တရာယ်မျိုး ဖြစ်မလဲ ဒေါက်တာ"

"လူတစ်ယောက်လုံးကို တစ်စစီ တစ်ပိုင်းစီ ဆွဲဖြတ်သွားနိုင်လောက်ပုံထောက်ရင် လူထက်အများကြီး ခွန်အားရော အလုံးအထည်ပါကြီးတဲ့ သတ္တဝါမျိုး ဖြစ်နိုင်တာပေါ့"

"တောနက်ကြီးတွေထဲမှာ ဒါမှမဟုတ် နှင်းတောင်တန်းတွေပေါ်မှာနေကြတဲ့ ဂေါ်ရီလာမျောက်ဝံတွေ၊ ချန်ပန်ဇီမျောက်ဝံတွေနဲ့ နှင်းလူတွေဟာ လူထက် နှစ်ဆသုံးဆလောက် အလုံးအထည်ရော အရပ်အမောင်းပါ ကြီးမားထွားကျိုင်းကြတယ်၊ အဲဒီသတ္တဝါကြီးတွေကလည်း လူတွေကို အခုလို တစ်စစီ ဆုတ်ဖြဲပြီး သတ်ဖြတ်လေ့ရှိကြတယ်၊ အဲဒီသတ္တဝါမျိုးတွေများ ဖြစ်မလား"

"မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ဘူး၊ မကြာခင်တော့ ရင်ဆိုင်တွေ့ရတော့မှာပဲ၊ ဘယ်နေရာသွားသွား သေနတ်တစ်လက်တော့ ဆောင်သွားသင့်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်က အဖွဲ့သားများကို သတိပေးထားလေသည်။

ကျန်လူများက ယောက်ျားများဖြစ်သောကြောင့် အန္တရာယ်နှင့်တွေ့ပါက ရင်ဆိုင်ဖြေရှင်းနိုင်သော်လည်း နန်းမြတ်ဒေဝီအတွက်ကတော့ စိုးရိမ်စရာဖြစ်သည်။

ယခင်က မေရီကျော်နှင့် အဖော်ပြု၍ရသော်လည်း ယခု မေရီကျော် မရှိတော့ပေ။

သို့သော်လည်း နန်းမြတ်ဒေဝီက စိတ်ဓါတ်ကြံ့ခိုင်မှုရှိသူဖြစ်လေသည်။

"အခုလို အခြေအနေမျိုးတွေ ဖြစ်နေချိန်မှာ ဒေဝီအနေနဲ့ သုတေသနစခန်းမှာ မနေဘဲ နမ္မတူရုံးကို ပြန်နေသင့်တယ်"

ထိုသို့ ပြောသော်လည်း လက်မခံပေ။

"ကျွန်မ မပြန်ပါဘူး ဆရာ၊ သေတော့လည်း အများနဲ့ အတူတူပေါ့၊ အန္တရာယ်နဲ့ တွေ့တော့မှ ကိုယ်လွတ်ရုန်းသွားတာမျိုး ကျွန်မဘယ်တော့မှ မလုပ်ပါဘူး"

"ဒေဝီရဲ့ စိတ်ဓါတ်ကို လေးစားပါတယ်၊ ကျွန်တော်တို့ ရှိနေသရွေ့တော့ တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

ဟု ပြောတော့ မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်လေသည်။

ထိုစကားသည် လောလောဆယ် အခြေအနေမှာတော့ သူမအတွက် အားကိုးအားထားပြုစရာတစ်ခု ဖြစ်လေသလားတော့ ကာယကံရှင်မှသာ သိနိုင်ပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန် စတီဗင် ရှိနေသော ဆေးခန်းမှာ သီးခြား အဆောက်အအုံဖြစ်သည်။

သူနှင့်အတူ လက်ထောက် သူနာပြုနှစ်ယောက်ရှိပြီး လုပ်ငန်းခွင်မှ ထိခိုက်ဒဏ်ရာရလာသူများနှင့် မကျန်းမမာဖြစ် သူများကို ပြုစုကုသပေးသော ဆေးရုံဆိုလျှင်လည်း မမှားပေ။

ယခု အနောက်ဘက်အဆောင်မှာ မေရီကျော်အ လောင်း ရှိနေပြီး အရှေ့ဘက် အဆောင်မှာတော့ ထွန်းအောင် ကျော်အလောင်းကို ခုတင်ပေါ်မှာ တင်ထားလေသည်။

သို့သော် ပုံစံမပျက် ရှိနေသည်တော့ မဟုတ်ပေ။

ခြေပြတ် လက်ပြတ် ခေါင်းပြတ် ကိုယ်ပြတ်တို့ကို တစ်ခု ချင်းစီကောက်ပြီး တင်ထားရခြင်း ဖြစ်သည်။

ပြီးလျှင် အပေါ်မှ အဝတ်ဖြူဖြင့် ဖုံးအုပ်ထားလေသည်။

ညအချိန်ရောက်တော့ ဆရာဝန် စတီဗင်မှာ အခန်း တံခါးများကို လုံခြုံအောင်ပိတ်ပြီး ထွန်းအောင်ကျော်အလောင်းမှ ဒဏ်ရာများကို အသေးစိတ် စစ်ဆေးကြည့်နေသည်။

လူတစ်ယောက်ကို လက်နက်တစ်ခုခုဖြင့် ပိုင်းဖြတ်ခြင်း မျိုး မဟုတ်ဘဲ ဒီအတိုင်း ဆွဲဖြတ်ထားသောကြောင့်လည်း အံ့သြ နေသည်။

အချို့နေရာများတွင် လက်သည်းရာကြီးများကို အစင်း လိုက် တွေ့ရသည်။

ထွန်းအောင်ကျော် ဝတ်ဆင်ထားသော အဝတ်အစား တို့မှာလည်း အစိတ်စိတ် အမြွာမြွာ ကွဲပြဲနေသည်။





တစ်နေရာမှာတော့ သွေးများစွန်းပေနေသော အဝတ် တစ်ခုပေါ်မှာ ကပ်နေသည့် အမွေးရှည်အချို့ကို တွေ့ရလေ သည်။

စတီဗင်က ထိုအမွေးရှည်များကို ဂရုတစိုက်ယူပြီး မှန် ဘီလူးနှင့် ကြည့်နေလေသည်။

သူ တွေ့ဖူးမြင်ဖူးသော တိရစ္ဆာန်အမွေးများနှင့်တော့ မတူလှပေ။

ထိုသို့ စစ်ဆေးကြည့်နေစဉ်မှာ အဆောက်အအုံ တစ်ခု လုံး သိမ့်သိမ့်တုန်သွားလေသည်။

အလန့်တကြား နောက်လှည့်ကြည့်လိုက်တော့ ဘာမှ မတွေ့ရပေ။

ယခုအခါ အခန်းထဲမှာ သူတစ်ယောက်တည်းသာ ရှိ နေပြီး အခြားအဖော်နှစ်ယောက်က မရှိကြပေ။

အတန်ကြာသည်အထိ အခြေအနေ မထူးသောအခါ လုပ်လက်စအလုပ်ကို ဆက်လုပ်နေလေသည်။

ထိုအချိန်မှာပင် အနောက်ဘက်မှ မာန်ဖီသံလိုလို အသံ မျိုး ပေါ်ထွက်လာသည်။

"ဂရား . . ဂရား"

အသံက မကျယ်လှသော်လည်း သတ္တဝါတစ်ကောင် မာန်ဖီနေသော အသံမျိုးကဲ့သို့ ကြောက်စရာကောင်းလှသဖြင့် လှည့်ကြည့်လိုက်သည်။

အခန်းထဲသို့ ကြောက်စရာကောင်းသော သတ္တဝါကြီး


www.burmeseclassic.com

www.burmeseclassic.com



က ဝင်လာချေပြီ။

ထိုသတ္တဝါကြီးကို မြင်သောအခါ စတီဖင်မှာ ပါးစပ်
ဟောင်းသား ဖြစ်သွားလေသည်။

လူတစ်ပိုင်း ကျားတစ်ပိုင်းနှင့် ပုံပျက်ပန်းပျက်ဖြစ်
သော သတ္တဝါကြီးပင် ဖြစ်တော့သည်။

တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး အရပ်အမောင်း
(၁၂)ပေခန့်ရှိပြီး အလုံးအထည်ကလည်း ကြီးသည်။

လက်တံရှည်များက နံဘေးသို့ တွဲလောင်းကျနေ
ခန္ဓာကိုယ်က ရှေ့သို့ ခပ်ကိုင်းကိုင်း ဖြစ်နေသည်။

မျက်နှာက လူမျက်နှာနှင့် မတူတော့ဘဲ ကျားတ
ကောင်၏မျက်နှာမျိုး ဖြစ်နေလေသည်။

မျက်လုံးနှစ်လုံးက နီရဲနေပြီး ပါးစပ်က သာမန်ထ
ပိုကျယ်နေသည်။

မာန်ဖီလိုက်သောအခါ ပါးစပ်တွင်းမှ အစွယ်နှင့်သွ
များက ရှေ့သို့ ငေါ်ထွက်လာသည်။

ထို့ပြင် လက်တံရှည် နှစ်ဖက်မှာလည်း ရှည်လျားသေ
လက်သည်းချွန်များ ရှိနေသည်။

မာန်ဖီလိုက်တိုင်း ပါးစပ်ထဲမှ သွားရည်များ ကျ
သည်။

ထို့ထက်ပိုပြီး ကြောက်စရာ ကောင်းသည်က ဘယ်
ကြောင့် ဖြစ်နေမှန်းမသိရသော တစ်ကိုယ်လုံးတွင် ကြီးမားသေ
အဖုအပိမ့်ကြီးများ ရှိနေခြင်းပင် ဖြစ်သည်။





ထိုအဖုအပိမ့်များက မျက်နှာပေါ်မှာလည်း ရှိနေကြသ
ဖြင့် ပိုမိုကြောက်စရာကောင်းနေခြင်း ဖြစ်သည်။

ထိုသတ္တဝါကြီးက ရှေ့သို့ တဖြည်းဖြည်း တိုးလာသည်။

"ဂရား. . ဂရား"

မာန်ဖီသံက တဖြည်းဖြည်း ပိုကျယ်လာသည်။

စတီဖင်က ထွက်ပေါက်မရှိတော့သဖြင့် အံဆွဲထဲမှာ
အဆင်သင့်ထည့်ထားသော သေနတ်ကိုယူ၍ လှည့်ပစ်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

အနီးကပ် ပစ်ရသောကြောင့် သတ္တဝါကြီးကို ထိသော်
လည်း မည်သို့မှ ဖြစ်ဟန်မရှိပေ။

ရှေ့သို့ တိုးမြဲတိုးလာသည်။

သို့ကြောင့် ထပ်ပစ်ပြန်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

ကျည်ဆန်ထိမှန်သော နေရာကို တစ်ချက်ငုံ့ကြည့်ပြီး
ပိုမို ဒေါသဖြစ်လာဟန်ဖြင့် ရှေ့သို့ ခုန်ဝင်လာလေတော့သည်။

စတီဖင်မှာ အခြေအနေ မဟန်သဖြင့် ထွက်ပြေးရလေ
တော့သည်။

"ဂရား. . "

သူ ပြေးသော်လည်း သတ္တဝါကြီးလက်က မလွတ်ပေ။
လက်တံရှည်များဖြင့် ဖမ်းဆွဲရာ မိသွားတော့သည်။

"အား. . . "

တိတ်ဆိတ်နေသောအချိန်မို့ သေနတ်သံများနှင့် ငုင်း၏



www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါး အော်သံကြီးကို အခြားအဆောင်များ၊ အခန်းများမှ နေကြသူများ ကြားရသောကြောင့် အဆင်သင့်ထားသော သေ နတ်များကိုယူပြီး ပြေးထွက်လာကြသည်။

ဆေးရုံဆောင်ဘက်ရောက်တော့ မီးရောင်မရှိဘဲ မှောင် မည်းနေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကိုကိုင်ပြီး အခန်း ပေါက်ဝမှရပ်ကာ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်သည်။ ဝင်ပေါက်တံခါးချပ် ပွင့်နေသော်လည်း အတွင်းမှာတော့ ဘာမှ မတွေ့ရပေ။

ထို့ကြောင့် ကျော်စွာနှင့်အတူ အတွင်းသို့ တဖြည်းဖြည်း ဝင်သွားလေသည်။

ရှေ့ဘက်ခန်းမှာ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

သူတို့နှစ်ယောက်က ရှေ့မှဝင်သွားသောအခါ နောက်မှ ပါလာသော အဖွဲ့သားများကလည်း လိုက်လာကြသည်။

သူတို့တစ်တွေမှာ များစွာထိတ်လန့်ကြောက်ရွံ့နေကြ သည်။

ဒေါက်တာမင်းထင်ကျော်တို့နှင့်ပါလာသော ဂျယ်ရီထွန်း ဆိုသူမှာ အခြားသူများထက် ကြောက်ရွံ့တတ်သူဖြစ်သဖြင့် တစ် ကိုယ်လုံး တဆတ်ဆတ် တုန်နေလေသည်။

သူသည် တစ်ယောက်တည်း မနေဝံ့သောကြောင့်သာ လိုက်လာရသော်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။

ဆေးရုံခန်းအတွင်းမှာတော့ ထူးထူးခြားခြား မတွေ့ကြ





ရပေ။

ခွဲစိတ်ခန်းအတွင်း ရောက်တော့မှ အခန်းတစ်နေရာမှာ တင်ထားသော အလောင်းနှစ်လောင်းနှင့် ပြိုလဲကျနေသည့် ဆေးပုလင်းများကို ကြမ်းပြင်ပေါ်မှာ တွေ့ရသည်။ သွေးကွက် သွေးစက်များကလည်း နေရာအနှံ့မှာ စွန်းပေနေသည်။

"လူသတ်ကောင်ကြီး ဒီပတ်ဝန်းကျင်မှာ ရှိနေဦးမယ် ထင်တယ်၊ တွေ့တာနဲ့ လက်မနှေးကြစေနဲ့"

ဟုလည်း သတိပေးထားလိုက်သည်။

ခွဲစိတ်ခန်းထဲမှာလည်း ဘာမှမတွေ့ရပြန်ပေ။

ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် ထိုးကြည့် သောအခါ အနောက်ဘက်သို့ သွားသောလမ်းပေါ်မှ တရွတ် တိုက်ဆွဲယူသွားသော စွတ်ကြောင်းကြီးကို တွေ့ရသည်။

ထို့ကြောင့် နောက်မှလူများကို အချက်ပြလိုက်ပြီး အ နောက်ဘက်သို့ ထွက်လာကြသည်။

တရွတ်တိုက် ဆွဲသွားသော စွတ်ကြောင်းကြီးက အ နောက်ဘက်သို့ တောက်လျှောက်တွေ့ရပြီး နောက်ဘက်ရောက် သောအခါ တံခါးချပ်များ ပြုတ်ထွက်နေသည်ကို တွေ့ရပြန် သည်။

ထိုနေရာမှထွက်လျှင် အနောက်ဘက်သစ်တောများ ရှိ ရာသို့ ရောက်သွားနိုင်သည်။

"နောက်ဘက်အပေါက်ကနေ အပြင်ဘက်ကို ထွက် သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဆက်တိုက်လို့ ဖြစ်ပါ့မလား ဒေါက်တာ။ တောထဲမှာဆိုရင် အန္တရာယ်ပိုများမယ်ထင်တယ်"

"လိုက်ရမှာပဲ ဆရာဝန် စတီဗင် သူ့နောက်ပါသွားတယ်"

ထိုသို့ပြောပြီး ဆက်လိုက်သွားရာ နောက်မှပါလာသူများလည်း လိုက်လာကြသည်။

ဆေးရုံအဆောက်အအုံ အနောက်ဘက်မှ တောက ပိုထူသည်။

သစ်ပင်ကြီးများက ပိုမိုများသည်။

သစ်ပင်သစ်ကိုင်းများက အကိုင်းအခက်ချင်း ယှက်နေသောကြောင့် ထိုနေရာပတ်ဝန်းကျင်မှာ အမှောင်ရိပ်က ပိုများလေသည်။

တစ်နေရာရောက်တော့ ထိတ်လန့်ဖွယ်ရာ မြင်ကွင်းကို တွေ့ကြရသည်။

လူနှစ်ရပ်ခန့်မြင့်သော သစ်ပင်တစ်ပင်၏ သစ်ကိုင်းတွင် ဆရာဝန် စတီဗင်၏အလောင်းကို ချိတ်ဆွဲထားရာ လေထဲမှာ တန်းလန်းကြီး ဖြစ်နေသည်။

အင်္ကျီနှင့် ချိတ်ဆွဲထားသောကြောင့် ဟိုယမ်းဒီယမ်းဖြစ်နေသည်။

ထိုနေရာမှ သွေးစက်များက မြေပေါ်သို့ ကျနေသည်။

အောက်မှာရှိသော သစ်ရွက်များပေါ်မှာ သွေးများက အကွက်လိုက် ဖြစ်နေသည်။





အားလုံး ထိတ်လန့်တကြား စောင့်ကြည့်နေကြစဉ်မှာ နောက်ဘက်မှ အသံကြားလိုက်ရသည်။

"ဂရား. ."

ထိုအသံနှင့် မရှေးမနှောင်းမှာပင် သစ်ပင်တစ်ပင် နောက်မှ မည်းမည်းသဏ္ဌာန်ကြီး ထွက်လာပြီး နောက်ဆုံးမှာ ရပ်နေသူတစ်ယောက်ကို ဆွဲယူသွားလေသည်။

ရုတ်တရက် အခြေအနေကြောင့် ဘာမှ မတုံ့ပြန်နိုင်ခင်မှာ သတ္တဝါကြီးက ထိုလူကို ခြေထောက်နှစ်ချောင်းမှကိုင်ပြီး သစ်ပင်နှင့် ရိုက်ချလိုက်လေသည်။

"အား. . ."

စူးစူးဝါးဝါး အော်သံတစ်ချက်သာ ကြားလိုက်ရသည်။

နောက်ထပ် အသံမထွက်လာတော့သည်။

ဒီတော့မှ သတိဝင်လာကြပြီး သေနတ်ဖြင့် ဝိုင်းပစ်ကြတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံများက ဆူညံသွားတော့သည်။

ကျည်ဆံများက အချက်ပေါင်းများစွာ ထိမှန်သောကြောင့် သတ္တဝါကြီးမှာ နောက်ဘက်သို့ ယိုင်လဲသွားလေသည်။ ထို့ကြောင့် ရပ်လိုက်ကြသည်။

သေနတ်ဖြင့် အနီးကပ် ပစ်ရသောကြောင့် မထိမှန်စရာ အကြောင်းမရှိနိုင်ပေ။

ဒီတစ်ခါတော့ သေလောက်ပြီဟု ထင်နေဆဲမှာပင် ထ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းနှင့် ပြန်ထလာလေသည်။

သေနတ်ကျည်ဆံများက သူ့ကိုယ်အနှံ့ ထိမှန်သော်လည်း ထိုနေရာမှ အညိုရောင်သွေးအချို့ စိမ့်ထွက်လာပြီး ပြန်ပိတ်သွားလေသည်။

ရင်းပြန်ထလာတော့ ထပ်ပစ်ကြပြန်သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း"

ဒီတစ်ကြိမ်မှာတော့ လဲကျမသွားပဲ ကြောက်မက်ဖွယ်ကောင်းလောက်အောင် အော်ဟစ်လိုက်ပြီး ရှေ့သို့တိုးလာသည်။

"သူ့ကို သေနတ်နဲ့ ပစ်လို့မရဘူး၊ အထဲ ပြန်ဝင်ကြ"

ဟု ပြောပြီး ပစ်လည်းပစ် နောက်သို့ ပြန်ဆုတ်ကြလေသည်။

တစ်နေရာရောက်တော့ စိုင်းကျော်ဘက လဲကျသွားလေရာ စိုင်းကျော်လှက ညီဖြစ်သူကို အတင်းဝင်ဆွဲလေသည်။

"စိုင်းကျော်လှ မြန်မြန်လုပ် အနားရောက်လာပြီ"

စိုင်းကျော်လှက လဲကျနေသော ညီဖြစ်သူကို ဆွဲပြီးပြောသည်။

ထိုအချိန်မှာပင် အနားရောက်လာသော သတ္တဝါကြီးက စိုင်းကျော်ဘ ခြေထောက်တစ်ဖက်ကို ဖမ်းမိသွားသည်။

သတ္တဝါကြီးက ဆွဲလိုက် စိုင်းကျော်လှက ဆွဲလိုက်နှင့် ဖြစ်နေသည်။

မလှမ်းမကမ်းရောက်နေသော ဒေါက်တာမင်းထင်ကျော်တို့လည်း ဘယ်လိုဝင်ကူရမှန်းမသိဘဲ ဖြစ်နေကြသည်။





ထိုအခြေအနေကြောင့် စိုင်းကျော်ဘက အော်ပြောသည်။

"အစ်ကို မင်း လွှတ်အောင်ပြေးတော့၊ ငါ့ကို ထားခဲ့"

"မထားခဲ့ဘူး၊ ငါတို့ ညီအစ်ကိုနှစ်ယောက် သေအတူရှင်အတူပဲ၊ မင်းကို မထားခဲ့ဘူး"

"မရဘူးအစ်ကို ငါက ဒီမိစ္ဆာကောင်ကြီးလက်က ဘယ်နည်းနဲ့မှ မလွတ်နိုင်တော့ဘူး၊ မင်းသာ လွတ်အောင်ပြေးတော့"

ထိုသို့ပြောသော်လည်း စိုင်းကျော်လှက လွှတ်မပေးဘဲ အတင်းပြန်ဆွဲနေသည်။

ထိုအချိန်မှ စိုင်းကျော်ဘက သူ့လက်တစ်ဖက်ကို ဆုပ်ထားသော စိုင်းကျော်လှလက်ကို ဖြေချနေသည်။

"မလုပ်နဲ့ . . မလုပ်နဲ့"

စိုင်းကျော်လှ အော်သော်လည်း မရတော့ပေ။

စိုင်းကျော်ဘက သူ့လက်ကို ဆုပ်ကိုင်ထားသော စိုင်းကျော်လှလက်ကို ဖြေလွှတ်လိုက်ရာ သတ္တဝါကြီးဆွဲရာနောက်သို့ ပါသွားတော့သည်။

သတ္တဝါကြီးက သစ်ပင်နှင့် ရိုက်ချလိုက်ပြီး စူးစူးဝါးဝါး အော်လိုက်လေသည်။

"ဂရား . . ဂရား"

"စိုင်းကျော်လှ ဒီကို မြန်မြန်လာ"

ဒေါက်တာမင်းထင်ကျော်က လှမ်းအော်လိုက်တော့ စိုင်းကျော်လှက ကြောက်လန့်တကြားဖြင့် နေရာမှထပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူ အတွင်းသို့ ရောက်သောအခါ တံခါးပိတ်ပြီး ချက်ထိုး ထားလိုက်သည်။

သို့သော် သတ္တဝါကြီးက ထိုတံခါးကို တဒုန်းဒုန်းနှင့် လာတွန်းနေသောကြောင့် အတွင်းသို့ ဝင်ပြေးကြရသည်။

ခဏကြာတော့ တံခါးချပ် ပွင့်ထွက်သွားပြီး သတ္တဝါ ကြီးက အတွင်းသို့ ဝင်လိုက်လာသည်။

သို့ကြောင့် အခြားအဆောက်အအုံများရှိရာသို့ ဆက် ပြေးကြရပြန်သည်။

သုတေသန အဆောက်အအုံအတွင်းသို့ ရောက်သော အခါ တံခါးချပ်များကို အလုံပိတ်ပြီး အတွင်းမှာ နေကြရသည်။ သတ္တဝါကြီးက ထိုနေရာဘက်သို့ ဆက်လိုက်မလာတော့မှ သက် ပြင်းချနိုင်ကြ တော့သည်။





# အခန်း(၁၁)

# ကိုယ့်အတတ်နှင့် ကိုယ်ရူးသော ပရော်ဖက်ဆာ

ထိုရက်ပိုင်းအတွင်းမှာပင် အန္တရာယ်ကောင်က ဆက် တိုက် ရောက်လာသောကြောင့် သုတေသနစခန်းမှ လူအတော် များများ သေဆုံးသွားကြရာ ယခင်လူဟောင်းများထဲမှ ပရော် ဖက်ဆာ ပရိုဗင်၊ နန်းမြတ်ဒေဝီနှင့် စိုင်းကျော်လှတို့လောက်သာ ကျန်တော့သည်။

သုတေသနစခန်းမှာ ထိုကဲ့သို့ အန္တရာယ်ဆိုးများနှင့် တွေ့နေရသောအကြောင်းကို နမ္မတူမှာရှိသော အင်္ဂလိပ်အမျိုး

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူများကို အကြောင်းကြားသော်လည်း အရေးတယူ ဆောင်ရွက်ပေးခြင်းတော့ မရှိကြပေ။

အင်္ဂလိပ် အစိုးရအနေနှင့် စစ်ရေးအခြေအနေ မကောင်းတော့သော ကာလတွင် နမ္မတူ သတ္တုတွင်းများမှ သတ္တုများကို ရသလောက် ထုတ်ယူရန်သာ အာရုံထားနေကြပြီး သုတေသနစခန်းမှ အကြောင်းများကို ခေါင်းထဲပင် သိပ်မထည့်ကြပေ။

အကူအညီတောင်းလျှင် ဂေါ်ရခါး စစ်သားတချို့လောက်ကိုသာ ဝတ်ကျေတမ်းကျေ စေလွှတ်ပေးလေသည်။

သို့ကြောင့် သုတေသနစခန်းမှာ ရှိနေကြသူများမှာ ရင်ဆိုင်နေရသော အန္တရာယ်များကို မိမိတို့ဘာသာ ဖြေရှင်းရမည့် အခြေအနေမျိုး ရောက်နေသည်။

အချို့လည်း ထိုနေရာမှ ထွက်ပြေးရန်ပင် ကြိုးစားနေကြလေသည်။

"ကျုပ်တို့ ဒီမှာဆက်နေရင်လည်း တစ်နေ့မဟုတ်တစ်နေ့ သတ္တဝါကြီးလက်ချက်နဲ့ သေရမှာပဲ၊ ဒီစခန်းက ထွက်ပြေးလို့ ဖမ်းမိရင် ထောင်ထဲမှာနေရတာကမှ ပိုကောင်းဦးမယ်"

ဟု ပြောသူကပြောရာ ဒေါက်တာမင်းထင်ကျော်က ဖျောင်းဖျပြောဆိုရလေသည်။

"ထွက်ပြေးရင်လည်း အင်္ဂလိပ်တွေက ဒုက္ခပေးမှာပဲ၊ ဘာကြောင့်လည်းဆိုတော့ ဒီအကြောင်းတွေကို ဘယ်သူမှ မသိစေချင်တော့ ထွက်ပြေးရင်လည်း နှုတ်ပိတ်ပစ်မှာပဲ"





ထိုစကား ကြားတော့မှ သဲဘောပေါက်သွားကြလေသည်။

"အခု ဒုက္ခပေးနေတဲ့ မိစ္ဆာကောင်ကြီးကို ဘယ်လိုရှင်းမလဲ၊ သူက သေနတ်နဲ့ပစ်တာတောင် ဘာမှမဖြစ်ဘူးဆိုတော့ ဘယ်လိုလုပ်ကြမှာလဲ"

"နည်းလမ်းတော့ ရှာရမှာပေါ့၊ သေနတ်နဲ့ပစ်လို့ မရဘူးဆိုပြီးတော့ သူ့ကို ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူး၊ သူက တွေ့သမျှလူတွေကို လိုက်ပြီးဒုက္ခပေးမှာ အမှန်ပဲ၊ ဒီတော့ သူ့ကို မရရတဲ့နည်းနဲ့ ရှင်းပစ်ရမှာပဲ"

ထိုအခါ နန်းမြတ်ဒေဝီက ဝင်ပြောသည်။

"ကျွန်မ သတိထားမိတာ တစ်ခုရှိတယ်"

"ဘာများလဲ"

"အခုလောက်ဆိုးဝါးတဲ့ အဖြစ်တွေနဲ့ တွေ့ကြုံနေကြတဲ့အချိန်မှာ ပရောဖက်ဆာက သူနဲ့ မဆိုင်သလို ဘေးမှာ ဖယ်နေတယ်၊ ဒီအကြောင်းတွေကို သူ သိတန်သရွေ့ သိလောက်မယ်ထင်တယ်"

နန်းမြတ်ဒေဝီ၏ စကားကို ကျန်တဲ့သူတွေက လက်ခံကြလေသည်။

"ဒေဝီပြောတာ ဖြစ်နိုင်ပါတယ်၊ ဒီတော့ သူနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်တာ ပိုကောင်းမယ်ထင်တယ်'

ဟု ပြောပြီး ပရိုဖင်နေသော အခန်းရှိရာသို့ သွားကြလေသည်။ ၎င်းက သုတေသနပြုလုပ်သော အခန်းထဲမှာပင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့ ရောက်သွားသောအခါ တံခါးချပ်က ပိတ်ထားသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြားတော့ အတွင်းမှ အသံထွက်လာသည်။

"ဝင်ခဲ့ကြပါ"

သို့ကြောင့် တံခါးဖွင့်ပြီး အားလုံး ဝင်သွားကြသည်။

ပရောဖက်ဆာ ပရိုဗင်က သုတေသနပြုနေသော နေရာမှ ထလာသည်။

ဒေါက်တာမင်းထင်ကျော်တို့ အမူအရာကို မြင်သောအခါ အံ့သြဟန်မပြပေ။

"ကျုပ်ဆီက တစ်ခုခု သိချင်ကြလို့ လာကြတာ ထင်တယ်"

"ဟုတ်ပါတယ် အခုအချိန်မှာတော့ ကျွန်တော်တို့ကို အမှန်အတိုင်း ဖွင့်ပြောသင့်ပြီလို့ ထင်ပါတယ်"

"ကျုပ်ကလည်း ဖွင့်ပြောဖို့ စောင့်နေတာပါ"

"ဒါဖြင့် လူတွေကို သတ်နေတဲ့ သတ္တဝါကြီးအကြောင်းကို ပရောဖက်ဆာ သိနေပြီးသားပေါ့"

ပရိုဗင်က ခေါင်းညိတ်ပြသည်။

"ကျုပ်က ဒီသုတေသနစခန်းမှာ ဓါတ်သတ္တုတွေကို သုတေသနပြုရင်းနဲ့ သဘာဝဓါတ်တွေရဲ့ ပြောင်းလဲမှုတွေကိုပါ





သုတေသနပြုနေတာပါ"

ထိုသို့ ပြောသော်လည်း မအံ့သြကြပေ။

သုတေသနအခန်းထဲမှာ တိရစ္ဆာန်မျိုးစုံတို့ကို ဆေးရည်စိမ်လျက် သုတေသနပြုထားသည်ကို သိမြင်ပြီးကြသောကြောင့် ဖြစ်သည်။

"တစ်နေ့တော့ စခန်းကို လာပြီး တိုက်ခိုက်တဲ့ ထမင်းကျားတစ်ကောင်ကို ရလာခဲ့တယ်၊ အဲဒီထမင်းကျားက လူတစ်ဝိုင်း ကျားတစ်ပိုင်း ဖြစ်နေတဲ့အချိန်မှာ သေသွားခဲ့တဲ့ ထမင်းကျားတစ်ကောင်ပါပဲ၊

ကျုပ် သူ့ကို သုတေသနအခန်းထဲယူလာပြီး ဓာတ်ဆေးရည်တွေ စိမ်ထားလိုက်တော့ တဖြည်းဖြည်းနဲ့ ကြီးထွားလာခဲ့ပါတယ်"

ထိုစကားကြောင့် အားလုံး အံ့သြသွားကြလေသည်။

"နောက်ပိုင်းမှာတော့ သူက အသက်ဝင်လာပြီး မှန်ပုံးကို ခွဲထွက်လာပါတယ်၊ သူ အပြင်ရောက်လာတော့ ထိန်းချုပ်ဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ အဲဒီတုန်းက ချားလက်အပါအဝင် လူအချို့ သေခဲ့ရတယ်"

"ဒါဟာ သုတေသနလုပ်ငန်းအတွက် အောင်မြင်မှုတစ်ခု ဆိုပေမယ့် လူတွေကို ဘေးအန္တရာယ် ဖြစ်စေခဲ့တယ် မဟုတ်လား"

"ကျုပ်လည်း မရည်ရွယ်ခဲ့ပါဘူး၊ သူဒီလို အသက်ပြန်ဝင်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ ဒါကြောင့် ဒီကိစ္စကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ထားခဲ့တာပါ"

"ဒါပေမယ့် ခင်ဗျားလုပ်နေတာတွေကို သိတဲ့လူ တော့ ရှိတယ်မဟုတ်လား"

"ချားလက်နဲ့ မေရီကျော်တို့ သိကြပါတယ်"

ဟု အမှန်အတိုင်း ဝန်ခံကြလေသည်။

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော် မေးလိုက်လေသည်။

"မေရီကျော်ကို ခင်ဗျားသတ်ခဲ့တယ် မဟုတ်လား"

ထိုသို့ မေးလိုက်သောအခါ မျက်လုံးပြူးလျက် ကြည့်နေ သည်။

"ဒေါက်တာ ဘယ်လိုသိတာလဲ"

"အခြေအနေကိုကြည့်ရင် သိနိုင်တာပဲ၊ မေရီကျော်ကို ထွန်းအောင်ကျော် မသတ်ဘူးဆိုတာ အသိသာကြီးပဲ၊ နောက်ပြီး တခြား ရန်ငြိုးရန်စလည်း မရှိဘဲ အသတ်ခံရတယ်ဆိုတော့ တခြားအကြောင်းရှိရမယ်လို့ ခန့်မှန်းလို့ ရပါတယ်"

ပရိုဗင်က တအံ့တသြဖြင့် နားထောင်နေသည်။

"မေရီကျော် သေတဲ့ညက ခင်ဗျားမျက်နှာကို အကဲခတ် ကြည့်တော့ တစ်ခုခုကို နောင်တရနေတဲ့ပုံမျိုး တွေ့ရကတည်းက ခင်ဗျားသတ်မှန်း ရိပ်မိပါတယ်၊ ဘာကြောင့် သတ်လိုက်တာလဲ"

ဒီတော့မှ ပရိုဗင်က အမှန်အတိုင်း ဖွင့်ပြောသည်။

"အစကတော့ ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူး၊ သတ္တဝါကြီး အပြင်ရောက်သွားတော့ သူက ဒီအကြောင်းတွေကို စခန်းတစ်





လုံးကို အသိပေးသင့်တယ်လို့ ပြောတယ်၊ ကျုပ်က မပြောစေချင် ဘူး၊ အဲဒီအကြောင်းကြောင့် ပြဿနာဖြစ်ခဲ့ရတာပါ"

"ဘယ်လိုသတ်ခဲ့တာလဲ"

"အဲဒီညက ထွန်းအောင်ကျော် အရက်မူးမူးနဲ့ သူ့ အ ခန်းထဲ ဝင်သွားတာကို တွေ့လိုက်ရတယ်၊ သူတို့နှစ်ယောက် ပြဿနာဖြစ်ပြီး ထွန်းအောင်ကျော် ပြန်ထွက်သွားတော့မှ ကျုပ် ဝင်သွားပြီး သူ့ကို သတ်ပစ်ခဲ့တာပါ"

"ဟင် . . ခင်ဗျား လူယုတ်မာ လူသတ်သမားပဲ"

စိုင်းကျော်လှက ဒေါသတကြီး ပြေးဝင်သွားပြီး လက် သီးဖြင့် ထိုးချလိုက်ရာ ပရိုဗင်မှာ ကြမ်းပြင်ပေါ် လဲကျသွားတော့ သည်။

နောက်မှ ကျော်စွာက ဝင်ဆွဲထားလိုက်ရသည်။

ကျန်လူများကလည်း ရွံရှာမုန်းတီးသော အကြည့်မျိုးဖြင့် ဝိုင်းကြည့်ကြသည်။

ဒေါက်တာမင်းထင်ကျော်က ပရိုဗင်အနားသို့ သွားပြီး ဆွဲထူပေးလိုက်သည်။

"ခင်ဗျား ဖန်တီးထားတဲ့ သတ္တဝါဆိုတော့ သူ့ကို ဘယ်လို သတ်ရင် သေမလဲ"

"ကျုပ်လည်း မသိသေးဘူး၊ သူက ဓာတ်ဆေးရည်တွေ ကြောင့် အသက်ပြန်ရှင်နေတာဆိုတော့ သေနတ်နဲ့ပစ်လို့တော့ သေမှာမဟုတ်ဘူး၊ မီးနဲ့ရှို့သတ်နိုင်ရင်တော့ သေနိုင်မယ်ထင် တယ်၊ အခု ကျုပ် ဓါတ်ဆေးရည်တစ်မျိုး စီစဉ်နေတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ဆေးရည် သူ့ကိုယ်ထဲ ရောက်သွားရင်တော့ မူလခါတ်ဆေး
တွေ အာနိသင်ပြယ်ပြီး သူ့ကို သတ်လို့ရနိုင်တယ်”

ပရိုဗင်က စားပွဲပေါ်မှာ တင်ထားသော ပုလင်းကို ယ
လာပြီး ပြလေသည်။

ထိုအချိန်မှာပင် အဆောက်အအုံကြီး တစ်ခုလုံး သိ
သိမ့်တုန် လာလေတော့သည်။

“သူ ရောက်လာပြီ ထင်တယ်၊ သေလည်းအတူတူ ရှ
လည်းအတူတူ ရင်ဆိုင်ကြတာပေါ့”

ဟု ပြောလေသည်။

ထို့နောက်မှာတော့ သေနတ်များကိုယူပြီး အသံကြားရာ
ဘက်သို့ စောင့်ကြည့်နေကြသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ တံခါးတစ်ချပ် ဝုန်းခ
ပွင့်သွားပြီး သတ္တဝါကြီး ဝင်လာလေတော့သည်။

သူ့လက်တစ်ဖက်ဖြင့် အစောင့်တစ်ယောက်ကို ခေ
ထောက်မှကိုင်ကာ တရွတ်ဆွဲယူလာသည်။

သူတို့လူစုကို မြင်သောအခါ ဆွဲယူလာသော အ
လောင်းဖြင့် လှမ်းပစ်လိုက်လေသည်။

မမျှော်လင့်သောကြောင့် အားလုံး ဖရိုဖရဲနှင့် ရှောင်ပေ
လိုက်ကြစဉ် သတ္တဝါကြီးက ရှေ့တိုးဝင်လာသည်။

“ပစ် . . ပစ်”

“ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း”

သေနတ်သံများက ဆူညံနေတော့သည်။ ထိုကဲ့သို့ ပစ်





နေသည့်ကြားမှ ရှေ့တိုးဝင်လာပြီး တွေ့သမျှလူကို လိုက်ဆွဲနေ
တော့သည်။

“သူ့လက်နဲ့ အမိမခံနဲ့၊ လွတ်အောင်ရှောင်ကြ”

အခြားသူများက ဘေးလွတ်ရာရှောင်ရင်းနှင့် သေနတ်
ဖြင့် ပစ်ခတ်နေသော်လည်း ပရိုဗင်ကတော့ သူ့လက်ထဲမှာကိုင်
ထားသော သေနတ်ထဲမှ ကျည်ဆံကုန်သည်အထိ အဆက်မ
ပြတ် ပစ်ခတ်ရင်း ပါးစပ်မှလည်း အော်ဟစ်နေသည်။

“မင်းက ငါ့အတတ်ပညာနဲ့ လုပ်ပေးထားလို့ အသက်
ရှင်နေတာများ၊ အခု မင်းက ငါတို့ကိုပြန်ပြီး ဒုက္ခပေးနေတယ်
ပေါ့၊ ဒီနေ့တော့ မင်းကို အရှင်မထားတော့ဘူးဟေ့”

“ဒိုင်း . . ဒိုင်း . . ဒိုင်း”

သူ့သေနတ်ထဲမှ ကျည်ဆံကုန်သွားသောအခါ သတ္တဝါ
ကြီးက သူရှိရာသို့ ဦးတည်ပြီး သွားလေသည်။

“ပရော်ဖက်ဆာ ဒီဘက်ကိုလာခဲ့၊ ဒီဘက်ကိုလာခဲ့”

လှမ်းအော်သော်လည်း မရတော့ပေ။

ထိုသို့အော်နေစဉ် သတ္တဝါကြီးက သူ့အနီးသို့ရောက်
လာပြီး လက်ထဲမှသေနတ်ကို လက်ဖြင့် ပုတ်ထုတ်လိုက်ရာ လူပါ
တစ်နေရာသို့ ပစ်လဲကျသွားတော့သည်။

“ဒီကနေ့တော့ မင်းကို သတ်မယ်ဟေ့”

ပရိုဗင်က အော်ဟစ်ကြိမ်းမောင်းရင်းနှင့် ဒယိမ်းဒယိုင်
နှင့် ပြန်ထလာပြီး ဆေးပုလင်းများထားသော နေရာဘက်သို့
လျှောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှာ ရှိနေကြသော ဒေါက်တာမင်းထင်ကျော်တို့တစ်တွေမှာလည်း ဘယ်လိုမှ ဝင်မကူသာကြပေ။

ပရော်ဖက်ဆာ ပရိုဗင်မှာ သွေးရူးသွေးတန်း ဖြစ်နေဟန် ရှိလေသည်။

သူသည် ဆေးပုလင်းများထားသော စင်ရှိရာဘက်သို့ လျှောက်သွားပြီး ထိုနေရာမှ ဆေးပုလင်းတစ်ပုလင်းကို ရှာဖွေနေလေသည်။

ထိုအချိန်မှာပင် သတ္တဝါကြီးက သူ့နောက်ဘက်သို့ ရောက်လာလေသည်။

ပရိုဗင်က ဆေးပုလင်းတစ်ပုလင်းကို ကောက်ယူလိုက်စဉ်မှာ သတ္တဝါကြီး လက်နှစ်ဖက်ဖြင့် ဆုပ်ယူသွားလေသည်။

ထိုအခြေအနေကိုမြင်တော့ အချို့က သေနတ်ဖြင့်ပစ်ရန်ပြင်ရာ ဒေါက်တာမင်းထင်ကျော်က တားလိုက်သည်။

"မပစ်နဲ့ သူ့ကို ထိလိမ့်မယ်"

ထိုအချိန်မှာပင် သတ္တဝါကြီးက ပရိုဗင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး သူ့မျက်နှာရှေ့မှာ ကပ်ကြည့်နေသည်။

"မင်း ဒီကနေ့တော့ သေရပြီဟေ့"

ပရိုဗင်က ပြောပြောဆိုဆိုဖြင့် ဆေးပုလင်းကို ဖွင့်လိုက်သည်။ သို့သော် အလှမ်းဝေးနေသောကြောင့် သတ္တဝါကြီး ပါးစပ်တွင်းသို့ ထည့်ရန်မမီပေ။

"လာစမ်းပါဦးကွ၊ ဒီနားတိုးလာစမ်းပါ၊ မင်းကို ဒီထက်အသက်ပိုရှည်မယ့်ဆေး တိုက်ချင်သေးလို့ပါ"





သူက သွေးရူးသွေးတန်းဖြင့် ပြောနေသော်လည်း သတ္တဝါကြီးကတော့ မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်ကာ တဂီးဂီးတဂဲဂဲနှင့် မာန်ဖီနေလေသည်။

နောက်ဆုံး ဆေးပုလင်းကို ပါးစပ်ထဲသို့ထည့်ရန် အလှမ်းမမီတော့သောအခါ ထိုဆေးရည်ဖြင့် ကိုယ်ပေါ်သို့ လောင်းချလိုက်လေတော့သည်။

"ကဲ သေပေတော့ကွာ"

သူ လောင်းချလိုက်သော ဆေးရည်များမှာ သတ္တဝါကြီးကိုယ်ပေါ်သို့ ကျသွားသောအခါ အက်ဆစ်ရည်ဖြင့် လောင်းချလိုက်သကဲ့သို့ အခိုးအငွေ့များ ထလာလေသည်။

မရှေးမနှောင်းမှာပင် အမွေးအမှင်များကို မီးလောင်သကဲ့သို့ မီးခိုးငွေ့များ ထွက်လာသည်။

ထိုအခါ သတ္တဝါကြီးက စူးစူးဝါးဝါးအော်ဟစ်ကာ ပရိုဗင်ကို ဆေးပုလင်းများ တင်ထားသော စားပွဲဖြင့် ရိုက်ချလိုက်လေသည်။

"ဖုန်း. ."

"အား. ."

စူးစူးဝါးဝါး အော်သံကြီး ပေါ်ထွက်လာလေသည်။

ထိုအခါမှ မနီးမဝေးမှာ ရှိနေကြသူများက သေနတ်များဖြင့် ဝိုင်းပစ်ကြပြန်လေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သို့သော်လည်း မည်သို့မှ မထူးခြားပေ။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီး ပရိဗင်ကို လက်တစ်ဖက်တည်းဖြင့် ကိုင်ထားကာ စူးစူးဝါးဝါး အော်နေလေသည်။

"မပစ်ကြနဲ့ မပစ်ကြနဲ့ သူက သဘာဝလွန် ဆေးရည်တွေနဲ့ ဒီဘဝ ရောက်နေတာဆိုတော့ သေနတ်နဲ့ပစ်လို့လည်း မသေဘူး၊ ဘယ်နည်းနဲ့မှ သတ်လို့သေမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဘေးအန္တရာယ် လွတ်ရာကိုသာ ပြေးကြတော့၊ ဒီစခန်းမှာလည်း မနေကြနဲ့တော့၊ ပြေးကြ၊ . . ပြေးကြ၊ အမြန်ပြေးကြပေတော့"

ဟု အော်ပြောလေသည်။

ထိုကဲ့သို့ အော်နေရင်းမှာပင် သတ္တဝါကြီးက နောက်တစ်ကြိမ် ရိုက်ချလိုက်သောအခါ အသံပျောက်သွားလေတော့သည်။

အတတ်ပညာတော်သော်လည်း ထိုအတတ်ပညာကို လွဲမှားသောနေရာမှာ အသုံးချခဲ့မိသော ပညာရှင်တစ်ယောက်၏ဘဝကား ကိုယ့်အတတ်နှင့်ကိုယ်စူးဆိုသကဲ့သို့ ဇာတ်သိမ်းမလှခဲ့ပါချေ။

ဒေါက်တာမင်းထင်ကျော်တို့လည်း မည်သို့မှ ဝင်ရောက်အကူအညီမပေးသာတော့သဖြင့် ထိုနေရာမှ အမြန်ဆုံး ပြေးထွက်ခဲ့ကြရလေတော့သည်။







# အခန်း(၁၂)

## ဒေါ်မင်းစာနှင့် ထမန်းမျိုးနွယ်တို့အကြောင်း

ပရောဖက်ဆာပရိဗင် သေဆုံးသွားပြီးနောက်တွင် သုတေသနစခန်းမှာ ဆက်မနေဝံ့ကြတော့သဖြင့် အချို့ ထွက်ပြေးကြသည်။

ထိုနေရာမှာတော့ ဒေါက်တာမင်းထင်ကျော်တို့က ကျန်ခဲ့လေတော့သည်။

နန်းမြတ်ဒေဝီကတော့ အခြားသူများနှင့် လိုက်မသွားဘဲ ဒေါက်တာမင်းထင်ကျော်တို့နှင့်သာ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆက်လုပ်မလဲ ဆရာ၊ စခန်းမှာတော့ ကျွန်တော်တို့ပဲ ကျန်ခဲ့တော့တယ်"

ကျော်စွာက မေးသည်။

"ထွက်ပြေးလို့တော့ မဖြစ်ဘူး၊ ဒီအန္တရာယ်ကို လက်စမသိမ်းနိုင်ဘဲ ဒီအတိုင်းထားခဲ့ရင်လည်း အေးသွားမှာ မဟုတ်ဖူး၊ နောက်ပိုင်း သတ္တုတွင်းက အလုပ်သမားတွေနဲ့ အနီးတစ်ဝိုက်က ရွာတွေဆီဆင်းပြီး ဒုက္ခပေးမှာ အသေအချာပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီမိစ္ဆာကောင်ကြီးကို လက်စသိမ်းမှ ဖြစ်မယ်"

"အခုစခန်းမှာ ကျွန်တော်တို့ပဲ ကျန်ခဲ့တော့တာဆိုတော့ သူ့ကို ဘယ်လိုနည်းနဲ့ သုတ်သင်မလဲ"

"နည်းလမ်းရှာရမှာပေါ့၊ ဒီအတိုင်းတော့ နေလို့မဖြစ်ဘူး၊ ဒီမှာဆက်နေရင် သူ့လက်ချက်နဲ့သေကြမှာပဲ၊ ဒီတော့ ဒီလိုလုပ်ရရင် မကောင်းဘူးလား"

"ဘယ်လိုလုပ်ချင်လို့လဲ"

"ကဝေမှော်ရွာသွားပြီး ကိုနီမောင်တို့ကို သွားပြီး အကူအညီတောင်းရရင် ပိုမကောင်းဘူးလား"

"အင်း. . ဒါလည်းကောင်းတာပဲ ဆရာ၊ သူတို့က နယ်ခံတွေဆိုတော့ ဒီကအကြောင်းတွေ ပိုသိနိုင်တာပေါ့"

ဟု ပြောပြီး ကဝေမှော်ရွာသို့ သွားရန် ပြင်ကြလေသည်။

နန်းမြတ်ဒေဝီသဘောကိုမေးတော့ သူတို့နှင့်အတူတူလိုက်ခဲ့မည် ပြောသဖြင့် တစ်ပါတည်း ခေါ်လာခဲ့ကြလေသည်။





သူတို့သုံးယောက် ရောက်သွားသောအခါ ဦးထန်ဖုန်းရှိန်က ဝမ်းသာအားရနှင့် ဆီးကြိုဧည့်ခံလေသည်။

"ကျုပ်တို့ ဘာများအကူအညီပေးရမလဲ ဆရာ"

ဒေါက်တာမင်းထင်ကျော်က သုတေသနစခန်းမှ အဖြစ်အပျက်များကို အကြောင်းစုံ ပြောပြလိုက်လေသည်။

"ဆရာ့ရဲ့ ကျေးဇူးတွေက ကျွန်တော်တို့အပေါ်မှာ အများကြီး ရှိပေတာပဲ၊ ဆရာ အကူအညီပေးခဲ့လို့ လယ်ယာမြေတွေ ပြန်လုပ်ရတယ်၊ တောင်ပေါ်က ကျလာတဲ့ရေကိုလည်း သုံးလို့ရတယ်၊ အခုလို အခက်အခဲ ပေါ်လာတော့လည်း တစ်လှည့်ပြန်ပြီး အကူအညီ ပေးရမှာပေါ့၊ ဒါပေမယ့် ကျန်တဲ့လူတွေနဲ့တွေ့ပြီးတော့ ဘယ်လိုလုပ်သင့်တယ်ဆိုတာ မေးရဦးမယ်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကို ၎င်းအိမ်ကြီးမှာပင် လက်ခံထားလေသည်။

နန်းမြတ်ဒေဝီအနေဖြင့်လည်း မြဝင်းသူ အဖော်ရှိနေသဖြင့် နေရေးထိုင်ရေး အဆင်ပြေသွားလေသည်။

ညနေပိုင်းရောက်တော့ နီမောင်ရောက်လာသည်။

သူနှင့်အတူ နောက်ထပ်လူရွယ်နှစ်ယောက်လည်း ပါလာကြလေသည်။

စောထီးနှင့် ငမဲအောင်ဖြစ်ကြောင်း နောက်မှသိရလေသည်။

နီမောင်ကလည်း ဒေါက်တာမင်းထင်ကျော်တို့နှင့် ပြန်တွေ့ရသောကြောင့် ဝမ်းသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ထံမှ အကျိုးအကြောင်း သိရသောအခါ နီမောင်က ပြောသည်။

“ဒါက သာမန်သတ္တဝါ မဟုတ်ဘူးဆရာ၊ သမန်းကျား တစ်ပိုင်း လူတစ်ပိုင်း သတ္တဝါဘဝ ရောက်နေတာပဲ ဖြစ်ရမယ်၊ နောက်ပြီး ဓါတ်ဆေးရည်တွေကြောင့် အသက်ပြန်ရှင်နေတာဆိုတော့လည်း တော်ရုံနဲ့ သတ်လို့မရဘူး ဖြစ်နေတာပဲ ဖြစ်မှာပါ”

“ဒီတော့ ဘယ်လိုလုပ်သင့်သလဲ”

“ဒီအကြောင်းကိုတော့ ကျွန်တော်တို့က သိပ်မသိကြဘူး၊ ဒီရွာမှာတော့ သမန်းကျား ထမန်းကျားတွေရဲ့အကြောင်းကိုသိတဲ့ အဘွားကြီးတစ်ယောက်ရှိတယ်၊ သူက ထမန်းမျိုးနွယ်ဆက် တစ်ယောက်ပဲ၊ သူ့ကို မေးကြည့်ရင် သိရနိုင်တယ်”

“သူက ဘယ်သူလဲ”

“ဒေါ်မင်းဇာလို့ခေါ်တယ်၊ သူ့ဆီ သွားကြရအောင်”

ဟု ပြောပြီး ခေါ်သွားရာ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်လည်း လိုက်သွားကြလေသည်။

ဒေါ်မင်းဇာ နေသောနေရာမှာ ရွာအစွန်ပိုင်းတွင်ဖြစ်ပြီး တဲတစ်လုံးဖြင့် တစ်ယောက်တည်းနေသူ ဖြစ်သည်။

လူစုလူဝေးဖြင့် သူတဲအတွင်းသို့ ဝင်လာသည်ကို မြင်သောအခါ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို သောက်နေရာမှ တအံ့တသြဖြင့် ကြည့်နေလေသည်။

“မင်းတို့တစ်တွေ လူစုလူဝေးနဲ့ လာကြတာဆိုတော့ ငါ့ကိုသတ်မလို့ လာကြတာတော့ မဟုတ်ပါဘူးနော်”





ထိုစကားကြောင့် နီမောင်က ရယ်လိုက်သည်။

“အဘွားကို ဘာကြောင့် သတ်ရမှာလဲ၊ မေးစရာရှိလို့လာကြတာပါ”

“မသိပါဘူး၊ ငါက လူတွေအများကြီးနဲ့ လာကြတာမြင်တော့ တစ်ခုခုလုပ်မယ် ထင်လို့ပါ”

“ဒါက ကျွန်တော်တို့ရွာကို လာကြတဲ့ ဧည့်သည်တွေပါ”

“ဧည့်သည်လာတယ်ဆိုပေမယ့် ငါ့ အိမ်မှာတော့ ဘာမှ ကျွေးစရာ မရှိပါဘူး”

ဟု ပြောပြီး ဝါးကြမ်းခင်းပေါ်မှာ ထိုင်ကြရန် ပြောသဖြင့် ဝင်ထိုင်ကြသည်။

“သူတို့က ဟိုးကုန်းပေါ်မှာရှိတဲ့ သုတေသနစခန်းက လာကြတာပါ”

“ပဒ္ဒူအိုးကို တုတ်နဲ့ထိုးကြတဲ့သူတွေ ထင်ပါရဲ့”

“ဘယ်လို ပဒ္ဒူအိုးကို တုတ်နဲ့ထိုးတာလည်း အဘွားရဲ့”

“ရှေးတုန်းက ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ရှိတာ မင်းတို့ ကြားဘူးသလား”

“ဘယ်ပုံပြင်လဲ ပြောပြပါဦး”

“ရှေးတုန်းက ဒိသာပါမောက္ခဆရာကြီး တစ်ယောက်က တပည့်သုံးယောက်ကို ပညာတစ်မျိုးစီ သင်ပေးလိုက်တယ်၊ တစ်ယောက်က အရိုးကိုမြင်တာနဲ့ သဘာဝရုပ်အတိုင်း ဖြစ်အောင် လုပ်နိုင်တယ်”

“ဟုတ်ကဲ့. .”



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်က သဘာဝပုံသဏ္ဍာန်အတိုင်း တူအောင် ဆေးရောင်ခြယ်ပေးနိုင်တယ်၊ ကျန်တစ်ယောက်ကတော့ အသက်မရှိတာကို အသက်သွင်းပေးနိုင်တယ်၊ သူတို့သုံးယောက်ဟာ ကျားရိုးကို တွေ့တာနဲ့ ကျားတစ်ကောင်လို အသက်သွင်းလိုက်တာ. . နောက်ဆုံး သုံးယောက်စလုံး ကျားစာဖြစ်ပြီး သေဆုံးခဲ့ကြရတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်ကြောင်း ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"အခု မင်းတို့အဖြစ်ကလည်း ဒီလိုနဲ့ ဘာများကွာခြားသလဲ၊ အသက်မရှိတဲ့ ကျားတစ်ကောင်ကို အသက်သွင်းပေးလိုက်တော့ စခန်းတစ်ခုလုံး ပျက်စီးရပြီ မဟုတ်လား၊ အခုတော့ ကိုယ့်ဘာသာ မထိန်းနိုင်တော့ဘူး မဟုတ်လား"

"အမှန်ပါပဲ အဘွားပြောတဲ့အတိုင်းပဲ ဖြစ်ခဲ့ပါတယ်၊ ဒါထက် အဘွားက ဒီအကြောင်းတွေကို ဘယ်လိုများ သိနေတာပါလဲ"

"ငါက ထမန်းမျိုးနွယ်တစ်ယောက်ပဲ၊ ဒီနယ်တစ်ကြောမှာ ဘယ်သူတွေက ထမန်းမျိုးနွယ်တွေဖြစ်ပြီး ဘယ်သူတွေ ဘာလုပ်နေတယ်ဆိုတာ ငါ မသိတာမရှိဘူး"

ဟု ပြောပြီး. . မီးသေလုဖြစ်နေသော ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို မီးပြန်စွဲစေရန် ပိန်ချိုင့်နေသည့် ပါးနှစ်ဖက် ပိန်ချည်ဖောင်းချည် ဖြစ်လာသည်အထိ ကြိုးစားဖွာနေလေသည်။





ကျွန်တော်တို့ အခုလာတာ အဲဒါတွေ သိချင်လို့ပါ၊ ထမန်းမျိုးနွယ်နဲ့ သမန်းကျားဆိုတာ အတူတူပဲ မဟုတ်လား"

"သဘာဝချင်းကတော့ တူတာပေါ့၊ ဒါပေမယ့် အခြေခံချင်းကတော့ ဘယ်တူပါ့မလဲ"

"ဘယ်လိုများ ကွာခြားတာပါလဲ"

"ငါတို့ ထမန်းမျိုးနွယ်ဆိုတာ လူစင်စစ်ကနေ အသွင်မပြောင်းဘဲ ကျားစိတ်ကျားမာန်သွင်းနိုင်တယ်၊ ကျားရဲ့ရုပ်ခန္ဓာထဲကို လူရဲ့ဝိညာဉ်ပူးကပ်ပြီး သားကောင် ဖမ်းနိုင်တယ်၊ ဒါကို ထမန်းမျိုးနွယ်လို့ ခေါ်ကြတယ်"

"သမန်းကျားကျတော့ရော အဘွား"

"သမန်းကျားဆိုတာ အဆင့်ပိုမြင့်တယ်၊ သူက လူဘဝကနေ ကျားစိတ်ကျားမာန် သွင်းရုံတင်မကဘူး၊ ကျားအသွင်ပါ ပြောင်းနိုင်တယ်၊ အဲ့ဒါမှ သမန်းကျားလို့ ခေါ်ကြတာ"

"လူကနေ ကျားအဖြစ်ရောက်အောင် ဘယ်လိုပြောင်းတာလဲ အဘွား"

"ရှေးအခါက လူစင်စစ်ကနေ လင်းတလိုပြောင်းပြီး ကောင်းကင်ပျံတက်နိုင်တဲ့ ကဝေမှော်ပညာမျိုးလိုပဲပေါ့"

ထိုအယူအဆနှင့် ပတ်သက်ပြီး မှတ်တမ်းအချို့လည်း ရှိခဲ့ဖူးပေသည်။

၎င်းမှတ်တမ်းမှာ. .

ကျားနွယ်ကျားဆက်တစ်ဦးဖြစ်သည့် ထမန်းမျိုးနွယ်တစ်ဦးသည် သမန်းကျားဘဝသို့ ပြောင်းလိုကပြောင်းလဲနိုင်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျားအဖြစ် ပြောင်းလဲလိုပါက ထိုသူသည် အဖော်တစ်ဦးနှင့်အတူ တောထဲရောက်အောင် သွားရသည်။ တောထဲရောက်သောအခါ ကျားအဖြစ် ပြောင်းမည့်သူအား ၎င်းဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်ပြီး အတူပါလာသော အဖော်ကို ပေးထားရသည်။

အဖော်က ထိုအဝတ်အစားများယူပြီး သစ်ပင်အမြင့်ပေါ်သို့ တက်နေရသည်။

ထိုသို့ တက်နေရခြင်းမှာ သမန်းကျားဖြစ်လာမည့်သူက အန္တရာယ် မပေးနိုင်စေရန် ဖြစ်သည်။

ထို့နောက် ကျားအသွင် ပြောင်းမည့်သူက ကျားစိတ်ကျားမာန်များ သွင်းသည်။

ကျားအသွင်ရောက်အောင် ပြောင်းပြီးနောက် ကျွမ်းသုံးခါ ထိုးပြီးနောက် တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုဘဝ ရောက်သွားသည်နှင့် သဘာဝကျားများနှင့် ရင်ဆိုင်တွေ့သော်လည်း မကြောက်ရွံ့တော့ပေ။

ကျားများကလည်း ထိုသူ့ကို ရန်မမူကြပေ။

ကျားအုပ်စုများနှင့်ပင် အတူရောနှော နေထိုင်ပံ့ကြလေသည်။

ထိုသူသည် ကျားတစ်ကောင်၏ စွမ်းအားများ သတ္တိများ၊ လျင်မြန်မှု၊ ဖျတ်လတ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို





သုံး၍ သားကောင်ကို ဖမ်းဆီးသတ်ဖြတ်နိုင်လေသည်။

ထို့နောက် သားကောင်ရပြီးသောအခါ အဖော်ကျန်နေခဲ့သော သစ်ပင်ရှိရာသို့ ပြန်လာလေသည်။

သူပြန်လာတာမြင်လျှင် သစ်ပင်ပေါ်မှ အဖော်က အဝတ်အစားများကို မြင်သာအောင် လှုပ်ယမ်းပြရလေသည်။

ကျားစိတ်ဝင်နေသူက အဝတ်အစားများ မြင်သောအခါ တဖြည်းဖြည်း သတိပြန်ရပြီး လူစိတ်ပြန်ဝင်လာလေတော့သည်။

ထိုအခြေအနေမျိုးတွင် သစ်ပင်ပေါ်မှာ ကျန်ခဲ့သော အဖော်က သစ္စာဖောက်လျှင်တော့ လူအဖြစ်သို့ မရောက်တော့ဘဲ သမန်းကျားဘဝနှင့်သာ နေသွားရသည်။

(တစ်ခါက ရွာတစ်ရွာမှာ မိန်းမတစ်ယောက်ကို နှစ်ယောက် အတူတူ ပိုးပန်းနေသော သူငယ်ချင်းနှစ်ယောက်တို့ တောထဲသို့ အမဲလိုက်သွားကြသည်။

တစ်ယောက်က ကျားစိတ်ကျားမာန်သွင်းပြီး တောထဲဝင်သွားသောအခါ ကျန်တစ်ယောက်က ထိုအဝတ်အစားများကို ယူကာ ရွာသို့ ပြန်ပြေးလေသည်။

သမန်းကျားအဖြစ် ပြောင်းသွားသူမှာ ရွာသို့ ပြန်မရောက်လာတော့ပေ။

နောက်ပိုင်းတော့ သစ္စာဖောက်သူက ထိုမိန်းမကိုယူပြီး ပေါင်းသင်းနေထိုင်လေသည်။

နောက်ပိုင်းတော့ တောထဲမှာ သမန်းကျားတစ်ကောင်နှင့် တွေ့ပြီး သတ်ဖြတ်ခံရသဖြင့် သေဆုံးသွားလေသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်သော သမန်းကျားမှာ သူထားခဲ့သော သမန်းကျားပင် ဖြစ်ပေသလား မပြောတတ်တော့ပေ။)

ထို့ကြောင့် တောထဲသွားမည့် သမန်းမျိုးနွယ်တို့သည် ယုံကြည်စိတ်ချရသော သစ္စာရှိသည့် အဖော်နှင့်သာ အတူသွားလေ့ရှိသည်။

သူ သတိပြန်ရလာသောအခါမှ အဖော်ဖြစ်သူက ၎င်း၏ အဝတ်အစားများကို ပစ်ချပေးလိုက်ရ၏။

စိတ်ချရသောအခါမှ အဖော်က သစ်ပင်ပေါ်မှ ဆင်းရလေသည်။

ထို့နောက်မှာတော့ သမန်းကျားဘဝနှင့် ကိုက်သတ်ထားခဲ့သော သားကောင်ကိုယူပြီး ရွာသို့ ပြန်လာကြသည်။

ထိုကဲ့သို့ မှတ်တမ်းတင်ထားသည်မျိုးလည်း ရှိပေသည်။

((၁၉၈၆)ခုနှစ်ထုတ် သိဂီါနဒီ မြန်မာပြည်မြောက်ဖျားသို့ စာအုပ်အတွဲ-(၂)၊ စာမျက်နှာ-(၂၃၅) မှ)

"ဒါဖြင့် ထမန်းကျားကနေ သမန်းကျားဘဝကို ပြောင်းကြတာပေါ့နော်"

"ဟုတ်တယ် ဒီလို ပြောင်းလဲထားတဲ့အချိန်မှာ ရန်သူနဲ့ တွေ့လို့ သေဆုံးသွားရင် ကျားတစ်ပိုင်း လူတစ်ပိုင်း ဘဝမျိုးနဲ့ပဲ သေကြရတယ်"

ဒေါ်မင်းဇာစကား ကြားသောအခါမှ သုတေသနစခန်းမှရခဲ့သော လူတစ်ပိုင်း ကျားတစ်ပိုင်း သတ္တဝါမှာ ထိုသတ္တဝါမျိုး ဖြစ်ကြောင်း သိရလေသည်။





"မင်းတို့စခန်းမှာ သောင်းကျန်းနေတာ ဒီလိုသတ္တဝါမျိုးပေါ့၊ မြစ်ထဲမှာ သာမန်မိကျောင်းထက် ဖွတ်မိကျောင်းက ပိုကြောက်စရာ ကောင်းတယ်၊ ဘာကြောင့်လည်းဆိုတော့ သူက တိရစ္ဆာန်ဘဝ ရောက်နေရပေမယ့် လူအသိစိတ်က တစ်ဖက်ပါနေတော့ သာမန်တောတိရစ္ဆာန်တွေထက်ပိုပြီး ရက်စက်ကြမ်းကြုတ်တော့တာပေါ့"

"အဘွားပြောတာ မှန်ပါတယ်၊ အခု စခန်းမှာ သောင်းကျန်းနေတဲ့ သတ္တဝါကြီးက လူတစ်ပိုင်းကျားတစ်ပိုင်း ဖြစ်နေတဲ့ သတ္တဝါကြီးပါပဲ၊ သေနတ်နဲ့လည်း ပစ်သတ်လို့ မသေဘူး၊ ဘယ်လိုလုပ်ရမလဲ အဘွား"

"ဒါကတော့ ကိုယ်မွေးတဲ့မီးပဲ ကိုယ့်ဘာသာ နိုင်အောင်ငြိမ်းကြပေါ့၊ ငါက ထမန်းမျိုးနွယ်တစ်ယောက်ဆိုတော့ ဒါတွေကို ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ တခြား ထမန်းမျိုးနွယ်တွေကသိရင် ငါ့ကို လာသတ်ကြမှာပေါ့၊ မပြောဝံ့ပေါင်တော်"

ဟုပြောပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားလေသည်။

"အဘွားမပြောချင်ရင်နေပါ၊ တခြား ဘယ်သူတွေများ အကူအညီ ပေးနိုင်မလဲ"

"မြောက်ဘက်က သုသာန်နားမှာနေတဲ့ ဦးဗန်ကောင်း သွားမေးကြည့်ပေါ့"

ဒေါ်မင်းဇာက သူကိုယ်တိုင် မပြောချင်သဖြင့် ပြောနိုင်မည့်သူကို ညွှန်ပြပေးလိုက်သဖြင့် ဝမ်းသာသွားကြလေသည်။

ထို့နောက်မှာတော့ နီမောင်တို့နှင့်အတူ ဦးဗန်ကောင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာသို့ ဆက်လာခဲ့ကြလေသည်။

အချိန်က နေဝင်ချိန် နီးနေချေပြီ။







# အခန်း(၁၃)

## ကမ္ဘာပေါ်မှာ ထင်ရှားသော ဝါး(၁၀)လက်

ဦးဗန်ကောင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ခေါင်းတုံးပြောင်အောင် တုံးထားလေသည်။ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သူဖြစ်ပြီး ပါးစပ်ထဲမှာ ကွမ်းကိုအမြဲထည့်ကာ ဝါးနေလေ့ရှိသည်။

သူသည် ဆေးဝါးအစီအရင်နှင့် ဆေးကုသသောအလုပ်ကို ဝါသနာပါသလို အင်္ဂရိုက်ထိုးသော အလုပ်ကိုလည်း များစွာဝါသနာပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မြို့ပြနှင့် အလှမ်းဝေးသော ကျေးလက်ဒေ
သများမှာ ဆရာဝန်နှင့် ဆေးပေးခန်းမရှိကြသဖြင့် ဦးဗန်ကောင်း
ကဲ့သို့ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသပေးသူများကိုသာ အား
ကိုးအားထား ပြုနေကြရလေသည်။ ဦးဗန်ကောင်းကလည်း
သူကျွမ်းကျင်သောဆေးပညာ၊ တတ်ပညာများအပြင် ပယောဂ
နှင့် သက်ဆိုင်သောရောဂါကုထုံးများနှင့် ရောဂါကုသပေးလေ့
ရှိသည်။

ထိုသို့ဆေးကုပေးရာမှာလည်း စေတနာဖြင့်သာ ကုသ
ပေးသောကြောင့် ကဝေမော်ရွာမှသာမကပဲ အခြားနေရာများမှ
ပါ အားကိုးအားထားပြုနေရသော ဆရာတစ်ဦးဖြစ်လေသည်။
နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ ဖိုထိုး
နေသော ဦးဗန်ကောင်းကို တွေ့ရသည်။ သူက ဖိုဆွဲခြင်းကိုရပ်ပြီး
နေရာမှထလာကာ ဧည့်သည်များကို နေရာထိုင်ခင်းပေးလေ
သည်။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ပါလဲ "

"ဆရာကြီးဆီမှာ အကူအညီတောင်းချင်လို့ပါ "

"မြန်မာအမျိုးသား အချင်းချင်းတွေပဲ ကူညီနိုင်တာဆို
ရင် အကူအညီပေးပါမယ်. . "

"ကျွန်တော်နာမည်က ဒေါက်တာမင်းထင်ကျော်လို့
ခေါ်ပါတယ် သုတေသနစခန်းကပါ အခုကျွန်တော်တို့သုတေ
သနစခန်းမှာ အန္တရာယ်နဲ့ ကြုံတွေ့နေရပါတယ်"

ဒေါက်တာမင်းထင်ကျော်က အဖြစ်အပျက်အချို့ကို





ပြောပြလိုက်လေသည်။

"ကျုပ်လည်း သတင်းကြားသင့်သလောက်တော့ ကြား
ပြီးပါပြီ ဆရာတို့ရင်ဆိုင်နေရတဲ့ သတ္တဝါက ပုံမှန်အန္တရာယ်မျိုး
မဟုတ်တော့ဘူးဗျ၊ သူကဓာတ်ဆေးရည်တွေကြောင့် သဘာဝ
ကပြောင်းလဲနေပြီ၊ သမန်းကျားတွေရဲ့ သဘာဝက ကြမ်းတမ်း
ခက်ထန်တယ်၊ ဒီကြားထဲမှာမှဖောက်ပြန်တဲ့ ဆေးရည်တွေ
ကြောင့် အသက်ပြန်ဝင်လာတာဆိုတော့ ဘယ်လိုမှမသေတော့
ဘူးဖြစ်နေတာပါ. . . "

"ဒီအတိုင်းထားရင်တော့ အန္တရယ်တွေကတစ်ခုပြီး
တစ်ခုရောက်လာတော့မှာပဲ. . ဆရာကြီး အကူအညီပေးနိုင်ရင်
ပေးပါ. . "

ဟုပြောသောအခါ ပါးစပ်ထဲမှ ကွမ်းဖတ်များကို ထွေး
ထုတ်လိုက်ပြီး လက်ဖက်ရည်တစ်ခွက်သောက်ရင်း အတန်ကြာ
အောင်စဉ်းစားနေသည်။

"ကျုပ်တို့ဝိဇ္ဇာလောကရဲ့ ဓာတ်သဘောနဲ့ ပြောရရင်
တော့ ဓာတ်ခိုက်နေရင် ဓာတ်နဲ့ပြန်တိုက်မှရတယ်၊ ဒီသတ္တဝါက
ဓာတ်ဆေးရည်တွေကြောင့် အသက်ဝင်နေတော့ အစီအရင်နဲ့
ပြုလုပ်ထားတဲ့လက်နက်နဲ့ သတ်မှပဲရမယ်. . . "

"ဘယ်လိုလက်နက်မျိုးလဲ ဆရာကြီး "

"ဥပမာ. . 'ကိုးသင်္ချိုင်းသံသေဓား' လို လက်နက်မျိုး
စီရင်ပြီး သတ်မှရမယ်. . "

ထိုအခါ ကျော်စွာကဝင်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်တွေနဲ့ ဝိုင်းပစ်တာတောင် မသေတာ. . ၊ ဓား နဲ့ခုတ်လို့ သေပါမလား ဆရာကြီး"

"သေပါတယ် ကိုးသချိုင်းသံသေဓားနဲ့သာ ခုတ်လို့က တော့ သေနတ်ပြီးဓားပြီးတဲ့သူတောင် ထက်ပိုင်းပြတ်ကျနိုင်ပါ တယ်၊ ကိုးသချိုင်းသံသေဓားစစ်စစ်နဲ့သာ ခုတ်လို့ကတော့ ဘယ် လိုသတ္တဝါမှ မခံနိုင်ဘူး လည်ပင်းပြတ်ကျတာပဲ"

ဟု ပြောသောအခါ ဒေါက်တာမင်းထင်ကျော်က အားရှိ သွားလေသည်။

"ဓားတွေအစွမ်းထက်ပုံအကြောင်းတော့ စာအုပ်တွေ မှတ်တမ်းတွေ အတော်များများမှာ တွေ့ဖူးပါတယ် မြင်းကွန်းအ ရေးတော်ပုံမှာ ဓားလှံလက်နက်ပြီးတဲ့ အိမ်ရှေ့စံကနောင်မင်း သားကို ခုတ်တဲ့ဓားဟာ ကိုးသချိုင်းဓားဖြစ်တယ်လို့ တွေ့ဖူးပါ တယ်"

"မှန်ပါတယ်"

"ကိုးသချိုင်းသံသေဓားက ဘယ်မှာရနိုင်မလဲ ဆရာ ကြီး"

"လုပ်ရမှာပေါ့"

"ဆရာကြီးလုပ်ပေးနိုင်ပါသလား"

"အရေးကြုံနေမှပဲ လုပ်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ်ဆရာကြီး ဒါထက်. . ကက်ကင်း၊ ခါတ်စိုက်၊ ခါတ်ရိုက်ပညာတွေဟာ တကယ်ပဲ အစွမ်းထက်ပါ လား"





"ရှေးကတည်းက ပညာရှိတွေ အဆက်ဆက် အသုံးပြု ခဲ့တာဆိုတော့ အစွမ်းထက်လို့ဖြစ်မှာပေါ့၊ ရှေးကလူတွေ ကက် ကင်း နဝင်းဓာတ်တွေကို ဘယ်လိုအကျိုးရှိအောင် အသုံးပြုခဲ့ ကြတယ်ဆိုတာ ကျုပ်နမူနာပြောပြပါမယ်"

ဦးဇန်ကောင်းက လက်ဖက်ရည်ပန်းကန်ကို အောက်သို့ ချကာ ပြောပြလေသည်။

ရှေးအခါက ဆရာတော်ကြီးများမှာ ၎င်းတို့၏ နဝင်း ဓာတ်ကို အမြဲတစေ အသုံးပြုခဲ့ကြသည်။

လယ်တီဆရာတော်ကြီးသည် တောင်ဝှေးကို အမြဲကိုင် ဆောင်လေ့ရှိသည်။

လယ်တီနှင့်တောင်ဝှေးမှာ ကက်ကင်းဖြစ်သည်။

မိုးညှင်းဆရာတော်ကြီးက ညောင်ပင်ကိုစိုက်တော်မူ သည်။

မိုးညှင်းနှင့်ညောင်ပင်က ကက်ကင်းဖြစ်သည်၊

ထိုအရာကို နမူနာယူ၍ ကျားပျံမကောက်အမည်ဖြင့် ဆေးလိပ်လုပ်ငန်း လုပ်ကိုင်ခဲ့ရာ များစွာကြီးပွားချမ်းသာမှု ရရှိ လေသည်။ မကောက်နှင့်ကျားပျံမှာ ကက်ကင်းဖြစ်သည်။

မြင်းခြံမြို့မှ မန်းကျည်းသားကို မင်းခေါင်(အဘဘိုးမင်း ခေါင်) မေးကိုင်နေသောပုံကို ထုလုပ်ပြီး ဆောင်ထားပါက ပွဲခေါ် ကောင်းလှသည်။

မန်းကျည်း၊ မင်းခေါင်၊ မေးကိုင်၊ ပွဲခေါ် စသည်တို့မှာ ကက်ကင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်း့မှ ဇောင်းချမ်းသားကို ဇော်ဂျီဆေးကြိတ်ပုံထု၍ ဆေးခြယ်ကာ ဇကော(ဆန်ကော)တွင်ထည့်၍ အဆောင်အဖြစ်ထားပါက ဈေးခေါ် ဈေးရောင်းကောင်းသည်ဟု အဆိုရှိသည်။ စစ်ကိုင်း၊ ဇောင်းချမ်း၊ ဇော်ဂျီ၊ ဆေးကြိတ်၊ ဆေးခြယ်၊ ဈေးခေါ် စသော အရာအမျာမှာ ကက်ကင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်သောအဆောင်များထဲတွင် ပိတုန်းအဆောင်ရုပ်လည်း လူသိများပြီး ထင်ရှားလေသည်။ စီရင်ပုံမှာ. . .

(၁) ပိတောက်သားဖြင့် ပြုလုပ်ရသည်။

(၂) ထိုပိတောက်သားကို ပေါင်းတည်၊ ပန်းတောင်းမြို့မှ ရယူလျှင်ပိုကောင်းသည်။

(၃) လှည်းပန်းတောင်းဖြင့် ပြုလုပ်ရသည်။ လှည်းပန်းတောင်းကို ပိတောက်သားဖြင့် ပြုလုပ်လေ့ရှိပြီး ထိုလှည်းပန်းတောင်းကို ပေါင်းတည်ပန်းတောင်းမြို့မှ ရလျှင် ပိုကောင်းသည်။

(၄) ပိတုန်းရုပ်ကို စတင်ထုလုပ်သောနေ့မှာ ကြာသပတေးနေ့နှင့်လပြည့်ည တိုက်ဆိုင်ပါက ပိုကောင်းသည်။

(၅) ပိတုန်းရုပ်ထုပြီးသောအခါ ကျင်ကြီးစွန့်သော နေရာတွင် အပေါက်ဖေါက်ပြီး ပြဒါးတစ်မတ်သား ထည့်ရသည်။

(၆) ထိုအပေါက်ကို ပဒိုင်းသားဖြင့် ပိတ်ရပါမည်။

(၇) ပြီးပါက မျက်လုံးနေရာတွင် ရနိုင်ပါက ပြဒါးခါတ်လုံး ထည့်ပါက ပိုပြီး သိဒ္ဓိဝင်ပါသည်။





ပန်းတောင်းမြို့၊ လှည်းပန်းတောင်း၊ ပတုန်း၊ ပြဒါး ပဒိုင်း စသည်တို့မှာ ဆင့်ကာဆင့်ကာ ဓါတ်တူနာမ်တူ ဖြစ်နေသည်ကို တွေ့ရပေပြီ။

(ထိုအစီအရင်ကို အသေးစိတ်သိလိုပါက ကျွန်ုပ်ထံသို့ စာရေးမေးမြန်းနိုင်ပါသည်။)

"အဲဒီလိုပဲ ရှေးကလူတွေက ဘယ်အရာကိုပဲသုပ်လုပ် အခြေအနေ၊ အချိန်အခါကိုကြည့်ပြီး၊ ကက်ကင်း၊ နဝင်းမိအောင် လုပ်ခဲ့ကြတော့ သူတို့စီရင်ခဲ့တဲ့ အစီအရင်တွေကလည်း အစွမ်းထက်ခဲ့ကြတယ်"

"ဆရာကြီးပြောတဲ့ အစီအရင်တွေကို ကျွန်တော်တို့ လက်ခံပါတယ်၊ ဆရာကြီး အနေနှင့် ကိုးသချိုင်းသံသေဓား တစ်လက်လောက်သာ လုပ်ပေးပါ"

"လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် သူကအချိန်အခါ စောင့်ပြီးလုပ်ရတာဆိုတော့ အချိန်တော့ ပေးရလိမ့်မယ်"

"ဆရာကြီးပြီးတဲ့အချိန်ထိ စောင့်ပါတယ်၊ နောက်ပြီး ဆရာကြီးကိုလည်း တတ်နိုင်သမျှ အကူအညီပေးပါရစေ"

"ရပါတယ် လူများတော့ ပိုကောင်းတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားရမယ်၊ ကျုပ်နောက်ကလိုက်ရင်တော့ တစ္ဆေသရဲတွေနဲ့ တွေ့ရနိုင်တယ်"

"ပိုကောင်းတာပေါ့ ဆရာကြီးရယ်၊ အတွေ့အကြုံရတာပေါ့"

ဟု ပြောလိုက်ရာ ဦးဗန်ကောင်းလည်း များစွာသဘော



www.burmeseclassic.com

www.burmeseclassic.com



ကျသွားတော့သည်၊

ထိုနေရာတွင် ကမ္ဘာပေါ်တွင် ထူးခြားဆန်းကြယ်သော ဓား(၁၀)လက် အကြောင်းကို ဗဟုသုတအတွက် ဖော်ပြပေးလို ပါသည်။

ထိုမှတ်တမ်းများမှာ ဗဟုသုတလိုလားသူတို့အတွက် များစွာအကျိုးရှိစေမည့် မှတ်တမ်းဟောင်းအချို့ပင် ဖြစ်ပေသည်။

နိုင်ငံရပ်ခြားမှ ဓားများအကြောင်းကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုပါသည်။

ဓားအမျိုးမျိုး ရှိပေသည်။

ဓားမြှောင် (dagger)

ဓားရှည် (sword)

သားခုတ်ဓား (cleaver)

တရုတ်ဓား (chopper)

ဓားပါး (kitchen knife)

စသည်တို့ဖြစ်သည်။

ဤနေရာတွင် အသားပေးဖော်ပြမည့် ဓားမှာ ဓားရှည် (sword) ဖြစ်သည်။

ဓားရှည်၏ ဝေါဟာရ ဖွင့်ဆိုချက်အကျဉ်းချုပ်မှာ ထက်သော အသွားတပ်ထားပြီး လက်ကိုင်ရိုးပါသည့် လက်နက်တစ်မျိုးဖြစ်သည်။

ဓားသွားမှာ တစ်ဖက်ဓားသွား အမျိုးအစားရှိသကဲ့သို့ နှစ်ဖက်ဓားသွားအမျိုးအစားလည်း ရှိသည်။





ဓားရှည်(sword) ဟူသော ဝေါဟာရသည် ရှေးခေတ် အင်္ဂလိပ်ဝေါဟာရ (sweord) မှ ဆင်းသက်လာသည်။ ထို ဝေါဟာရသည် ရှေးခေတ်ဂျာမန်ဝေါဟာရ (swert)နှင့် အဓိပ္ပါယ် တူသည်။

အဓိပ္ပါယ်မှာ "ဒဏ်ရာအနာတရဖြစ်စေရန်" "ခုတ်ဖြတ်ရန်" ဟူ၍ဖြစ်သည်။

ဓားရှည်(sword)တွင် ဓားသွားတစ်ဖက်ပါရှိသော ဓားအမျိုးအစားမှာ အရှေ့အလယ်ပိုင်းမှ ဆိုင်(ဖ) (saif)၊ တရုတ်မှ ဒေအို(dao)နှင့် ဂျပန်မှ ကာတာနာ(katana)တို့ဖြစ်သည်။

တရုတ်မှ ဂျီယန်( Jian ) သည် ဓားသွားနှစ်ဖက် ပါရှိသော ဓားရှည်အမျိုးအစားဖြစ်ပြီး သံခေတ်က နှစ်ဖက်အသွား ပါသော ဓားရှည်အမျိုးအစားမှ ဆင်းသက်လာသည့် ဥရောပ ဓားပုံစံမျိုးနှင့် တူပေသည်။

ဓား၏သမိုင်းကြောင်းအရ ဓားရှည်(sword)သည် ကြေးခေတ်တွင် ဓားမြှောင်အဆင့်မှ တစ်စတစ်စ ပြောင်းလဲတိုးတက်လာသည်။ အစောဆုံးနမူနာ ပုံစံများမှာ ဘီစီ(၁၆၀၀)တွင် ဆန်းသစ်လာခဲ့သည်။ ဓားကို ကိုင်တွယ်သုံးစွဲတိုက်ခိုက်သူကို ဓားသမားဟုခေါ်ကြသည်။

ခေတ်သစ်သို့ ရောက်လာသောအခါ ဓားရှည်ကို ပုံစံသစ် ပြင်ဆင်သုံးစွဲလာကြရာ (၁၈)ရာစုတွင် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်အနိုင်လု၍ တိုက်ခိုက်ရာတွင် လက်နက်အဖြစ် ဓားရှည် ကို အသုံးပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉)ရာစုတွင် မားရှည်များကို မားရေးယှဉ်ပြိုင်သော အားကစားနည်းများတွင် ခေတ်မီစွာအသုံးပြုနိုင်ရန် မွမ်းမံပြင်ဆင်လာခဲ့ကြသည်။

အလယ်ခေတ်တွင် ပေါ်ပေါက်ခဲ့သော ဒဏ္ဍာရီများ၊ စာပေများနှင့် သမိုင်းမှတ်တမ်းများအရ မားရှည်များကို အမည်များ မှည့်ခေါ်ထားကြသည်။ အဆိုပါ မားများကို ပိုင်ဆိုင်ကြသူများ၏ ရဲစွမ်းသတ္တိ၊ ဂုဏ်ထယ်မှုနှင့် သိက္ခာသမာဓိရှိမှု တို့ကို မားအမည်ကို ကြားရုံမျှဖြင့် ခန့်မှန်းနိုင်ကြသည်။

မား၏သမိုင်းကြောင်းကို လေ့လာကြည့်သောအခါ ကြေးခေတ်၊ သံခေတ်၊ အလယ်ခေတ် စသည့်ဖြင့် ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာခဲ့ကြသည်။

အာရှအရှေ့ပိုင်းတွင် ဂျပန်မားများနှင့် ကိုရီးယားမားများသည် နာမည်ကျော်ခဲ့ကြသည်၊ မားသွားတစ်ဖက်သာရှိသော မားများနှင့် မားသွားနှစ်ဖက်ရှိသော မားများဖြစ်ကြသည်။

အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်အာရှ တို့တွင်လည်း အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် နိုင်ငံသားများသည် မားရှည်များကို သုံးစွဲခဲ့ကြသည်။

အလယ်ခေတ်နောက်ပိုင်း ကာလများနှင့်ပြန်လည်ဆန်းသစ်လာသည့် ခေတ်ကာလများတွင် မားရှည်၏ခေတ်မီတိုးတက်မှုသည် အရှိန်အဟုန် မြင့်လာသည်။

ခေတ်သစ်ဆန်းစ အစောပိုင်းကာလတွင် စပိန်နှင့် အီတလီနိုင်ငံတို့၌ မားရှည်သုံးစွဲမှု မြင့်မားလာသည်။





ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများတွင်လည်း မားရှည်ကို တွင်ကျယ်စွာအသုံးပြုခဲ့ကြသည်။

(၁၇)ရာစုနှင့်(၁၈)ရာစု အတွင်းတွင် ဥရောပနိုင်ငံများနှင့် ခေတ်သစ်ကမ္ဘာအရပ်ရပ်၌ မားရှည်အငယ်စားကို အမျိုးသားတို့၏ မဖြစ်မနေဆောင်ထားရသည့် ဖက်ရှင်တစ်ခုအဖြစ် သုံးစွဲလာကြသည်။

စကော့တလန်နိုင်ငံတွင်မူ မားရှည်ကြီးများကို ပိုမိုနှစ်သက်စွာသုံးစွဲကြသည်။

(၁၉)ရာစုအစောပိုင်းကာလတွင် မားရှည်၏ ကျော်စောထင်ရှားမှုသည် သေနတ်များပေါ်ထွန်းလာမှုကြောင့် အရှိန်အဟုန် လျော့ကျလာသည်။

သို့သော် . ထိုအချိန်က ကိုလိုနီနယ်ချဲ့ စစ်ပွဲများတွင် မားရှည်ကို အသုံးပြုနေကြသေးသည်။ ဒတ်(ချ်)၊ နယ်သာလန်၊ အရှေ့အင်ဒီးတို့တွင် မားရှည်များကို သုံးစွဲခဲ့ကြသည်။

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းတွင် နိုင်ငံများစွာတွင် မားရှည်ကိုသုံး၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ခေတ်မီလက်နက်များကို တီထွင်သုံးစွဲလာကြသော်လည်း တိုက်ပွဲဝင်သူတို့သည် မားရှည်ကို ဒုတိယလက်နက်တစ်ခုအဖြစ် ကိုယ်နှင့်မကွာ ဆောင်ထားခဲ့ကြသည်။

ဗြိတိန်နှင့် အမေရိကစသော နိုင်ငံများတွင် စစ်ဖက်ဆိုင်ရာ အခမ်းအနားများ၌ မားရှည်ကို အသုံးပြုခဲ့ကြသည်။ ဥရောပနိုင်ငံများသည်လည်း မားရှည်ကို အသုံးပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဝင်ဓားများသည် ခေတ်တိုင်း၊ နိုင်ငံတိုင်းတွင် ရှိခဲ့ပေသည်။

အလယ်ခေတ် အစောပိုင်းကာလတွင် ထင်ရှားသော ဓားရှည်များနှင့် ရှေးရေကြောင်းဓားပြဗိုလ်များ ကိုင်သည့် ဓားရှည်များရှိခဲ့သည်။

ဥရောပအလယ်ခေတ်တွင် သုံးစွဲခဲ့သော ဓားရှည်များ သည် ထင်ပေါ်ကျော်ကြားဓားရှည်များ (၁၀)လက်တွင် ပါဝင် ခဲ့ပေသည်။

အာရှနိုင်ငံများတွင် သုံးစွဲခဲ့သော ဓားရှည်များအနက် ထင်ပေါ်ကျော်ကြားဓားရှည်များ(၁၀)လက်တွင် ပါဝင်သည့် ဓား တစ်လက်ပါဝင်ခဲ့သည်။

အရှေ့ဖက်နိုင်ငံများရှိ ဓားရှည်တစ်လက်သည်လည်း ထင်ပေါ်ကျော်ကြားဓားရှည်များ (၁၀)လက်တွင် ပါဝင်ခဲ့သည်။

ခေတ်သစ်ဓားရှည်များတွင် စစ်ပွဲသုံးဓားရှည်များ၊ ဘာ သာရေးဆိုင်ရာ အဆောင်အယောင်အဖြစ်သုံးသော ဓားရှည် များ၊ နိုင်ငံတော်အခမ်းအနားသုံး ဓားရှည်များနှင့် ပုဂ္ဂိုလ်ရေးအရ ဂုဏ်ယူသုံးစွဲသည့် ဓားရှည်များဟူ၍ အမျိုးမျိုးရှိပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခေတ်အလိုက်ထင်ရှား ကျော် ကြားပြီး သေစေလောက်သည့် အန္တရာယ်ကို ပေးနိုင်စွမ်းရှိသော ဓားရှည်များ ရှိခဲ့ကြသည်။

ဓားရှည်များစွာအနက်မှ ထူးခြားထင်ရှားသည့် ဓားရှည် (၁၀)လက်ကို ဖော်ပြပါသည်။





## အထူးခြားအထင်ရှားဆုံးသော ဓားရှည် (၁၀) လက်

ဓားရှည်များပေါ်ပေါက်လာမှုသမိုင်းအရ ကြေးခေတ် တွင် ပထမဦးဆုံး ဓားရှည်ပေါ်ပေါက်ခဲ့သည်။ ထိုဓားရှည်သည် ကြေးနီဖြင့် ပြုလုပ်ထားသည်။

အလယ်ခေတ်သို့ ရောက်သောအခါ သံနှင့် သံမဏိတို့ ဖြင့် ပြုလုပ်ထားသော ဓားရှည်များစွာကိုပြုလုပ်ကြပြီး စစ်ပွဲများ တွင်တိုက်ခိုက်ရန် အသုံးပြုခဲ့ကြသည်။

တိုက်ပွဲဝင်မည့် စစ်သားများကို ဓားရေးဆိုင်ရာပညာရပ် များကို လေ့ကျင့်သင်ကြားပေးကာ တိုက်ပွဲအတွက် ဓားသမား ကောင်းများဖြစ်အောင် ကြိုတင်ပြင်ဆင်ခဲ့ကြသည်။

ထိုစဉ်ကအဝေးပစ်ရန် သေနတ်များ၊ ယမ်းမှုန့်များမ ပေါ်ပေါက်ခင်အချိန်ဖြစ်၍ တိုက်ပွဲဝင်သူများသည် ဓားရှည်များ ကိုကိုင်၍ ရင်ဆိုင်တိုက်ပွဲကို ဆင်နွှဲခဲ့လေသည်။

သမိုင်းစဉ်တစ်လျှောက်တွင် ထီးနန်းအုပ်ချုပ်ကြသည့် ဘုရင်များ ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ နယ်စား၊ မြို့စားကြီးများတွင် ၎င်းတို့ကိုယ်ပိုင် ဓားရှည်များ ရှိခဲ့ကြသည်။

ထိုခေတ်ထိုအခါက ဓားလုပ်ရာတွင် အထူးကျွမ်းကျင် သူများက နာမည်ကျော်ဓားရှည်များကို ပြုလုပ်ပေးခဲ့ကြသည်။

ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်တွင် နာမည်ကျော်ကြား သည့် ဓားရှည်များစွာအနက်မှ (၁၀)လက်ကို ရွေးချယ်ဖော်ပြ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁) ဂျိုယူဆီ (JOYEUSE)

ချား(လ)မိန်းသည် ကမ္ဘာ့သမိုင်းတွင် အထူးခြား အထင်ရှားဆုံးသော ဘုရင်မင်းမြတ်ဖြစ်သည်။ သက္ကရာဇ် (၇၆၈)တွင် ပြင်သစ်ဘုရင်အဖြစ် အုပ်ချုပ်ခွင့်ရခဲ့သည်။

သက္ကရာဇ်(၈၀၀)တွင် သူသည် ရောမအင်ပါယာ၏ အရှင်သခင် ဖြစ်လာသည်။ ထိုအချိန်မှစ၍ ဘဝတစ်လျှောက်လုံး ရောမအင်ပါယာ၏ အရှင်သခင်အဖြစ် အုပ်ချုပ်ခဲ့သူဖြစ်သည်။

မြင့်မြတ်သော ရောမအင်ပါယာ၏ ပထမဦးဆုံး အုပ်ချုပ်သူဖြစ်ခဲ့၍ သူသည် ပထမမြောက်ချား(စ)အဖြစ် လူသိများပြီး ထင်ရှားခဲ့သည်။

သူ့ဘဝတွင် သူပိုင်နက်ကို အင်ပါယာအဖြစ် နယ်ပယ်ချဲ့ထွင်ရန် ကြိုးစားရာ အနောက်ပိုင်းနှင့် ဥရောပအလယ်ပိုင်းဒေသများထိ နယ်ပယ်ချဲ့ထွင်နိုင်ခဲ့သည်။


ချား(လ)မိန်းဘုရင်သည် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများကို ဖော်ထုတ်ပေးခဲ့သည့် ဖခင်ကြီးတစ်ဦးအဖြစ်လည်းကောင်း၊ အင်ပါယာကျယ်ဝန်းသော ဥရောပနိုင်ငံ၏ ဖခင်ကြီးအဖြစ်လည်းကောင်း လူအများက အသိအမှတ်ပြုခဲ့ကြသည်။

ဂျိုယူဆီသည် ချား(လ)မိန်းဘုရင်၏ လက်သုံးတော် ဓားဖြစ်သည်။

ယခုအခါ ဂျိုယူဆီဓားဟု ယူဆရသည့် အရှည်အသွေး







ဂုဏ်ဖြိုးပြည့်တူကျသည့် ဓားရှည်နှစ်လက်ရှိသည်။

ဓားတစ်လက်မှာ ဗီယင်နာရှိ ဝက်လီချီစချက်ကမ်မား (Weltliche Schatkammer) တွင် သိမ်းဆည်းထားပေသည်။

ကျန်သော ဓားတစ်လက်မှာ ပြင်သစ်နိုင်ငံ လိုဗရီ (Louvre)တွင် သိမ်းဆည်းထားသည်။

ပြင်သစ်နိုင်ငံ၊ လိုဗရီတွင် သိမ်းဆည်းထားသည့် ဓားသည် ချား(လ)မိန်း၏ မူရင်းဓားကို ထပ်မံမွမ်းမံထားသည်ဟု အဆိုရှိသည်။

ရာစုနှစ်များစွာက ပြုလုပ်သုံးစွဲခဲ့သည့် ဓားဖြစ်၍ ထပ်မံမွမ်းမံထားသည်မှာ ဓားကို ရွှေများစိန်များဖြင့် စီခြယ်ထားခြင်းဖြစ်လေသည်။ ဓား၏လက်ကိုင်ရိုးတွင် ဖော်ပြထားသည့် ရက်စွဲသည် ချား(လ)မိန်းအုပ်စိုးစဉ်ကာလတစ်ဝိုက်ဖြစ်သည်။

အဆိုပါ ဓားရှည်သည် သမိုင်းတွင် ထင်ရှားခဲ့သည်။

ဘူးဖင့်(ချ)(Bulfinch)၏ မှတ်တမ်းအရ ချား(လ)မိန်း




www.burmeseclassic.com

www.burmeseclassic.com



သည့် ဂျိုယူဆီဓားဖြင့် ကော်ဆူဘဲကိုလည်းကောင်း၊ အိုဂီယာကို လည်းကောင်း ခေါင်းဖြတ်၍ အနိုင်ယူခဲ့ဖူးသည်။



ချား(လ)မိန်း နတ်ရွာစံပြီးနောက် ထိုဓားကို စိန့်ဒဲနစ် ဘာဆီလီကာ ကိုင်စွဲပြီး နောင်အခါ ပြင်သစ်ဘုရင်အဆက်ဆက် လက်ဆင့်ကမ်းခဲ့ပြီး နောက်ဆုံးတွင် လိုဗရီတွင် သိမ်းဆည်းထား ခဲ့ခြင်းဖြစ်ပေသည်။





**(၂) ဟွန်ဂျို မဆာမြူး (HONJO MASAMUNE)**

မဆာမြူး (MASAMUNE) သည် ဂျပန်လူမျိုး ဓား လုပ်ငန်းဆောင်ရွက်သူတစ်ဦး ဖြစ်သည်။

သူသည် ကမ္ဘာပေါ်ရှိ သတ္တုပစ္စည်း ပြုလုပ်ဆောင်ရွက် ကြသည့် နာမည်ကျော်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

မဆာမြူး ဓားလုပ်ငန်းလုပ်ကိုင်သည့် ကာလမှာ(၁၂၈၈) မှ (၁၃၂၈)အတွင်း ဖြစ်သည်။

မဆာမြူး လုပ်ကိုင်ဆောင်ပေးသည့် လက်နက်များ သည် ရာစုနှစ်များစွာအထိ လူတို့ကိုင်ဆောင် သုံးစွဲခဲ့ကြသည်။

သူသည် တာချိ (Tachi) ဟုခေါ်သည့် ဓားရှည်နှင့် တင့် (ထ)(Tant) ဟုခေါ်သည့် ဓားမြှောင်များကို တီထွင်ပြုလုပ်ခဲ့ သည်။

မဆာမြူးပြုလုပ်သည့် ဓားရှည်များသည် ဓားအားလုံး တွင် လှပခြင်းနှင့် အရည်အသွေးကောင်းခြင်းတို့ကြောင့် ဂုဏ် သတင်း အထူးကျော်ကြားခဲ့သည်။

သို့သော် မဆာမြူးသည် သူလုပ်ကိုင်သည့် ဓားလက် နက်များတွင် အမည်နာမထိုးခြင်း မပြုခဲ့လှသည်။


သို့ဖြစ်၍ ဓားလက်နက်များအနက် မဆာမြူးပြုလုပ် သော ဓားများကို သိလိုပါက ပုံသဏ္ဍာန်လှပသေသပ် လက်ရာ မြောက်ခြင်းနှင့် အရည်အသွေး ကောင်းခြင်းတို့ကို ဂရုပြု၍ လေ့ လာရပေသည်။



www.burmeseclassic.com

www.burmeseclassic.com







မဆာမြူး၏ နာမည်အကျော်ကြားဆုံးသော ဓားရှည်၏ အမည်မှာ "ဟွန်ဂျိုမဆာမြူး" (Honjo Masamune) ဖြစ်သည်။

ဂျပန်နိုင်ငံ အီဒိုခေတ်ကာလအတွင်း ရှိုဂူနိတ်တို့ကို ကိုယ်စားပြုထားသောကြောင့် ဟွန်ဂျိုမဆာမြူးဓားသည် အထူးအရေးပါလှသည်။

ထိုဓားသည် ရှိုဂွန်တစ်ဦးထံမှတစ်ဦးသို့ မျိုးဆက်အစဉ်အဆက် လက်ဆင့်ကမ်း၍ သုံးစွဲခဲ့ကြသည်။

(၁၉၃၉)တွင် အဆိုပါ ဟွန်ဂျိုမဆာမြူးဓားကို ဂျပန်နိုင်ငံ၏ အမျိုးသားရေးဆိုင်ရာ ရတနာတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

သို့သော် တိုကူဂါဝါမိသားစုအတွင်းမှာပင် ကျန်ရစ်ခဲ့





ပေသည်။

ဂျပန်နိုင်ငံတွင် ဟွန်ဂျိုမဆာမြူးဓားကို နောက်ဆုံးပိုင်ဆိုင်ခဲ့သူမှာ တိုကူဂါဝါ အီမာဆာ(Tokugawa Imasa) ဖြစ်သည်။

(၁၉၄၅) ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ၊ မေဂျီရို (Mejiro) ရှိ ရဲစခန်းသို့ ထူးထူးခြားခြား ပေးအပ်မှုပြုခဲ့သူမှာ တိုကူဂါဝါ အီမာဆာဖြစ်သည်။ သူသည် အဆိုပါ ဟွန်ဂျိုမဆာမြူးဓားနှင့် အခြားဓားရှည် (၁၄)လက်ကို ရဲစခန်းသို့ ပေးအပ်ခဲ့သည်။

(၁၉၄၆) ဇန်နဝါရီလတွင် မေဂျီရိုရဲဌာနမှ အဆိုပါဓားများကို Sgt. ကို(လ)ဒီဘီမိုး (Sgt. Coldy Bimore) အား ပေးအပ်လိုက်ကြောင်း နောက်ဆုံးသတင်းအဖြစ် သိရှိပေသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်တွင် သတင်းအစအန ပျောက်သွားသော သမိုင်းဝင်ဓားတစ်လက် ဖြစ်ပေသည်။

## (၇) ဇူ(လ)ဖီကါ (ZULFIQAR)

ဇူ(လ)ဖီကါသည် အစ္စလမ် ခေါင်းဆောင်အလီ (ALi)၏ ရှေးဟောင်းဓားရှည်တစ်လက် ဖြစ်သည်။

အလီသည် ပရောဖက်(အနာဂတ်ကို ကြိုတင်ဟောပြောသူ) မိုဟာမက်နှင့် အမျိုးတော်ပြီး သမက်လည်း တော်စပ်သည်။

အလီသည် အစ္စလမ် ကာလီဖိတ်ကို (၆၅၆)မှ (၆၆၁)အထိ အုပ်စိုးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းကြောင်းဖြစ်ရပ်များကို လေ့လာကြည့်သောအခါ ပရောဖက်မိုဟာမက်သည် အလီကို ဥဟွတ်တိုက်ပွဲ (Battle of Uhud)တွင် ဇူ(လ)ဖီဂါဓားရှည်ကို ပေးအပ်ခဲ့သည်ဟု ဆိုသည်။

မိုဟာမက်သည် ထိုတိုက်ပွဲတွင် အလီ၏ တန်ခိုးသြဇာ သက်ရောက်မှုနှင့် စွမ်းစွမ်းတမံရှိမှုတို့အတွက် အထူးချီးကျူးခဲ့သည်။

မိုဟာမက်သည် သူအမြတ်တနိုးထားရသော ဇူ(လ)ဖီဂါ ဓားရှည်ဖြင့် အောင်ပွဲခံ၍တိုက်ပွဲမှပြန်လာသည့် သမက်ဖြစ်သူအလီကို စောင့်ကြိုခဲ့သည်။

အဆိုပါဓားရှည်သည် အစ္စလမ်တို့၏ ယုံကြည်အားထားမှု အမှတ်အသားသင်္ကေတဖြစ်ပြီး သန်းပေါင်းများစွာသော ပြည်သူလူထု၏ ချီးကျူးဂုဏ်ပြုမှုကို ခံခဲ့ရလေသည်။

ဇူ(လ)ဖီဂါသည် ဓားလွယ်ကောက်ဖြစ်သည်။


အဆိုပါဓားသည် အာရှအနောက်ပိုင်း(သို့မဟုတ်) အာရှတောင်ပိုင်းမှ အသွားကောက်သော ဓားရှည်မျိုးဖြစ်သည်။

အလီသည် မဒီနာမြို့တော်တွင်ထင်ရှားသည့် တိုက်ပွဲဖြစ်သော ထရင့်(ချ)တိုက်ပွဲ (Battle of the Trench)တွင် အဆိုပါဓားကို အသုံးပြုခဲ့သည်ဟု ဆိုသည်။

အဆိုပါတိုက်ပွဲအတွင်းတွင် မိုဟာမက်၊ အလီနှင့် မူစလင်ခုခံကာကွယ်သူများသည် မဒီနာ(Medina)မြို့တော်ကို ကျူးကျော်တိုက်ခိုက်သူများ၏ရန်မှ ကာကွယ်စောင့်ရှောက်ရန် ကျုံးခံတပ်များကို ပြုလုပ်ခဲ့ကြရသည်။







ထိုတိုက်ပွဲတွင် အလီကိုင်ဆောင်ခဲ့သော ဓားလွယ်ကောက်၏အခန်းကဏ္ဍသည် ထင်ရှားခဲ့သည်။ ရှေးထုံးစံ ဓားလွယ်ကောက်များထက် ပိုမိုထူးခြားသော အဆိုပါဓား၏ လျှပ်ဝှက်စွမ်းရည်နှင့် ခုတ်ရာတွင် အားကောင်းလှသော မြန်ရှိန်နှုန်းသည် အထူးအသိအမှတ်ပြုရမည့် ထူးခြားချက်ဖြစ်သည်။

သမိုင်းကြောင်းတွင်ရေးဆွဲဖော်ပြထားသည့် ဓားလွယ်ကောက်ပုံမှာ ဗွီ (V)ပုံသဏ္ဍာန်ဓားသွားပါရှိသည်။

တွဲ(လ)ဗာရှီရာ (Twelver Shia)၏ အဆိုအရ အဆိုပါဓားသည် အိုင်မမ်မူဟာမက်အာ(လ)မက်ဒီ(Imam Muhammad al-Mahdi)၏ လက်ဝယ်၌ ရောက်ရှိနေသည်ဟု သိရှိရပါသည်။

အဆိုပါဓားသည် သမိုင်းဝင်ထင်ရှားသော လက်နက်တစ်ခုဖြစ်ပေသည်။

အေ(လ)ဂျာ(ဖ)သည် ဒဏ္ဍာရီဆန်သော ထူးခြားသည့် ပစ္စည်းများကို စုဆောင်းဖော်ပြသည့်စာအုပ်ဖြစ်သည်။

ထိုစာအုပ်တွင် ဇူ(လ)ဖီဂါ ဓားအကြောင်းမှတ်တမ်းပြု၍ ဖော်ပြထားပေသည်။

ဖော်ပြမှုတွင် မိုဟာမက်နှင့်အလီတို့ ခေတ်အခါက အဆိုပါဓားနှင့်ပတ်သက်သည့် အရေးကြီးသောသမိုင်းဝင်ဖြစ်ရပ်


www.burmeseclassic.com

www.burmeseclassic.com



များပါရှိသည်။

စုဆောင်းမှုသည် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းခဲ့ရာ အိုင်မမ် (Imam)တစ်ဦးစီသည်၎င်း၏ ရှေ့မျိုးဆက်သေဆုံးသွားလျှင်လက်မှ တစ်ဆင့်ကူးပြောင်းရယူနိုင်ခဲ့သည်။

အေ(လ)ဂျာ(ဖ) (AL-Jafr)တွင် ဇူ(လ)ဖီဂါဓားအကြောင်း ဖေါ်ပြထားသ ည်မှာ အံ့ဩဖွယ်မှတ်သားဖွယ် ကောင်းလှပေသည်။

## (၄) မာစီဓားရှည် [ SWORD OF MERCY ]

အက်ဒဝပ် ကွန်ဖက်ဆာ(Edward the Confessor)သည် နာမည်ကျော်လက်နက် ကိရိယာတစ်ခုဖြစ်သော မာစီဓားရှည်ကို တစ်ချိန်ကပိုင်ဆိုင်ခဲ့သူဖြစ်သည်။

(၁၀၆၆) နော်မန်တို့ အနိုင်ယူလိုက်သည့် ကာလမတိုင်မီ အင်္ဂလန်နိုင်ငံ၏ အင်ဂလိုဆက်ဇုန်မင်းများ၏ နောက်ဆုံးမင်းတစ်ပါးဖြစ်သော အက်ဒဝပ် ကွန်ဖက်ဆာသည် ထိုဓားကို များစွာနှစ်သက်တန်ဖိုးထားခဲ့သည်။


သူသည်အင်္ဂလန်ထီးနန်းကို (၁၀၄၂)မှ(၁၀၆၆)ထိ အုပ်စိုးခဲ့သည်။ သူ၏လက်ထက်တွင် အင်္ဂလန်နိုင်ငံကို အုပ်ချုပ်သည့် တန်ခိုးဩဇာအာဏာတို့ ကြေမွပျက်သုဉ်းခဲ့ရသည်။

အက်ဒဝပ်ကွန်ဖက်ဆာ နတ်ရွာစံကံတော်ကုန်ပြီးသည့်





အခါ နော်မန်တို့သည် အင်္ဂလန်အထိ နယ်ပယ်ချဲ့ထွင်ခဲ့ကြသည်။ ဦးဆောင်သူမှာ ထင်ပေါ်ကျော်ကြားခြင်းမရှိသော William ဖြစ်သည်။



(၁၂၃၆)တွင် မာစီဓားရှည်ကို တော်ဝင်အခမ်းအနားများတွင် အသုံးပြုခဲ့ကြသည်။

ရှေးခေတ် ရှေးအခါက ဘုရင်၏ရှေ့မှ ထိုဓားကို ကိုင်ဆောင်ခွင့်ရသူသည် မဟာအခွင့်အရေးရသူဟူ၍ ဂုဏ်ယူတတ်ကြသည်။

၎င်းသည် သနားညှာတာတတ်သော အမှတ်လက္ခဏာအဖြစ် စဉ်းစားလက်ခံခဲ့ကြသည်။

ထိုဓား အစအနမပျောက်ဆုံးမီအချိန်က ဖြစ်ရပ်ကိုမူ မသိရတော့ပါ။

သို့သော် ဒဏ္ဍာရီများတွင် ဖော်ပြထားသည်မှာ ထိုဓား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မှားယွင်းသတ်ဖြတ်မှုမျိုး မဖြစ်ရန်ကောင်းကင်တမန် နတ်သမီးတစ်ပါးက ဓားကိုဖျက်ဆီးပစ်လိုက်သည်။

မာစီဓားရှည်သည် ယူနိုက်တက်ကင်းဒမ်း၏ နန်းတွင်း ရတနာတစ်ခုဖြစ်သည်။

ဗြိတိသျှတွင် အုပ်စိုးမည် ဘုရင်တင်မြှောက်၍ ရာဇဘိသေက ခံပွဲကျင်းပသည့်အခါ အသုံးပြုခဲ့သည့် ဓား(၅)လက်တွင် မာစီဓားရှည်လည်း အပါအဝင်ဖြစ်သည်။

အဆိုပါဓားသည် ရှားပါးလက်နက်ဖြစ်ပြီး အိုလီဗာက ရွှမ်ဝဲ(လ )၏ နန်းသက် ပိုမိုရှည်အောင် စွမ်းဆောင်ပေးခဲ့သည့် ဓားအနည်းငယ်တွင် တစ်လက်ပါဝင်သည်။

ဗြိတိသျှ နန်းတော်တွင် ရာဇဘိသိက်ခံပွဲ ကျင်းပစဉ်အတွင်း ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခြင်းခံရသူသည် မာစီဓားရှည်ကို ကိုင်ဆောင်ခွင့်ရခဲ့ပေသည်။

ဤမျှ သမိုင်းအစဉ်အလာ ရှိသောဓားရှည် ဖြစ်ပါပေသည်။

## (၅) နပိုလီယံ၏ ဓားရှည် (NAPOLEON'S SWORD)

(၁၇၉၉)တွင် တိုက်ပွဲတိုင်း အောင်နိုင်ခဲ့သော နပိုလီယံ ဘိုနာပတ် (Napoleon Bonaparte) သည် ပြင်သစ်နိုင်ငံ၏ စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်လာခဲ့သည်။

(၅)နှစ်ခန့်ကြာပြီးသော်အခါ ပြင်သစ်နိုင်ငံ၏ ဆီးနိတ်





အဖွဲ့သည် နပိုလီယံကို နိုင်ငံကိုအုပ်ချုပ်စိုးမိုးသူအဖြစ် တင်မြှောက်လိုက်ကြသည်။

(၁၉)ရာစု၏ ပထမ(၁၀)နှစ်တွင် နပိုလီယံနှင့် ပြင်သစ်အင်ပါယာတို့သည် ကမ္ဘာစစ်များဆင်နွှဲရာတွင် ပါဝင်ခဲ့ရပြီး ဥရောပ၏ တန်ခိုးအာဏာ ကြီးမားရေးအတွက် အဓိက ဆောင်ရွက်ခဲ့ကြသည်။

နပိုလီယံသည် တိုက်ပွဲတိုင်းကို အောင်နိုင်ပြီး အဆုံးစွန်ကာလတွင် ပြင်သစ်နိုင်ငံသည် ဥရောပတိုက်တွင် လွှမ်းမိုးကြီးစိုးနိုင်သော နိုင်ငံကြီးအနေအထားသို့ ရောက်ရှိလာသည်။

သမိုင်းကြောင်းသည် တစ်ပတ်ပြန်၍ လည်တတ်မြဲ ဖြစ်ပေသည်။ (၁၈၁၂)တွင် ရုရှားက ပြင်သစ်နိုင်ငံကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ရုရှားကို ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းသည် နပိုလီယံ၏ ကံကြမ္မာ အလှည့်အပြောင်းကို ဖြစ်ပေါ်စေခဲ့သည်။

(၁၈၁၄)တွင် ဆဋ္ဌမမြောက် စုပေါင်းတိုက်ခိုက်ခြင်းကို ပြင်သစ်နိုင်ငံ ခံခဲ့ရပြီး နပိုလီယံ စစ်ရှုံး၍ အဖမ်းခံရကာ အဲ(လ)ဘာ (Elba)ကျွန်းသို့ ပြည်နှင်ဒဏ်အဖြစ် ပို့ထားခြင်း ခံရသည်။

နပိုလီယံ အနေဖြင့် ပြန်လည်လွတ်မြောက်နိုင်ခြင်း မရှိတော့ပေ။

အကြောင်းမှာ သူသည် သူ့ဘဝကို စိန့်ဟယ်လီနာကျွန်းတွင်း အဆုံးသတ်လိုက်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဆရာတို့က နပိုလီယံကို စစ်မက်ရေးရာ၌ ထူးချွန်ပြီး ပါရမီရှိသူ၊ စစ်မက်ရေးရာတိုက်ပွဲတိုင်း၌ တိုက်ခိုက်မှုပညာနှင့် နည်းပရိယာယ် ကျွမ်းကျင်စွာသုံးပြီး အနိုင်တိုက်နိုင်သူတစ်ဦးဟု အသိအမှတ်ပြုခဲ့ကြသည်။

နပိုလီယံသည် တိုက်ပွဲဝင်ရန် စစ်မြေပြင်သို့သွားသည့်အခါ ပစ္စတိုတစ်လက် နှင့် ဓားရှည်တစ်ချောင်းကို ဆောင်ယူတတ်သည်။

သူသည် လက်နက်များနှင့် စစ်မက်ကိရိယာများစွာကို ပိုင်ဆိုင်သူဖြစ်သည်။

နပိုလီယံ ပိုင်ဆိုင်သော လက်နက်များသည် အကောင်းဆုံးလက်နက်အမျိုးအစားတွင် ပါဝင်ခဲ့လေသည်။

(၂၀၀၇)နွေရာသီတွင် နပိုလီယံ ပိုင်ဆိုင်သုံးစွဲခဲ့သည့် ရွှေရောင်ဖုံးအုပ်ထားသော ဓားရှည်တစ်ချောင်းကို ပြင်သစ်နိုင်ငံကို ဒေါ်လာ(၆. ၄)သန်းကျော်ဖြင့် လေလံတင်ခဲ့သည်။


ထိုဓားရှည်သည် နပိုလီယံ စစ်ပွဲတွင် တိုက်ခိုက်ရာ၌ အသုံးပြုခဲ့သော ဓားဖြစ်သည်။

(၁၈၀၀)ပြည့်နှစ် အစောပိုင်းကာလ နပိုလီယံသည် ထိုဓားရှည်ကို သူ၏ညီအား မင်္ဂလာလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ထိုဓားရှည်သည် ဘိုနာပတ် မိသားစုအတွင်း မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ကူးပြောင်းလာခဲ့သည်။

(၁၉၇၈)တွင် အဆိုပါ နပိုလီယံဓားရှည်ကို ပြင်သစ်နိုင်ငံ၏ အမျိုးသားရေးဆိုင်ရာ ရတနာတစ်ပါးအဖြစ် ကြေညာခဲ့သ







ဖြင့် လေလံပွဲတွင် အောင်မြင်ခဲ့သူသည် အဆိုပါဓားကို လက်လွှတ်ခဲ့ရပေသည်။

## [၆] တီဇိုနာ (TIZONA)

အယ်(လ)စစ်(ဒ)သည် ဗိုင်ဗာ(Vivar)တွင်(၁၀၄၀)ပြည့်နှစ်က မွေးဖွားခဲ့သူဖြစ်သည်။

ဗိုင်ဗာသည် ကက်(စ)တိုင်၏မြို့တော် ဘာဂိုး(စ)၏ မြောက်ဘက်(၆)မိုင်ခန့်အကွာတွင် တည်ရှိသော မြို့ငယ်တစ်မြို့ဖြစ်သည်။

ကက်(စ)တိုင်သည် အလယ်ခေတ် အာရေဗီယန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆူလာ အင်ပါယာတွင် တစ်ခုအပါအဝင်ဖြစ်သော မြို့တော်ဖြစ်သည်။

အယ်(လ)စစ်(ဒ)သည် သူ၏ဘဝတွင် အောင်မြင်သော စစ်ရေးခေါင်းဆောင်အဖြစ်နှင့် စေ့စပ်ညှိနှိုင်း ပြောဆိုဆွေးနွေးမှုတွင် အောင်မြင်သူတစ်ဦးလည်းဖြစ်သည်။

သူသည် အယ်(လ)ဖွန်ဆိုစစ်တပ်၏ ဆဋ္ဌမမြောက် ဗိုလ်ချုပ်ကြီးဖြစ်ပြီး စပိန်နိုင်ငံ၏ သူရဲကောင်းတစ်ဦးဖြစ်သည်။

အယ်(လ)စစ်(ဒ)သည် မိုးဝါးတို့နှင့် တိုက်ခိုက်သည့် တိုက်ပွဲတွင် ဘုရင်အားထားလောက်သည့် စစ်ဗိုလ်ချုပ်ကြီးအဖြစ် အစွမ်းပြနိုင်ခဲ့သည်။

သူသည် စစ်ရေးဆိုင်ရာ စစ်ချီစစ်တက်နှင့် စစ်ပရိယာယ်တို့၌ အထူးကျွမ်းကျင်သည့်အပြင် အားအင်ပြည့်ဝသော ဓားသမားကောင်းတစ်ဦးလည်း ဖြစ်ခဲ့ပေသည်။

အယ်(လ)စစ်(ဒ)၏ ဘဝသက်တမ်း တစ်လျှောက်တွင် ဓားရှည် အမျိုးမျိုးအစားစားကို သုံးခဲ့ပေသည်။

ထိုဓားရှည်များအနက် နာမည်ကျော်၍ အထင်ရှားဆုံးသော ဓားရှည်နှစ်လက်မှာ "ကိုလဒါ"(Colada) နှင့် "တီဇိုနာ" (Tizona)တို့ ဖြစ်သည်။

တီဇိုနာ ဓားရှည်သည် အယ်(လ)စစ်(ဒ)၏ လက်သုံးတော်ဓားဖြစ်ပြီး မိုးဝါးတို့ကို အနိုင်တိုက်ခဲ့သည့် တိုက်ပွဲတွင် ကိုင်ဆောင်ခဲ့သည်။


တီဇိုနာ ဓားရှည်သည် စပိန်လူမျိုးတို့ အလွန်နှစ်သက်





မြတ်နိုးသော အမွေအနှစ်တစ်ခုဖြစ်သည်။

အဆိုပါဓားကို စပိန်နိုင်ငံ ကော်ဒိုဘာတွင် ထုလုပ်ခဲ့ခြင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသည့် ပစ္စည်းမှာ ဓားသွားတွင် ဒမစကတ်
သံမဏိဖြစ်ကြောင်း တွေ့ရှိရသည်။ ဒမစကတ်သံမဏိသည်
အခြေခံအားဖြင့် အရှေ့အလယ်ပိုင်းတွင် အသုံးပြုလေ့ရှိ
သည်။

တီဇိုနာဓားရှည်သည် (၁၀၃)စင်တီမီတာ (၄၀. ၅
လက်မ အရှည်ရှိပြီး ဓား၏အလေးချိန်မှာ (၁. ၀) ကီလိုဂရမ်
(၂. ၄) ပေါင် ရှိပေသည်။

အဆိုပါဓားတွင် ရေးထိုးထားသည့် စာနှစ်မျိုးပါရှိသည်။

ပထမစာမှာ ထိုဓားကို ပြုလုပ်သည့်ခုနှစ် (၁၀၀၂)ကို
ဖော်ပြရေးထိုးထားသည်။

ဒုတိယစာမှာ ကက်သလစ် ဆုတောင်းသူ အဗီမာရီယာ
(Ave Maria)ဟု ရေးထိုးထားသည်။

တီဇိုနာ ဓားရှည်သည် စပိန်နိုင်ငံရှိ မူဆီယိုဒီဘာဂို(စ)
(Museo de Burgos)တွင် ပြသထားပေသည်။

## (ဂ) ဝေါလေ့(စ)ဓားရှည် [ WALLACE SWORD ]

ဝီလျံဝေါလေ့(စ)(Brave Heart)သည် သက္ကရာဇ်
(၁၂၇၂)မှ (၁၃၀၅)အထိ နေထိုင်ခဲ့သော စကော့လူမျိုး သူရဲ
ကောင်းတစ်ဦးဖြစ်သည်။

လွန်ခဲ့သည့် (၁၃)ရာစုနှင့် (၁၄)ရာစုနှစ်များအတွင်းက
စကော့တလန်နိုင်ငံ လွတ်လပ်ရေးရရန် အင်္ဂလန်ကို ဆန့်ကျင်






တိုက်ခိုက်ခဲ့ရသော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၌ ဝီလျံဝေါ
လေ့(စ)၏ ဦးဆောင်တိုက်ခိုက်မှုများသည် လူသိများ၍ ထင်ရှား
သည်။

ဝီလျံဝေါလေ့၏ ဘဝတွင် စကော့တလန်နိုင်ငံကို ကာ
ကွယ်စောင့်ရှောက်ရေးတွင် ဦးဆောင်သူတစ်ဦး ဖြစ်ခဲ့သည်။

သူသည် ရန်သူနှင့် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်တိုက်ခိုက်
ရသော ခြေလျင်စစ်သည်များကို ဦးဆောင်၍ လွတ်လပ်ရေး
တိုက်ပွဲများကို ရဲရဲဝံ့ဝံ့ဆင်နွှဲခဲ့သည်။

ထိုစဉ်က ဝီလျံဝေါလေ့နှင့် စစ်သည်များ အသုံးပြုခဲ့ကြ
သည်မှာ ဓားရှည်ပင်ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်တွင် ရန်သူကို အပြတ်အသတ် ချေမှုန်း၍ အောင်ပွဲခံနိုင်ရန်မှာ ဓားသမားကောင်းဖြစ်ခြင်းသည် စစ်သည်များ၏ အရည်အသွေး ဖြစ်သည်။

(၁၃၀၅) တွင် ဝီလျံဝေါလေ့သည် အင်္ဂလန်နိုင်ငံ ဘုရင် ပထမမြောက် အက်(ဒ)ဝပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံရသောဝီလျံဝေါလေ့သည် တော်လှန်ပုန်ကန်မှုကြောင့် အဆုံးစီရင် ကွပ်မျက်ခြင်းခံခဲ့ရသည်။

ယနေ့ခေတ်တွင် ဝီလျံဝေါလေ့(စ)ကို စကော့တလန်နိုင်ငံ၏ အမျိုးသား လွတ်လပ်ရေးတိုက်ပွဲတွင် မျိုးချစ်ပုဂ္ဂိုလ်နှင့် သူရဲကောင်းတစ်ဦးအဖြစ် သတ်မှတ်၍ အမှတ်တရရှိနေကြသည်။

ဝီလျံဝေါလေ့(စ်)၏ ဓားရှည်သည် ကမ္ဘာပေါ်တွင် အထူးခြား၊ အထင်ရှားဆုံး ဖြစ်လေသည်။

## (၈) ဓားသွား (၇)ခုပါသော ဓားရှည်
## ( SEVEN BRANCHED SWORD )

ဘေကျီမင်းဆက်သည် ကိုရီးယားနိုင်ငံအနောက်တောင်ဘက်တွင်တည်ရှိသော ရှေးကျသည့်မင်းဆက်တစ်ခုဖြစ်သည်။

အဆိုပါမင်းဆက်၏ အထွတ်အထိပ်ကာလဖြစ်သော (၄)ရာစုတွင် ဘေကျီသည် တရုတ်နိုင်ငံနှင့် ကိုရီးယားပင်နီဆူလာ





အနောက်ပိုင်း ဒေသများကို ကိုလိုနီနယ်များအဖြစ် သိမ်းသွင်းထားနိုင်ခဲ့သည်။

၄င်းတို့မှာ ကိုရီးယားဘုရင် ပိုင်နက်မှ တစ်ခုဖြစ်သည်။ ဂိုဂူရီယိုနှင့် ဆေလာတို့ အတူတူဖြစ်သည်။

သက္ကရာဇ် (၃၇၂) တွင် ဘေကျီဘုရင် ကျီယန်ချိုဂိုသည် အရှေ့ဖျားရှိ ဂျင် (Eastern Jin) ထံ လက်ဆောင်ပဏ္ဏာဆက်သမှုပြုခဲ့သည်။

ထိုသို့ ဆက်သသောလက်ဆောင်များထဲတွင် ဘုရင်ကို ဂုဏ်ပြုသည့်အနေဖြင့် ဓားသွားခုနစ်ခုပါသော ဓားရှည်ကို အထူးတလည်ပြုလုပ်၍ ဆက်သလိုက်ခြင်းဖြစ်ပေသည်။

ထိုဓားရှည်သည် သံဖြင့်ပြုလုပ်ထားပြီး (၇၄. ၉) စင်တီမီတာရှည်လျားသည်။

မူလဓားသွား၏အလယ်တွင် ဓားသွား(၆)လက် ဝေါထွက်နေခြင်းကြောင့် ဓားသွား(၇)ခုပါသော ဓားရှည်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုဓားသွားအရှည်သည် (၆၅. ၅) စင်တီမီတာရှိသည်။

အဆိုပါဓားသည် အခမ်းအနားတွင် အသုံးပြုရန် ရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်ပြီး တိုက်ပွဲတွင်သုံးရန် မဟုတ်ပေ။

(၁၈၇၀) ပြည့်နှစ်တွင် ရှင်တိုဘုန်းတော်ကြီး မာဆာတိုမိုကန်သည် အဆိုပါဓားသွား(၇)ခုပါသော ဓားရှည်ပေါ်၌ ရေးထိုးထားသည့် စာနှစ်ခုကို ရှာဖွေတွေ့ရှိခဲ့လေသည်။


ရေးထိုးစာတစ်ခုမှာ ဤသို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





'တိုင်ဝါခေတ်၏ စတုတ္ထမြောက်နှစ်၊ တစ်ဆယ့်တစ်လမြောက်လ၏ တစ်ဆယ့်ခြောက်ရက်မြောက်နေ့၊ နေမွန်းတည့်ချိန်တွင် ဤဓားရှည်ကို သံမဏိအားအချိန် (၁၀၀)မှ ထု၍ပြုလုပ်ခဲ့သည်။ ဤဓားကိုအသုံးပြု၍ ရန်သူတစ်ရာကို တိုက်ခိုက်ချေမှုန်းပါ။ ယဉ်ကျေးပျူငှာသော ဘုရင်မင်းမြတ်အတွက် အမျိုးမျိုးအသုံးပြုနိုင်ပါစေ။'

အဆိုပါဓားသည် ထိုခေတ်အခါက အာရှအရှေ့ပိုင်းနိုင်ငံများအတွင်း ဆက်ဆံရေးအခြေအနေကို သိရှိနိုင်ရန် သမိုင်းအထောက်အထားတစ်ခု ဖြစ်ခဲ့ပေသည်။

မူရင်းဓားသွား (၇)ခုပါသည့် ဓားသည် ဂျပန်နိုင်ငံ၊ နာရာအရပ်ရှိ အစ်ဆိုနိုကာမိဝတ်ပြုရာဌာနတွင် လုံခြုံစွာ သိမ်းဆည်းထားရှိသဖြင့် ယခုအထိ မပျောက်မပျက်ရှိနေသည်။

အဆိုပါဓားကို လူထုအားပြသခြင်းမပြုပေ။





## [၉] စန်မာတင်၏ ဓားရှည်ကောက်
## ( CURVED SABER OF SAN MARTIN )

ဂျိုဆီဒီစန်မာတင် (Jose' de San Martin) သည် သက္ကရာဇ် (၁၇၇၈)မှ (၁၈၅၀)ပြည့်နှစ်အထိ နေထိုင်ခဲ့သော ထင်ရှားကျော်ကြားသည့် အာဂျင်တီးနား စစ်ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သည်။

စပိန်တို့၏လက်အောက်မှ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော တောင်အမေရိကတိုက်၏ တောင်ဘက်ပိုင်း လွတ်လပ်ရေးတိုက်ပွဲများကို အခြေခံကျသော ခေါင်းဆောင်အဖြစ် တိုက်ပွဲဝင်ခဲ့ရာတွင် ဂျိုဆီဒီစန်မာတင်သည် ထင်ရှားသည်။

စန်မာတင်သည် တောင်အမေရိက၏ သူရဲကောင်းတစ်ဦးဖြစ်ပြီး ပီရူးကို ပထမဦးစွာ ကာကွယ်မှုပေးနိုင်ခဲ့သူလည်းဖြစ်သည်။

စန်မာတင်၏ ဦးဆောင်တိုက်ပွဲဝင်မှုအောက်တွင် စစ်သည်များ လိုက်ပါတိုက်ခိုက်၍ ရန်သူကို ခြေမှုန်းနိုင်သောကြောင့် (၁၈၂၁)ဇူလိုင်လ(၂၈)ရက်နေ့တွင် ပီရူးနိုင်ငံ၏ လွတ်လပ်ရေးကို တရားဝင် ထုတ်ပြန်ကြေညာခဲ့ရလေသည်။

အာဂျင်တီးနား ပြည်နယ်တွင် လွတ်လပ်ရေးတိုက်ပွဲများကို ဦးဆောင်တိုက်ခိုက်ခဲ့သော ဗိုလ်ချုပ်စန်မာတင်ကို အမြင့်ဆုံးဂုဏ်ထူးဘွဲ့ ထူးပေးအပ်ချီးမြှင့်ခဲ့သည်။

ဂျိုဆီဒီစန်မာတင် အနှစ်သက်ဆုံးသော ပိုင်ဆိုင်မှုမှာ



www.burmeseclassic.com

www.burmeseclassic.com



သူလန်ဒန်မှ ဝယ်ယူခဲ့သော ဓားရှည်ကောက်ဖြစ်သည်။

စန်မာတင်သည် သူဝယ်ယူလာသည့် ဓားရှည်၏ ကောက်သောဓားသွားကို လွန်စွာနှစ်ခြိုက်လှသည်။ သူ့အနေဖြင့် ထိုဓားရှည်ကောက်နှင့် ခြေပုန်းခုတ်၍ စနစ်တကျလှုပ်ရှား ခုတ်ဖြတ်နိုင်မှုကြောင့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် များစွာ အသုံးတည့်မည်ဟု ယူဆကာ တက်ကြွခဲ့သည်။

သို့ဖြစ်၍ စန်မာတင်သည် သူဦးဆောင်တိုက်ပွဲဝင်ရမည့် မြင်းစီးစစ်သည်တော်များကို အသုံးပြုစေခဲ့သည်။ သို့ဖြစ်၍ မြင်းစီး၍တိုက်ပွဲဝင်စဉ်တွင် ရန်သူများကို ထိုးခုတ်သတ်ဖြတ်တိုက်ခိုက်ရာတွင် များစွာထိရောက်မှုရှိခဲ့သည်။

အဆိုပါ ဓားရှည်ကောက်သည် စန်မာတင်၏ တိုက်ပွဲဝင်သည့် ကာလတစ်လျှောက်လုံး လက်စွဲတော်ဓားဖြစ်ခဲ့သည်။

ထိုနောက် ရီပတ်ဘလီကန်အာဂျင်တီးနား၏ဗိုလ်ချုပ် ဒွန်ဂျုယန် မယ်နူ ယယ်ဒီရိုဆာ ( Don Juan ManueL de Rosas )ထံ လက်ဆင့်ကမ်း ရောက်ရှိသွားသည်။

ထိုသို့ ဓားရှည်ကောက်ကို ရည်ညွှန်းမှုပြုရာတွင် စန်မာတင်၏ ဂုဏ်ပြုတင်စားချက်မှာ. .


"ဤ ဓားရှည်ကောက်သည် တောင်အမေရိကတိုက်၏ လွတ်လပ်ရေးအတွက် နယ်ချဲ့တော်လှန်ရေး စစ်ပွဲတစ်လျှောက်လုံးတွင် ကျွန်ုပ်နှင့်အတူ မခွဲမခွာ တိုက်ပွဲဝင်ခဲ့ပါသည် " ဟူ၍ ဖြစ်ပေသည်။


(၁၈၉၆)တွင် ထိုဓားရှည်ကောက်သည် ဘူနို(စ)အဲရီး





(စ)ရှိ အမျိုးသားသမိုင်းပြတိုက်သို့ ပေးပို့ခဲ့ပြီး ယနေ့အထိ ထိုပြတိုက်တွင် ဂုဏ်ပြုသိမ်းဆည်းထားပေသည်။







www.burmeseclassic.com

www.burmeseclassic.com



(၁၉၆၀)ပြည့်နှစ်တွင် အဆိုပါ သမိုင်းဝင်ဓားသည် အခြေအနေနှစ်ရပ်ကြောင့် အခိုးခံရခဲ့ရသည်။

ထိုအဖြစ်အပျက် ဖြစ်ပွားပြီးသည့်အခါ ထိုပြတိုက်ကို ပိုမိုလုံခြုံစွာ ဆောက်လုပ်ပြီး ပြတိုက်ရှိ ပစ္စည်းများကို စောင့်ရှောက်ထားရှိခဲ့ပေသည်။

## (၁၀) တိုမိုယုကီယာမာရှိတာ၏ဓားရှည် (TOMOYUKI YAMASHITA'S SWORD)

တိုမိုယုကီယာမာရှိတာသည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ဧကရာဇ်၏ တပ်မတော်တွင် ဗိုလ်ချုပ်အဖြစ်တာဝန်ထမ်းဆောင်၍ တိုက်ပွဲဝင်ခဲ့သည်။


သူသည် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှ ကိုလိုနီနိုင်ငံများဖြစ်သော မလေးရှားနှင့် စင်ကာပူနိုင်ငံများကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သဖြင့် "မလေးရှား၏ကျား" ဟူသောအမည်ဖြင့် လူသိများကာ ထင်ရှားခဲ့သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသောအခါ ယာမာရှိတာသည် စစ်အတွင်းက ဖမ်းဆီးထားခြင်းခံရသူများကို မနီလာမက်ဆာကရီ၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့တွင် လွတ်မြောက်ခွင့်ရအောင် ကြိုးပမ်းခဲ့သည်။

အဆိုပါကိစ္စသည် အငြင်းပွားစေသော ပြစ်မှုဖြစ်ခဲ့သည်။







အဆုံးသတ်တွင်မူ တိုမိုယုကီယာမာရှိတာသည် သေဒဏ်ပေးခြင်း ခံခဲ့ရသည်။

အဆိုပါအမှုစီရင်ချက်သည် စစ်ရာဇဝတ်မှု ကျူးလွန်သူများနှင့် ပတ်သက်၍စီရင်ချမှတ်ရာတွင် ယူနိုက်တက်စတိတ်၏ ဥပဒေသများကို ပြောင်းလဲစေခဲ့သည်။

ထိုအချိန်မှစ၍ ထိုဥပဒေကို ယာမာရှိတာစံအဖြစ် လူသိများခဲ့သည်။

တိုမိုယုကီ ယာမာရှိတာ တိုက်ပွဲဝင်ခဲ့စဉ်က ကိုယ်ပိုင်သုံးခဲ့သည့် ဓားရှည်မှာ (၁၆၄၀)မှ (၁၆၈၀)အတွင်း နာမည်ကျော် ဓားပြုလုပ်သူ ဖူဂျီဝါရာ ကနီနာဂါက ပြုလုပ်ပေးထားခြင်းဖြစ်သည်။

ထိုဓားရှည်၏ လက်ကိုင်ရိုးကို (၁၉၀၀)ပြည့်နှစ်တွင် ပြုလည်မွမ်းမံခဲ့သည်။

(၁၉၄၅) စက်တင်ဘာလ (၂)ရက်နေ့တွင် ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ယာမာရှိတာနှင့် သူ၏တပ်သားများသည် လက်နက်ချလိုက်ရသည်။

စစ်နိုင်သော ဗိုလ်ချုပ်မက်(က)အာသာ (General Mac Arthur) သည် ယာမာရှိတာ၏ တိုက်ပွဲဝင်ဓားကို အနောက်ဘက်ဒေသစစ်ရေးဆိုင်ရာ ပြတိုက်သို့ ပေးပို့ခဲ့သည်။

တိုမိုယုကီ ယာမာရှိတာ၏ လွတ်လပ်ရေးကြိုးပမ်းသည့် တိုက်ပွဲဝင်ဓားသည် အဆိုပါပြတိုက်တွင် ယနေ့ထိရှိနေပေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတွင် လူမျိုးတိုင်းသည် ဓားကို အသုံးပြုခဲ့ကြသည်။

ဓားသည် လူမျိုးများစွာ၏ ဂုဏ်ယူဖွယ်အမှတ်တရ ပစ္စည်းတစ်မျိုးဖြစ်ခဲ့ပေသည်။

ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြား ဓားရှည်(၁၀)ခုမှာ ပုံပြင်များ၊ ဒဏ္ဍာရီလာဖြစ်ရပ်များမှ ကောက်နုတ်ဖော်ပြခြင်း မဟုတ်ပေ။

သမိုင်းကြောင်းဖြစ်ရပ်များမှ ထင်ရှားသည့်ဓားများကို ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။







# အခန်း(၁၄)

# ကိုးသချိုင်းမှ သံသေရရှိခြင်း

ကိုးသချိုင်းသံသေဓားတစ်လက် ပြုလုပ်ရန်ကိစ္စမှာ လွယ်ကူသောအရာမျိုးတော့ မဟုတ်ပေ။

သို့ကြောင့် ဦးဗန်ကောင်းက သူနှင့်အတူတူ အချို့တိုသာ အဖော်ခေါ်လေသည်။

ဒေါက်တာမင်းထင်ကျော် နီမောင်၊ ကျော်စွာ၊ စောထီးငမဲအောင်တို့ ငါးယောက်ဖြစ်သည်။

"ကျုပ်တို့ ခရီးထွက်ကြရမယ်၊ လိုအပ်တဲ့ပ[illegible]

www.burmeseclassic.com



တစ်ပါတည်း ယူခဲ့ကြပါ”

“ဘယ်ကိုသွားမှာလဲ ဆရာကြီး”

“သချိုင်းကိုးခုပြည့်အောင်လှည့်ပြီး သံ့ရှာကြရမယ်”

ဟု ပြောပြီး စုစုပေါင်း(၆)ယောက် ခရီးထွက်ခဲ့ကြလေသည်။

၎င်းတို့ ခရီးစထွက်သောအချိန်မှာ မှောင်စပျိုးနေပြီဖြစ်၏။ ဦးစွာ မိမိတို့ရွာမှ သချိုင်းကို အရင်ဝင်ကြသည်။

ကဝေမှော်ရွာသချိုင်းမှာ ရွာအစွန် တောင်ခြေဘက်၌ရှိပြီး ရွာနှင့်လည်း အတော်ဝေးလေသည်။

မြောက်ဘက် တောင်ခြေတစ်ဝိုက်မှာလည်း တောင်ကုန်း တောင်ပို့များနှင့် သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများက နေရာယူထားကြလေသည်။

ထိုနေရာရောက်တော့ ညဉ့်ဦးပိုင်း အချိန်ရောက်နေပြီဖြစ်သောကြောင့် မှောင်နေလေပြီ။

သချိုင်းတစ်ခုလုံး လူသေတင်သော ကပ်များ ခေါင်းတလားမှာဆင်သော စက္ကူများ အဝတ်စတို့က ချုံများပေါ်တွင် ထိုးထိုးထောင်ထောင် တင်နေကြသည်။

သူတို့ဝင်သွားတော့ ချုံတစ်ခုနောက်မှ တဖြိုဖြိုနှင့် အသံကြားရသဖြင့် နားစွင့်ကြည့်နေစဉ်မှာ ပြေးထွက်သွားသော မည်းမည်းသဏ္ဌာန်အချို့ကို မသဲမကွဲ လှမ်းမြင်လိုက်ကြရသည်။

“တောခွေးတွေ မြှုပ်ထားတဲ့အလောင်းတွေကို တူးဖော်ပြီး လာစားနေကြတာဖြစ်မယ်”





ထိုသို့ပြောပြီး အတွင်းသို့ ဆက်ဝင်သွားကြသည်။

လေကတိုက်နေသောကြောင့် သစ်ပင်များက ယိမ်းထိုးနေလျက်ရှိပြီး အပုပ်နံ့များ ထွက်နေသည်။

“သချိုင်းထဲတော့ရောက်ပြီ ဘာဆက်လုပ်ကြမလဲ ဆရာကြီး”

“လူသေမြှုပ်ထားတဲ့ ခေါင်းတွေက သံကိုးချောင်း ရအောင်ယူရမယ်၊ လောလောဆယ် မြှုပ်ထားတဲ့နေရာကို မတူးနဲ့ ကြာနေတဲ့ မြေပုံတစ်ခုကို အရင်တူးကြရမယ်”

ဟုပြောပြီး မြေပုံတစ်ခုကို စတင်တူးကြလေသည်။

ထိုမြေပုံမှာ ပျဉ်းမပင်အိုကြီး တစ်ပင်အနီးမှာရှိပြီး မြေပုံဟောင်းတစ်ခုပင် ဖြစ်သည်။

သူတို့တွင် တူရွင်း၊ ပေါက်ပြား၊ စသည်တို့ ပါလာသောကြောင့် စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကပင် စတင်တူးကြလေသည်။

ကျန်သည့်လူများက မနီးမဝေးမှ မီးရောင်ပြပေးကြသည်။ မြေကျင်းတစ်ဝက်ခန့် ရောက်သောအခါ မည်းမည်းသဏ္ဌာန်ကြီး ဆင်းလာသည်။

သစ်ပင်ပေါ်မှ ဆင်းလာစဉ်က မကြီးလှသော်လည်း သချိုင်းမြေပေါ်သို့ ခြေထောက်ချလိုက်သည်နှင့် ကိုယ်လုံးကပုတ်လောက် ကြီးလာပြီး အရပ်အမောင်းကလည်း ထန်းပင်တမျှ ရှည်ထွက်လာလေတော့သည်။

၎င်းက ခြေလှမ်းကျဲကြီးများဖြင့် သူတို့ရှိရာ လာနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မြေကျင်းတူးနေသော နှစ်ယောက်ပင်လန့်ပြီး အပေါ်
ပြန်တက်လာကြသည်။

မနီးမဝေးရောက်လာတော့မှ ကြောက်မက်ဖွယ်
ကောင်းသော ပုံပန်းသဏ္ဍာန်ကို တွေ့ကြရသည်။

"ဘယ်သူလဲ. ."

". . . . . . . . ."

စူးစူးဝါးဝါး အသံမျိုး ကြားရသည်။

"သင်္ချိုင်းစောင့် သဘက်ကြီးက ဘာအတွက်လာတာ
လဲ"

". . . . . . . . ."

". . . . . . . . ."

"ငါတို့က ခေါင်းသံကိုးချောင်း လိုချင်လို့ပါ"

". . . . . . . . . . ."

"မင်းအတွက်က ဟိုအုတ်ဂူပေါ်မှာ 'စားမြိန်ထုပ်' တင်
ထားတယ်၊ အမဲသားဟင်းနဲ့ ထမင်းပါတယ်၊ ယူပြီး စားပေတော့၊
ငါတို့ကိုလည်း တခြားအနှောင့်အယှက်တွေ မလာအောင် က
ကွယ်ပေးထားပါ"

ဟု ပြောလိုက်ရာ အုတ်ဂူပေါ်မှာ ဦးဇန်ကောင်း တင်
ထားသော စားမြိန်ထုပ်ကိုယူပြီး စားနေသည်။

"မြန်မြန်ဆက်တူးကြပေတော့၊ သူ ဒီနေရာမှာ ရှိနေရင်
တခြားအကောင်တွေ မလာဝံ့ဘူး၊ သူမရှိရင် ရောက်လာကြလိ
မယ်၊ သူရှိနေတုန်း မြန်မြန်ပြီးအောင်သာ လုပ်ပေတော့"





ဟု ပြောရာ စောထီးနှင့် ငမဲအောင်တို့က ဆက်တူးကြ
ရာ မကြာမီ မြေကျင်းထဲမှာ မြှုပ်ထားသော ခေါင်းတစ်လုံးပေါ်
လာလေတော့သည်။

ထိုသို့ ပေါ်လာသောအခါ ဦးဇန်ကောင်းကိုယ်တိုင် မြေ
ကျင်းထဲဆင်းပြီး ခေါင်းမှာရိုက်ထားသော သံကိုးချောင်းကို
ပလာယာ သံနုတ်တို့ဖြင့် နုတ်ယူလေသည်။

သို့သော်လည်း လွယ်လွယ်နှင့်တော့ မရပေ။

သံချေးများ ကိုက်နေသဖြင့် ခက်ခက်ခဲခဲ နုတ်ယူရလေ
သည်။ သံကိုးချောင်းရသောအခါ မြေကျင်းကို ပြန်ဖို့ ပေးလိုက်
ကြသည်။

ထိုအချိန်မှာ မနီးမဝေးမှာ ရပ်နေသည့် သဘက်ကြီး
လည်း မရှိတော့ပေ။

ကိစ္စပြီးသောအခါ ကဝေမှော် သင်္ချိုင်းအတွင်းမှ ပြန်
ထွက်ခဲ့ကြလေသည်။

နေ့အချိန်ရောက်လျှင် အခြားရွာမှ သင်္ချိုင်းတစ်ခုရှိရာ
သို့ သွားပြီး မနီးမဝေးမှာ နားနေကြရသည်။

ပါလာသော အစားအသောက်များကို စားသောက်ပြီး
တစ်ရေးတမော အိပ်ကြသည်။

မှောင်စပျိုးတော့မှ သင်္ချိုင်းအတွင်းသို့ ဝင်ကြသည်။

"နေ့ခင်းဘက်မှာ ဘာကြောင့် မဝင်တာလဲ ဆရာကြီး"

"နေ့ခင်းဘက်ဝင်တော့ လူတွေမြင်သွားရင် တစ်မျိုး
ထင်ကြမှာပေါ့၊ သူတို့ သင်္ချိုင်းကိုလာပြီး ဖျက်ဆီးတယ်ထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လာရန်ရှာနိုင်တယ်၊ ဒါကြောင့် ညဘက်မှာ ဝင်ရတာပဲ’

“ညဘက်ဆိုတော့ သရဲသဘက်တွေနဲ့ တွေ့ရတာပေါ့”

“တကယ်တော့ သရဲသဘက်တွေဆိုတာ လူတွေလောက် ကြောက်စရာမကောင်းပါဘူးကွာ”

ဟု ပြောပြလေသည်။

ထိုသချိုင်းရောက်တော့လည်း ခေါင်းတလားမှ သံကိုးချောင်း ရစေရန် ကြိုးစားကြရပြန်သည်။

သချိုင်းမှာရှိသော တစ္ဆေသရဲ ဖုတ်ပြိတ္တာ၊ ကျတ် မှင်စာစသော ပရလောကသားများကလည်း နည်းအမျိုးမျိုးနှင့် အနှောင့်အယှက် ပေးကြသည်။

ဦးဇန်ကောင်းမှာ ဆေးဝါးအစီအရင် ကျွမ်းကျင်သည့်သူဖြစ်သောကြောင့် ၎င်းတို့ကို တားဆီးနိုင်လေသည်။

အစားအသောက်နှင့် အပေးအယူ လုပ်တန်တာလုပ် ဆေးဝါးမန္တယားများနှင့် ကာကွယ်တားဆီးတန် တားဆီးရလေသည်။

သုံးခုမြောက်ဖြစ်သော ထိန်ပင်သချိုင်းရောက်သောအခါမှာတော့ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရလေသည်။

ထုံးစံအတိုင်း မြေမြှုပ်ထားသော ခေါင်းတလားကို တူးဖော်လိုက်ရာ ပေါ်လာတော့မှ ပြဿနာက ပေါ်လာတော့သည်။

ခေါင်းတလားအတွင်းမှ အလောင်းကောင်က တလားအဖုံးကို သူ့ဘာသာဖွင့်ပြီး ထထိုင်လာလေတော့သည်။





သေဆုံးသည်မှာ မကြာသေးသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရုံသာ ရှိသေးသည်။

“ဆရာကြီး အလောင်းကောင် ထလာပြီဗျ”

စောထီးက အော်ပြောလိုက်သည်။

ဒါကပင် သူ့အမှားဖြစ်သည်။

ညအချိန် သချိုင်းမှာ ဘာပဲလုပ်လုပ် စကားကျယ်ကျယ် မပြောရပေ။

ထိုသို့ ပြောမိပါက အလောင်းကောင်များကို ဖုတ်ဝင်လာတတ်ပေသည်။

ထိုသို့ ဖုတ်ဝင်လာပြီ ဆိုပါက တော်ရုံဆရာများ မနိုင်သောကြောင့် ပြေးကြရသည်။

အလောင်းကောင် ထလာသည်ကို သူ့နေရာရောက်အောင် ပြန်မသွင်းနိုင်ပါက နောက်ကနေ ခေါင်းထမ်းပြီး လိုက်လာလေတော့သည်။

ထိုသို့ ထလာပြီဆိုလျှင် ပြေးမလွတ်သောကြောင့် အသက်သေဆုံးရတာများသည်။

အချို့လည်း အလောင်းကောင် ဝင်နှောင့်ယှက်သည်မျိုးပင် ရှိကြလေသည်။

ဦးဇန်ကောင်းက အသံမထွက်စေရန် အချက်ပြလိုက်ပြီး လွယ်အိတ်ထဲမှာ အသင့်ပါလာသော ဓားတစ်ချောင်းကိုယူပြီး ခုတ်ချလိုက်တော့မှ ပြန်လဲကျသွားတော့သည်။

ထိုဓားမှာ ‘မခုတ်ဓား’ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မခုတ်ဓားဆိုသည်မှာ ရွာဦးနတ်စင်မှာ တင်ထားသော ဓားမျိုးဖြစ်ပြီး ယခုလို ခရီးထွက်တော့မည်ဆိုမှ နတ်စင်သို့ဝင်ကာ ခွင့်တောင်းပြီး ယူလာခဲ့ခြင်း ဖြစ်သည်။

မခုတ်ဓားဖြင့် ထိလိုက်သောအခါ အလောင်းကောင်မှာ သူ့နေရာအတိုင်း 'ဘိုင်း'ခနဲ ပြန်လဲကျသွားလေသည်။

သည်တော့မှ ခေါင်းတလားပျဉ်မှာ ရိုက်ထားသည့် သံကိုးချောင်းကို နုတ်ယူခဲ့ကြလေသည်။

သူတို့ (၆)ယောက်မှာ သင်္ချိုင်းတစ်ခုပြီးတစ်ခု လှည့်ပြီး ခေါင်းသံများကို စုဆောင်းလာကြရာ အတော်ပင် ပြည့်စုံခဲ့ကြပြီ ဖြစ်သည်။

ထိုဒေသမှာရှိသော ရွာများမှာ တစ်ရွာနှင့်တစ်ရွာ မဝေး လှပေ။

သို့ကြောင့်လည်း တစ်ရွာမှာ သင်္ချိုင်းတစ်ခုစီ ရှိသဖြင့် ရှာဖွေရတာ မခက်ခဲလှပေ။

ရွာများမှာ သင်္ချိုင်းကို ရွာနှင့်ဝေးသော နေရာများမှာ ထားသောကြောင့် သူတို့အတွက် အခက်အခဲတော့ မရှိလှပေ။

နောက်ဆုံး ဝင်ရမည့် သင်္ချိုင်းမှာ 'ခေါင်းပြတ်တော သင်္ချိုင်း' ဖြစ်သည်။

လူခေါင်းပြတ်နှင့် ပုံသဏ္ဌာန်တူသော တောင်ခြေမှာ သင်္ချိုင်း ပြုလုပ်ထားသောကြောင့် ဒေသခံများက ခေါင်းပြတ် တောင်သင်္ချိုင်းဟု ခေါ်ကြသည်။

ထိုသင်္ချိုင်းမှာ သူတို့အတွက် ကိုးခုမြောက် ဝင်ရမည့်





သင်္ချိုင်းပင် ဖြစ်ပေတော့သည်။

သင်္ချိုင်းသို့ မဝင်မီ တောင်ခြေတစ်နေရာမှာ နားနေကြ စဉ် ဦးဗန်ကောင်းက ပြောပြလေသည်။

"ဒီသင်္ချိုင်းဟာ ကျုပ်တို့ နောက်ဆုံးသံယူရမယ့်သင်္ချိုင်း ပဲ၊ အဓိဋ္ဌာန်ဝင်တဲ့ လူတွေလိုပဲ နောက်ဆုံးသင်္ချိုင်းမှာတော့ အနှောင့်အယှက်တွေနဲ့ တွေ့ရမှာပဲ၊ ဒီတော့ သင်္ချိုင်းထဲ မဝင်ခင် မှာစရာရှိတာ မှာထားရမယ်"

ခေါင်းညိတ်ပြကြသည်။

"ရည်ရွယ်ချက်တစ်ခု အောင်မြင်တော့မယ်ဆိုရင် အနှောင့်အယှက်ကတော့ လာမှာပဲ၊ ဒီတော့ သင်္ချိုင်းထဲဝင်သွားပြီး ရင် တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြနဲ့၊ ပြောရင် လည်း အသံမကြားအောင် တိုးတိုးပဲပြော၊ နောက်ပြီး အပြင်က တစ်စုံတစ်ယောက်က ဘာပဲလာမေးမေး ဘာမှပြန်မပြောဖို့ သတိထားပါ"

"ကောင်းပါပြီ"

ထို့နောက် ညအချိန် လူခြေတိတ်သောအခါ သင်္ချိုင်းအတွင်းသို့ ဝင်ကြလေသည်။

သင်္ချိုင်းမှာ အတော်အတန်ကြီးပြီး ထိုနေရာတစ်ဝိုက်တွင် ကျောက်တုံးများ ချုံနွယ်ပိတ်ပေါင်းများ ရှိနေလေသည်။

မြေပုံဟောင်းတစ်ခုကို စတင်တူးနေသော အချိန်မှာပင် သင်္ချိုင်းဝမှ ဝင်လာသော မီးရောင်များ တွေ့ရသဖြင့် မြေတူးနေ သော စောထီးနှင့် ငမဲအောင်တို့က ရပ်သွားလေသည်၊



www.burmeseclassic.com

www.burmeseclassic.com


ဦးဗန်ကောင်းက ဆက်တူးရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်တော့မှ ဆက်တူးလေသည်။

မကြာမီ အချိန်မတော်မှ အသုဘချလာသော လူတစ်စု ရောက်လာကြသည်။

လက်ထဲမှာ မီးတုတ်ကိုင်ထားပြီး လူနှစ်ယောက်က အလောင်းတင်ထားသော ဝါးကပ်ကို ထမ်းလာကြသည်။

"ဗျို့ . . နောင်ကြီးတို့ မြေကျင်း တူးနေတာလားဗျ"

ဘယ်သူမှ ဘာမှ ပြန်မပြောကြပေ။

"မြေကျင်းတူးနေတာဆိုရင်လည်း ဒီအလောင်းကို မြှုပ်ထားခဲ့ပါရစေ"

ဦးဗန်ကောင်းက တစ်ချက်ကြည့်ပြီး လွယ်အိတ်ထဲမှ ဆန်မန်းပေါက်ပေါက်များကိုယူ၍ လှမ်းပစ်လိုက်ရာ အလောင်းကို ချထားခဲ့ပြီး ထွက်ပြေးသွားကြသည်။

ထိုအခါမှ အနားသွားကြည့်သောအခါ ဝါးကပ်ပေါ်မှာ အဝတ်နက်များဖြင့် ဖုံးထားသော ပုတ်သင်ညို အသေတစ်ကောင်ကိုသာ တွေ့ကြရသည်။

ထို့ပြင် နောက်ထပ်လည်း သရဲတစ္ဆေတို့က နည်းအမျိုးမျိုးနှင့် လာရောက်အနှောင့်အယှက်ပေးနေရာ တော်တော်နှင့် သံချောင်းမရနိုင်ပဲ ရှိလေသည်။

နောက်ဆုံးရောက်တော့မှ သချိုင်းစောင့်သဘက်ကြီး တောင်ပေါ်မှ ဆင်းလာသည်။

သူ ဆင်းလာတာမြင်တော့မှ ဦးဗန်ကောင်း အသင့်ထုတ်ယူလာသော ထမင်းထုပ်ကို အပြင်ထုတ်လိုက်ပြီး ရှေ့သို့ တိုးသွားလေသည်။

"ဘာအတွက် သချိုင်းက ပစ္စည်းတွေ လာယူနေတာလဲ ဒီမှာရှိတဲ့ ပရလောကသားတွေက ဒီလိုလာယူတာ မကြိုက်ဘူး"

"ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး၊ အများအတွက် ဓား တစ်စင်းလုပ်ဖို့ သံကိုးချောင်းပဲ ယူမှာပါ၊ ဒါကြောင့် ကျုပ်တို့ယူလာတဲ့ အစားအသောက်ကိုလည်း စားပါ၊ ကျုပ်တို့ကိုလည်း ယူခွင့်ပေးပါ"

ထိုသို့ပြောပြီး ထမင်းထုပ်ကို ကမ်းပေးလိုက်သောအခါ ယူစားနေလေသည်။

စားပြီးမှပြောသည်။

"တူးနေတဲ့ကျင်းကို ပြန်ဖို့လိုက်ပါ"

ထိုစကားသံကြောင့် အံ့သြသွားကြသည်။

သချိုင်းစောင့်သဘက်ကြီး ခွင့်မပြုသော စကားမျိုးဖြစ်သည်။

ဦးဗန်ကောင်းက ထွေထွေထူးထူး ထပ်မပြောတော့ပဲ စောထီးနှင့် ငမဲအောင်တို့ကို လက်ဟန်ခြေဟန်ဖြင့် ပြလိုက်ရာ တူးပြီးသား မြေများကို ပြန်ထည့်ကြလေသည်။ သူတို့လုပ်သမျှကို သချိုင်းစောင့်ကြီးက မနီးမဝေးမှ ကြည့်နေသည်။

မြေကျင်း ပြန်ဖို့ပြီးသောအခါမှ တစ်နေရာသို့ ခေါ်သွားပြီး မြေပုံဟောင်းတစ်ခုကို ပြသည်။

ဦးဗန်ကောင်းက သဘောပေါက်သွားသဖြင့် ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com


သို့ တူးခိုင်းပြန်လေသည်။

ကျော်စွာနှင့် နီမောင်ကပါ ဝင်တူးကြသောကြောင့် ခဏမှာပင် မြေကျင်းထဲမှ ခေါင်းတလားပေါ်လာသည်။

"ခေါင်းရဲ့ ခေါင်းရင်းဘက်မှာ ရိုက်ထားတဲ့ သံကိုး ချောင်းကိုယူပါ၊ သံသေတစ်ချောင်းပါတယ်"

ဟု ပြောပြီး သချိုင်းစောင့်ကြီးက ပျောက်သွားလေသည်။ ဦးဇန်ကောင်းလည်း သူကိုယ်တိုင် မြေကျင်းထဲသို့ ဆင်းပြီး မီးရောင်ဖြင့် ထိုးကြည့်သောအခါ သံချေးမတက်ဘဲ ဝင်းလက်နေသည့် သံတစ်ချောင်းကို တွေ့ရသဖြင့် ထိုသံချောင်း အပါအဝင် သံကိုးချောင်း နုတ်ယူပြီး ပြန်တက်ခဲ့လေသည်။

ပြီးမှ မြေကျင်းကို ပြန်ဖို့ပေးပြီး မနီးမဝေးနေရာသို့ သွားကာ အမောဖြေကြလေသည်။

"ပရလောကသားတွေ ကြောက်စရာကောင်းတယ်လို့ ထင်နေတာ၊ သူတို့နဲ့ အဆင်ပြေတော့လည်း အကူအညီတောင် ပေးကြပါလား"

သချိုင်းနှင့် မနီးမဝေးမှာရှိသော ဂူပေါက်တစ်ခုထဲ ရောက်တော့မှ ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ဒီလိုပါပဲ၊ လူ့လောကမှာပဲဖြစ်ဖြစ် ပရလောကမှာပဲ ဖြစ်ဖြစ် မေတ္တာထားပြီး အပေးအယူနဲ့ ဆက်ဆံရင် အဆင်ပြေ တာချည်းပါပဲ"

"မှန်ပါတယ် အခု ကိုးသချိုင်းကသံတွေ ရပြီဆိုတော့ ဘယ်လိုဆက်လုပ်မှာလဲ"



"ဒီသချိုင်းမှာပဲ စောင့်ပြီး လိုတာလေးတွေ ထပ်ယူပြီးမှ ပြန်ကြတာပေါ့"

ဟု ပြောရာ ဆက်မမေးတော့ပေ။

အချိန်က ညဉ့်နက်ပိုင်း အချိန်သို့ **ရောက်ခဲ့လေပြီ။**




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

## ချစ်ရသူတို့အတွက် မေတ္တာလမ်း

နောက်တစ်နေ့မှာလည်း ထိုဂူပေါက်ထဲမှာပင် နားကြလေသည်။

နံနက်ပိုင်း အချိန်ရောက်တော့ ရွာရှိရာသို့သွားပြီး လိုအပ်သော အစားအသောက်များ ဝယ်ယူစားသောက်ကြရင်း ပန်းပဲဖို ရှိ,မရှိ စုံစမ်းကြည့်ရာ ရှိကြောင်း သိရလေသည်။

"ဒီဘက်ရွာတွေမှာ တစ်ရွာမှာ ပန်းပဲဖိုတစ်ခု၊ ဒီမှာဟုတ် နှစ်ရွာပေါင်းပြီး ပန်းပဲဖိုတစ်ခုတော့ ရှိကြပါတယ်၊ ဒီမှာပဲ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြီးအောင် လုပ်ရမယ်”

“ဘာတွေ လိုသေးလဲ ဆရာကြီး”

“လိုသေးတယ်၊ ဓားလုပ်ပြီးရင် ဆေးဖို့ အစိမ်းသေရဲ့ သွေးရယ်၊ ဓားအိမ်လုပ်ဖို့ ခေါင်းပျဉ်ရယ်၊ ဓားရိုးလုပ်ဖို့ လူသေထိုးတဲ့ တံစူးဝါးရယ်၊ ဓားကို သပ်ပင်းတဲ့အခါမှာထည့်ဖို့ အစိမ်းသေရဲ့ ဆံပင်ကိုးချောင်း ယူရဦးမယ်”

ဟု ပြောပြီး သင်္ချိုင်းသို့ တစ်ခေါက်ပြန်သွားပြီး လူမမြင်သော ဂူတစ်ဂူမှာ ဝင်ရောက်ပြီး စောင့်ကြရလေသည်။

ထိုဂူပေါက်မှကြည့်လျှင် ခေါင်းပြတ်တောင် သင်္ချိုင်းကို လှမ်းမြင်နိုင်သည်။

“အစိမ်းသေသေတဲ့မသာ ရောက်လာတဲ့အထိ စောင့်ကြရမယ်”

“ကိုးသင်္ချိုင်းဓားဆိုပြီး နံမည်သာ ကြားဖူးပါတယ်၊ တကယ်လုပ်တဲ့အခါမှာတော့ မလွယ်လှပါလား ဆရာကြီး”

“အလုပ်ကတော့ ဘယ်အလုပ်မှ မလွယ်ပါဘူး၊ အစီအရင် ပစ္စည်းတွေ လုပ်တာကတော့ ပိုခက်တာပေါ့၊ နတ်တွေ ပရလောကသားတွေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ဝင်မကူရင် အလွယ်တကူ မရနိုင်ဘူး၊ ပြီးသွားပြန်တော့လည်း သုံးတတ်ရင် သုံးတတ်သလောက် အကျိုးရှိကြပါတယ်”

ဟု ပြောပြသည်။

ထို တစ်ရက်နှစ်ရက်အတွင်းမှာ လူသေလာမြှုပ်တာ မရှိသောကြောင့် ဆက်စောင့်ကြရသည်။





သုံးရက်မြောက်သောနေ့မှာ အလောင်းတစ်လောင်း လာမြှုပ်သဖြင့် မသိမသာ စကားသွားရောက်မေးမြန်းသောအခါ (၉၆)ပါး ရောဂါဖြင့် သေသွားသူဖြစ်သောကြောင့် စိတ်လျှော့လိုက်သည်။

ထိုအလောင်းကို မီးသဂြိုဟ်ကြသောကြောင့် ဓားရိုးပြုလုပ်ရန် တံစူးဝါးကို ရကြသည်။

နောက်နှစ်ရက်ခန့်ကြာတော့ အလောင်းတစ်လောင်း လာမြှုပ်သွားသောကြောင့် ဓားအိမ်လုပ်ရန် ကျွန်းသားခေါင်းပျဉ် တစ်ချပ်ရကြလေသည်။

သူတို့အတွက် အစိမ်းသေသွေးနှင့် ဆံပင်သာ လိုတော့သည်။

ခေါင်းပြတ်တောင် သင်္ချိုင်းတွင် ရောက်နေကြသည်မှာ တစ်ပတ်ခန့်ကြာသောအခါမှ သူတို့လိုချင်သော အစိမ်းသေ ရောက်လာလေတော့သည်။

မီးမဖွားနိုင်သဖြင့် သေဆုံးသွားသော အမျိုးသမီး အလောင်းကို လာရောက်မြှုပ်နှံကြခြင်း ဖြစ်သည်။

ညအချိန်ရောက်သောအခါ ခေါင်းကို မြှုပ်ထားသော မြေများကို တူးဖယ်ကြသည်။

နေ့လယ်ကမှ မြှုပ်သွားခဲ့သောကြောင့် အလွယ်တကူပင် တူးဖော်နိုင်ကြလေသည်။

ခေါင်းတလား ပေါ်လာသောအခါ ဦးဇန်ကောင်းက ထိုနေရာတစ်ဝိုက်ကို စည်းဝိုင်းဝိုင်းပြီး အားလုံးအတွင်းမှာ ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

ဦးဗန်ကောင်းက ထိုနေရာမှာ ဖယောင်းတိုင်လေးတိုင် ထွန်းပြီး ဂါထာမန္တန်များဖြင့် မန်းမှုတ်လေရာ အတန်ကြာတော့ ပိတ်ထားသော ခေါင်းအဖုံးမှာ ပွင့်သွားလေတော့သည်။

ဦးဗန်ကောင်းက သင်္ချိုင်းတစ်နေရာမှ ချိုးယူလာသော သစ်ကိုင်းဖြင့် ပုတ်နှိုးသောအခါ ဖျပ်ခနဲ မျက်လုံးပွင့်လာလေသည်။

"ပြန်ထလာခဲ့. . ပြန်ထလာခဲ့"

ဟု အမိန့်ပေးလိုက်သောအခါ ခေါင်းထဲမှထကာ မတ်တတ်ရပ်သောအခါ မျက်နှာက မြေကျင်းအပေါ်သို့ ရောက်လာသည်။

"ငါတို့ကို နင့်သွေးပေးပါ"

"မပေးဘူး"

"မပေးရင် သင်္ချိုင်းထဲမှာ နေခွင့်မရအောင် သင်္ချိုင်းစောင့်ခေါ်ပြီး နှင်ထုတ်လိုက်မယ်"

ထိုသို့ ပြောလိုက်သောအခါ မျက်နှာသေကြီးဖြင့် ဦးဗန်ကောင်းကို မော့ကြည့်နေသည်။

"ပေးမလား"

ခေါင်းညိတ်ပြသောအခါမှ ဓားတစ်လက်ပေးလိုက်သည်။ ထိုအမျိုးသမီးက သူ့လက်တစ်ဖက်ကို တွင်းပေါ်တင်ပြီး ဓားဖြင့် လှီးချလိုက်သောအခါ သွေးများ စီးကျလာသောအခါ ဦးဗန်ကောင်းက ခွက်ဖြင့် ခံယူထားလိုက်သည်။





"ဆံပင်ကိုးချောင်းပေးပါ"

ပထမတော့ ငြင်းဆန်နေသေးသည်။

သင်္ချိုင်းစောင့်နှင့် ခြောက်လှန့်ပြောတော့မှ **နုတ်ပေး**သည်။ ဦးဗန်ကောင်းက ဆံပင်ကိုးချောင်းသာ ယူထား**လိုက်ပြီး** ကျန်သည့်ဆံပင်များ ပြန်ပေးလိုက်သည်။

"ကိုယ့်နေရာ ကိုယ်ပြန်ဝင်တော့"

မဝင်ပဲ ပေရပ်နေသည်။

"နင်က သေသွားပြီးပြီ၊ ကိုယ့်နေရာကိုယ် ပြန်ဝင်တော့"

ဦးဗန်ကောင်းက ပြောပြောဆိုဆိုနှင့် မခုတ်ဓား**ကိုထုတ်**ပြီး ထောင်ပြလိုက်တော့မှ အရုပ်ကြိုးပြတ်ဖြစ်ကာ '**ဗိုင်း**'**ခနဲ** ပြန်လဲကျသွားလေသည်။

ချက်ချင်းဆိုသလို ခေါင်းအဖုံးကို ပြန်ပိတ်ပြီး **မြေများ** ပြန်ဖို့လိုက်ကြလေသည်။

လိုအပ်သောပစ္စည်းများ ရသောအခါ ဓားလုပ်**ရန် စီစဉ်**ရလေတော့သည်။

သင်္ချိုင်းကိုးနေရာမှ ယူလာသော ခေါင်းသံများ(သံသေချောင်းအပါအဝင်)ကို စုပေါင်းပြီး မီးပေးကာ ဓားပုံပြုလုပ်ရသည်။

ဦးဗန်ကောင်းက စီစဉ်ညွှန်ကြားပေးသော်လည်း စနေသားဖြစ်သော နီမောင်က ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ပေးရသည်။

ဓားစတင် ထုလုပ်သောရက်မှာလည်း စနေနေ့**ပင်ဖြစ်**



www.burmeseclassic.com

www.burmeseclassic.com

၏။ ဓားကို ထုလုပ်ပြီးသောအခါ ဂါထာမန္တန်များနှင့် ခုနစ်ရက်တိုင်တိုင် သိဒ္ဓိတင်ပေးပြီးမှ ခေါင်းပြတ်တောင်သချိုင်းသို့ ယူသွားပြီး အစိမ်းသေသွေးဖြင့် ဆေးရသည်။

(အစိမ်းသေသွေးနှင့် အခြား တိရစ္ဆာန်သွေးများ ရောထားခြင်းဖြစ်သည်။)

ထိုကဲ့သို့ ဆေးသားတင်ပြီး အချောအဆင့်သို့ ရောက်သောအခါ စနေသမီး မီးနေသည်၏ ခေါင်းအုံးအောက်၌ ခုနစ်ရက် ပြည့်အောင်ထားခြင်း။

ဘုန်းကြီးများ ကမ္မဝါ ဖတ်နေသောအချိန်တွင် ကမ္မဝါဖတ်သံကြားရသောနေရာ၌ ဓားကိုထားခြင်း၊ ကိုးမြို့ရှင် နတ်ကွန်းတွင် ကိုးရက်ပြည့်အောင် ထားခြင်းစသော ပြုလုပ်ရသည်များကိုလည်း အချိန်အခါစောင့်ပြီး ပြုလုပ်ရလေသည်။

ဓားပြီးသောအခါ ဓားရိုးကို လူသေထိုးသော တံစူးဝါးဖြင့် ပြုလုပ်ပြီး သပ်ပင်းသောအခါ အစိမ်းသေ ဆံပင်ကိုးချောင်းကို ဓမင်းမှာရစ်ပတ်ပြီး ထည့်လေသည်။

ဓားအိမ်ကိုတော့ လူသေထည့်သော ခေါင်းပျဉ်နှင့်ပင် ပြုလုပ်လေသည်။

ထိုသို့ ပြုလုပ်ပြီးစီးသောအခါ သက်ဆိုင်ရာဂါထာများဖြင့် မန်းမှုတ်သိဒ္ဓိတင် ရပြန်လေသည်။

ဓားအရှည်မှာ တစ်တောင် တစ်ထွာ တစ်မိုက်ရှိပြီး အရိုးများ တစ်ထွာခန့်ရှိသည်။

ဓားခွက်ပါးပြီး မျှောကြောင်း(သွေးစီးကြောင်း)မပါပေ။





သံရောင်မှာ သွေးနီရောင် အညိုရောင် သမ်းနေသည်။

သွေးဖြင့် ဆေးထားသောကြောင့် မှိုင်းညို့နေပြီး ပြောင်အောင် တိုက်ချွတ်၍ မရပေ။

ထိုကိုးသချိုင်းဓားဖြင့် ခုတ်ပါက ဓားလှံလက်နက်ပြီးသူများပင် အပိုင်းပိုင်း ပြတ်ကျလေသည်။

ယခု စီရင်ပြုလုပ်သော ဓားမှာ 'သံသေ'ပါနေသောကြောင့် အစွမ်းထက်သည်မှာ ပြောဖွယ်ရာ မရှိတော့ပေ။

ကိုးသချိုင်းသံသေဓား စီမံပြုလုပ်ပြီးသောအခါမှ အားလုံး ကဝေမော်ရွာသို့ ပြန်လာခဲ့ကြသည်။

တစ်ယောက်တည်း ကျန်နေခဲ့သော နန်းမြတ်ဒေဝီကတော့ ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာတော့မှ စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။

"ကျွန်မတော့ ဒေါက်တာတို့ ရက်ကြာနေတော့ စိတ်ပူနေမိတယ်၊ အဆင်ပြေခဲ့ရဲ့လား"

ဟု မေးလေသည်။

"အဆင်ပြေခဲ့ပါပြီ၊ မိစ္ဆာကောင်ကြီးကို သုတ်သင်ရှင်းလင်းဖို့ ကိုးသချိုင်းသံသေဓားတော့ ရခဲ့ပါပြီ"

"ဘေးဥပါဒ် အန္တရာယ်တွေ ကင်းကင်းနဲ့ သုတ်သင်ရှင်းလင်းနိုင်ပါစေလို့ပဲ ဆုတောင်းပေးရတော့မှာပဲ"

"ဒေဝီက ကျွန်တော်တို့အတွက် စိုးရိမ်နေလို့လား"

သူမက ဒေါက်တာမင်းထင်ကျော်က တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်လည်း ဒေဝီအတွက် စိုးရိမ်နေမိတယ်”

“ဟင် ဒေါက်တာက ကျွန်မအတွက် စိုးရိမ်နေတယ် ဟုတ် လား”

“ဟုတ်ပါတယ်၊ အဲဒါ ဘယ်လိုကြောင့်လည်း ဆိုတာ တော့ နောက်မှပဲ အေးအေးဆေးဆေး အဖြေရှာရတော့မှာပဲ”

ထိုစကားကြောင့် သူမ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ သမ်းသွားလေတော့သည်။

“ဒေါက်တာက သုတေသနသမားတစ်ယောက်သာ ဖြစ်တယ်၊ စကားပြောတဲ့နေရာမှာတော့ အတော်ကို ကျွမ်းကျင်ပေတာပဲ”

“စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ၊ ကိုယ်ပြောတာ ဒေဝီဘယ်လိုသဘောရသလဲ”

“ဒေါက်တာက ကျွန်မကို ဘာမှ မပြောရသေးဘူးလေ”

“တကယ်လို့ ပြောလာရင်ကော ဘယ်လိုသဘောထားမှာလဲ”

“ဒါကတော့ ပြောတဲ့စကားပေါ်မှာပဲ မူတည်တာပေါ့”

“အမှန်ပြောရရင်တော့ ကျွန်တော် ဒေဝီအပေါ်မှာ စိတ်ဝင်စားနေမိပါတယ်၊ အန္တရာယ်တွေရှင်းသွားရင်တော့ ရှေ့ရေးအတွက် တိုင်ပင်ချင်ပါတယ်”

“ဒေါက်တာက ပွင့်ပွင့်လင်းလင်း ပြောမှတော့ ကျွန်မက လည်း ဖုံးကွယ်မပြောချင်တော့ပါဘူး၊ ဒေါက်တာလို အားကိုးထိုက်တဲ့ ယောကျာ်းတစ်ယောက်ကို ကျွန်မအနေနဲ့ ဘာမှ ငြင်း





ပယ်စရာ မရှိပါဘူး၊ တစ်ခုပဲရှိပါတယ်၊ ကျွန်မအပေါ်မှာ သစ္စာရှိရှိနဲ့ မေတ္တာစစ်နဲ့ ချစ်နိုင်မလားဆိုတာပါပဲ”

နန်းမြတ်ဒေဝီက တိုင်းရင်းသူတစ်ယောက် ဖြစ်သောကြောင့် စကားပြောသည့်နေရာမှာ ပွင့်လင်းမှု ရှိလေသည်။

“ကျွန်တော်အနေကလည်း မေတ္တာတရားနဲ့ ပတ်သတ်လာရင် ရွေးချယ်စရာ မများခဲ့ပါဘူး၊ ဒေဝီအပေါ်မှာ တစ်သတ်လုံး သစ္စာရှိရှိနဲ့ ချစ်သွားပါမယ်လို့ ကတိပေးပါတယ်”

“ဒီစကားကြားရတာ ဝမ်းသာပါတယ် ဒေါက်တာရယ်”

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးကို ဆုပ်ကိုင်ပြီး နှစ်သိမ့်မှု ပေးလိုက်လေသည်။

တကယ်တော့ ဟန်ဆောင်မှုကင်းသော ချစ်ခြင်းမေတ္တာအတွက် ဖြောင့်ဖြူးသော လမ်းတစ်ခုကတော့ အမြဲတမ်းရှိနေခဲ့သည်ကတော့ ချစ်သူတိုင်း သိကြပါလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

## အန္တရာယ်စက်ကွင်းမှ လွတ်မြောက်ကြခြင်း

ဒေါက်တာမင်းထင်ကျော်တို့ စခန်းသို့ ပြန်ကြရန်ပြင်သောအခါ ကဝေမှော်ရွာမှ ဦးဗန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ လေးယောက် လိုက်သွားရန် ပြင်ကြလေသည်။

ထိုအခါ မြဝင်းသူက နီမောင်အနားလာပြီး စိတ်ပူသံဖြင့် မေးသည်။

"နီမောင် နင်လိုက်သွားမလို့လား"

"ဟုတ်တယ်လေ၊ ဆရာတို့ကို အကူအညီပေးဖို့ လေးယောက် လိုက်သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတိဝီရိယလည်း ထားနော်၊ နင် တစ်ခုခုဖြစ်သွားမှာ ငါ သိပ်ပြီး စိုးရိမ်တာပဲ"

ထိုစကားကြားရတော့ နီမောင်ခမျာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

"နင်က ငါ့အတွက် စိုးရိမ်တယ် ဟုတ်လား"

"မစိုးရိမ်ပဲ နေပါ့မလား၊ ကိုယ့်ချစ်သူကို မစိုးရိမ်တတ်တဲ့ ချစ်သူမျိုး တွေ့ဖူးလို့လား"

"ငါက နင်တစ်ယောက်ကလွဲပြီး ဘယ်သူမှ မချစ်ဖူးသေးတော့ မတွေ့ဖူးပါဘူး"

"နင့်စကားကလည်း ငါက လူတကာနဲ့ ချစ်သူဖြစ်နေတဲ့ အတိုင်းပဲ"

မြဝင်းသူက နှုတ်ခမ်းစူပြီး ပြောသဖြင့် နီမောင်က သဘောကျစွာ ရယ်လိုက်လေသည်။

"ငါက အလကားစတာပါ မြဝင်းသူရယ်၊ နင်နဲ့ လက်ထပ်မပြီးမချင်း ဘယ်လိုအန္တရာယ်မျိုးနဲ့မှ မတွေ့နိုင်ပါဘူး"

"လက်ထပ်ပြီးတော့ရော"

"လက်ထပ်ပြီးရင်လည်း ဘာမှ မဖြစ်နိုင်ဘူး၊ သားတွေ သမီးတွေရတဲ့အထိ အတူတူနေသွားမှာ"

"နင်နော် စကားပြောတာ ပိုင်စိုးပိုင်နင်းနဲ့၊ ဒါထက် လက်ထပ်ဖို့ ကိစ္စကရော ဘယ်တော့စီစဉ်မှာလဲ"

"ကိစ္စတွေပြီးလို့ ငါ ဟိုကပြန်လာတာနဲ့ လူကြီးတွေကို ခွင့်တောင်းပြီး နင့်ကို တစ်ခါတည်း တောင်းယူမယ်၊ မကောင်း





ဘူးလား"

"ကောင်းတာပေါ့၊ မြန်မြန်နီးတော့ များများစိတ်အေးရ တာပေါ့"

ဟု ပြန်ပြောလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူ သုတေသနစခန်းသို့ သွားကြလေသည်။

သုတေသနစခန်းသို့ မရောက်ခင် သတ္တုတူးဖော်ရေး စခန်းများသို့ အရင်ဝင်ပြီး သတင်းစုံစမ်းကြည့်ရသည်။

"နေ့ဘက်တော့ မတွေ့ရဘူး၊ ညအချိန်ရောက်ရင်တော့ သုတေသန စခန်းဘက်မှာ သတ္တဝါကြီးတစ်ကောင် လျှောက် သွားနေတာတော့ လှမ်းမြင်ရတယ်"

ဟု အလုပ်သမားများက သတင်းပေးသည်။

"ဒီအတိုင်းဆိုရင်တော့ မိစ္ဆာကောင်ကြီး ရှိနေသေး တယ်၊ စခန်းဘက် သွားကြရအောင်"

ဟု ပြောပြီး သုတေသနစခန်းဘက်သို့ ထွက်ခဲ့ကြလေ သည်။

ထိုနေရာရောက်တော့ အစောင့်များပင် မရှိကြတော့ ပေ။ ဝင်ပေါက်တံခါးကတော့ စေ့ရုံသာ စေ့ထားသဖြင့် အတွင်း သို့ ဝင်ခဲ့ကြသည်။

သုတေသနစခန်းအတွင်းမှာလည်း တစ်ယော[illegible] မတွေ့ရတော့ပေ။ စခန်းတစ်ခုလုံး အပျက်အစီးများသာ [illegible] ကောင်းအောင် ရှိနေတော့သည်။



www.burmeseclassic.com

ထိုအထဲရောက်တော့ ဒေါက်တာမင်းထင်ကျော်က ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

"ဒီအခန်းထဲကို မိစ္ဆာကောင်ကြီး လာနေသေးတာတော့ အမှန်ပဲ၊ သူမလာလည်း မလာလာအောင် လုပ်ရမှာပဲ၊ ဒီတော့ ကျွန်တော်ပြောတဲ့ အစီအစဉ်အတိုင်း လုပ်ကြမယ်"

ဒေါက်တာမင်းထင်ကျော်က ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

ထို့နောက် သုတေသန စခန်းတစ်ခုလုံး ဝင်ပေါက်မှန်သမျှ အားလုံးပိတ်လိုက်ပြီး အနောက်ဘက်မှ ဝင်ပေါက်တစ်ခုသာ ဖွင့်ထားလေသည်။

ထိုအပေါက်သည် သစ်တောအတွင်းမှ ထွက်လာသော သတ္တဝါကြီး အဝင်အထွက် ပြုလုပ်နေသည့် အပေါက်ဖြစ်လေသည်။

သူတို့တစ်တွေ တက်ညီလက်ညီ လုပ်ကိုင်နေကြစဉ် နေ့လယ်ဘက်တွင် လူတစ်ယောက် ရောက်လာသည်။

"စိုင်းကျော်လှပါလား"

"ဆရာတို့ ပြန်ရောက်လာပြီး သတင်းကြားလို့ ပြန်လာတာ၊ ကျွန်တော့်ညီကို သတ်သွားတဲ့ မိစ္ဆာကောင်ကြီးကို သုတ်သင်ကြဖို့ ပြင်နေတာ မဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော်လည်း ပါပါရစေ၊ ကျွန်တော့်ညီကို သတ်သွားတဲ့ မိစ္ဆာကောင်ကို ကျွန်တော်လက်နဲ့ ပြန်သတ်ပါရစေ"





"ဒါပေမယ့် သိပ်တော့ ဆန္ဒမစောနဲ့၊ သတိတော့ထားပါ"

ဟု သတိပေးလိုက်သည်။

စိုင်းကျော်လှတစ်ယောက် ထပ်တိုးလာသောကြောင့် ရှစ်ယောက် ဖြစ်သွားလေသည်။

နေ့လယ်ဘက်တစ်ချိန်လုံး သုတေသန စခန်းထဲမှာ ပြင်စရာရှိသည်များ အဆင်သင့်ပြင်ဆင်ပြီး ညဦးပိုင်းအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာနှင့် စိုင်းကျော်လှတို့ သုံးယောက်က သေနတ်များကိုယူ၍ အပြင်ထွက်ရန် ပြင်ကြလေသည်။

နန်းမြတ်ဒေဝီကတော့ စိတ်မချသဖြင့် ဒေါက်တာမင်းထင်ကျော်ကို တဖွဖွ မှာနေလေသည်။

"စိတ်ချပါ ဒေဝီရယ်၊ ကိုယ်အတွက် မစိုးရိမ်ပါနဲ့ ဒေဝီတို့သာ ဒီမှာသတိနဲ့နေကြပါ"

ထိုသို့မှာကြားပြီး သုံးယောက်သား အပြင်သို့ ထွက်သွားကြသည်။ အပြင်ဘက်မှာ မိုးတဖွဲဖွဲ ရွာသွန်းနေသည်။

အမှောင်ရိပ်များ ဖုံးနေသည် ဆိုသော်လည်း [illegible]ရောင်အချို့တော့ ရှိနေသည်။

သုံးယောက်သား သေနတ်များကို အဆင်သင့်[illegible] မီးရောင်များကို အသုံးပြုပြီး တောထဲသို့လိုက်လံ ရှာဖွေ[illegible]သည်။

သတ္တဝါကြီးရှိလျှင် သိနိုင်စေရန် မီးရောင်[illegible] [illegible]

www.burmeseclassic.com



အနံ့ဖြန့်ထိုးပြီး လူသံများလည်းပေးရင်း လျှောက်သွားကြရာ တစ်နေရာ ရောက်သောအခါ သစ်ပင်နောက်ဘက်မှ ထွက်လာသော မိစ္ဆာကောင်ကြီးကို လှမ်းမြင်ရသည်။ စိုင်းကျော်လှက တော့ သတ္တဝါကြီးကို မြင်ရသည်နှင့် ဒေါသတကြီး ဖြစ်နေတော့ သည်။

"စိုင်းကျော်လှ သတိထား၊ ဒေါသမကြီးနဲ့"

ကျော်စွာက တိုးတိုး သတိပေးလိုက်သည်။

သတ္တဝါကြီးက သူတို့ကိုမြင်တော့ ရှေ့သို့ တိုးလာလေသည်။ သို့ကြောင့် သုံးယောက်သား သေနတ်ဖြင့် ပစ်ကြလေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

တိတ်ဆိတ်နေသော အချိန်မို့ သေနတ်သံများက ဆူညံသွား လေတော့သည်။

သေနတ်ထိမှန်သောကြောင့် သတ္တဝါကြီးက ယိုင်ရှုံလောက်သာ ဖြစ်သွားပြီး ပြန်ထလာသည်။

ထိုသေနတ်သံများကြားသည်နှင့် သုတေသန အဆောက်အအုံထဲမှာ ကျန်ခဲ့သော နီမောင်တို့က အဆင်သင့်ပြင်ထားကြလေသည်။

အဝင်ပေါက်နှင့် မနီးမဝေးမှာ ဦးဇန်ကောင်း စောထီး၊ ငမဲအောင်တို့က လေးနှင့်မြားကို အဆင်သင့်ကိုင်ကာ စောင့်နေကြသည်။ မြားတံများကို ထိသေအဆိပ် လူးထားသည်။

"မြားပစ်ရင် သတိထားကြ၊ မလောကြနဲ့၊ ကိုယ့်လူတွေ





ပြန်ပစ်မိမယ်၊ ဆရာတို့သုံးယောက် အထဲရောက်တော့မှ ပစ်ကြားလား"

"စိတ်ချပါ အဘ"

ထိုအချိန်မှာ နီမောင်က ကိုးသချိုင်းသံသေမားကို လွယ်ပြီး ဝင်ပေါက်အဝမှာရှိသော အမြင့်တစ်နေရာသို့ဆက်ပြီး နေရာယူလေသည်။

သူ ရောက်နေသော နေရာမှာ (၁၂)ပေခန့် မြင့်သောကြောင့် အကယ်၍ သတ္တဝါကြီး ဝင်လာပါက ဦးခေါင်းကို မီလောက်သော နေရာမှာရှိသည်။

ခဏကြာတော့ သေနတ်သံများက စခန်းနှင့် တဖြည်းဖြည်း နီးလာတော့သည်။

ထိုကဲ့သို့ သေနတ်သံများ နီးလာသောအခါ အတွင်းမှလူများက အပေါ်မှာရောက်နေသော နီမောင်ကို အချက်ပြလိုက်သဖြင့် နီမောင်က ကိုးသချိုင်း သံသေမားကို ဓားအိမ်မှထုတ်ကာ အဆင်သင့်ကိုင်ထားပြီး စောင့်နေသည်။

ခဏကြာတော့ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် အပေါက်ဝမှ ဝင်လာသည်။

၎င်းတို့နောက်မှ လိုက်လာသော သတ္တဝါကြီးကလည်း မရှေးမနှောင်းမှာပင် အပေါက်ဝသို့ ရောက်လာသည်။

သူဝင်လာသည်နှင့် ဦးဇန်ကောင်းတို့က အဆိပ်လူးမြားများဖြင့် ပစ်လိုက်သည်။

"ရှစ်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ်. . ဒုတ်. . ဒုတ်"

အဆိပ်လူးမြားထိသဖြင့် သတ္တဝါကြီးက ဝင်ပေါက်နားမှာပင် တုံ့ခနဲ ရပ်တန့်သွားသည်။

နီမောင်စောင့်နေသော နေရာပင် ဖြစ်သည်။

ထိုအခွင့်အရေးကို နီမောင်က လက်လွတ်မပေးတော့ပေ။ သူ့လက်ထဲမှာရှိသော ဓားဖြင့် သတ္တဝါကြီး လည်ပင်းကို နောက်မှ ပိုင်းချလိုက်သည်။

"ရှစ်. ."

ဟု အသံကြားလိုက်ရသည်။

အတန်ကြာသည်အထိ သတ္တဝါကြီးက နေရာမှာ ရပ်မြဲရပ်နေသေးသည်။

မပြတ်ဘူးထင်သဖြင့် နောက်တစ်ချက် ထပ်ခုတ်ရန် ဟန်ပြင်လိုက်တော့မှ လည်ပင်းက တိတိရိရိ ပြတ်နေပြီး ဦးခေါင်းက အောက်သို့ ပြုတ်ကျသွားတော့သည်။

နီမောင်က အပေါ်မှ ခုန်ချရင်းနှင့် ခန္ဓာကိုယ်ကို ပိုင်းချရာ တစ်ဝက်လောက်အထိ ကွဲဝင်သွားလေတော့သည်။

ပြီးတော့မှ ဝုန်းခနဲ လဲကျသွားတော့သည်။

လူပေါင်းများစွာကို သတ်ဖြတ်သုတ်သင်ခဲ့သော သတ္တဝါကြီးကတော့ ကိုးသချိုင်းသံသေသေအားချက်နှင့်ပင် အသက်ပျောက်ခဲ့ရပေတော့သည်။

"မင်းက ဓါတ်ဆေးရည်တွေ အစွမ်းကြောင့် သေနတ်နဲ့ ပစ်လို့တောင်မရတာ ကိုးသချိုင်းသံသေသေအားနဲ့တွေ့မှပဲ သေ





တော့တယ်"

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

နီမောင်က ဓားကို ဓားအိမ်အတွင်း ပြန်ထည့်ကာ ဒေါက်တာမင်းထင်ကျော်ကိုပေးသည်။

ဒေါက်တာမင်းထင်ကျော်ကယူပြီး ဦးဇန်ကောင်း လက်ထဲသို့ ပြန်ပေးလိုက်ရာ. . .

"ဒီဓားက ကျုပ်တို့အတွက် မလိုပါဘူး၊ ကျုပ်တို့ရွာသားတွေကို အကူအညီပေးခဲ့တဲ့ဆရာကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဆောင်အဖြစ် ပေးလိုက်ပါမယ်"

ဟု ပြောလေသည်။

ယခုတော့လည်း စိုးရိမ်သောကများ ရောက်နေကြရသော သူတို့အားလုံး မျက်နှာပေါ်မှာ အပြုံးရိပ်များ ပေါ်လာကြလေတော့သည်။

(၁၉၄၂)ခုနှစ်တွင် နမ္မတူဘော်တွင်းများကို ဂျပန်တပ်များက တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။

ရင်းတို့သည် နမ္မတူဘော်တွင်းမှထွက်သော ရတနာများကို ရနိုင်သလောက်ယူပြီး မြန်မာပြည်မှ ဆုတ်ခွာပေးရသောအခါ သုတေသန အဆောက်အအုံများကို မီးရှို့ဖျက်ဆီးသွားခဲ့ကာ နှစ်အနည်းငယ်ကြာသောအခါ ထိုနေရာမှာ လယ်မြေယာမြေများအဖြစ် ပြန်လည်လုပ်ကိုင်ခွင့် ရကြလေသည်။

ထို့ကြောင့် ကဝေမှော်တစ်ရွာလုံး ပျော်ရွှင်နေကြသည်။

ထို့ထက် ပျော်ရွှင်နေသူများကတော့ လက်ထပ်ပြီးသွား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော နီမောင်နှင့် မြဝင်းသူတို့ပင် ဖြစ်သည်။

ရင်းတို့ကဲ့သို့ပင် ပျော်ရွှင်နေကြသူများ ရှိကြပေသေးသည်။ ဒေါက်တာမင်းထင်ကျော်နှင့် နန်းမြတ်ဒေဝီတို့ပင် ဖြစ်ကြလေသည်။

ရင်းတို့နှစ်ယောက်လည်း လက်ထပ်ပြီးနောက် ဒေါက်တာ မင်းထင်ကျော်က နန်းမြတ်ဒေဝီကို ရန်ကုန်သို့ တစ်ပါတည်း ခေါ်ဆောင်သွားခဲ့လေသည်။

ယခုတော့လည်း အနှောင့်အယှက် အန္တရာယ်များ ကင်းသွားပြီး ဖြစ်သောကြောင့် သူတို့အတွက် ပျော်ရွှင်ဖွယ်ရာများနှင့်သာ ပြည့်စုံနေပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကိုးသချိုင်းသံသေ မား)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။ ၂၀၁၂ခုနှစ် ဇူလိုင်လ ၂၀ ရက်၊ သောကြာနေ့၊ နံနက် (၁၁)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com